မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၄၁)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်နေ့
၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၆ ရက်၊ စနေနေ့

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိထူးကဲလွန်မြတ်၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။


၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့

Beidahaung Smart Agriculture Exhibition Center နှင့် Heilongjiang Huida Technology Co., Ltd. တို့သို့ သွားရောက်ကြည့်ရှုလေ့လာ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Beidahaung Smart Agriculture Exhibition Center တွင် လှည့်လည်ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် စက်တင်ဘာ ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟေလုံကျန်းပြည်နယ်၊ ဟာပင်းမြို့တွင် အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် Beidahaung Smart Agriculture Exhibition Center သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် Beidahaung Smart Agriculture Exhibition Center သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် Beidahaung Smart Agriculture Exhibition Center အတွင်း

စာမျက်နှာ ၁၆ ကော်လံ ၁ ★

ဆောင်းပါး

ကြွားဝင့်သွေမကွာ တက်နေပမာ ညီညာဆောင်ထမ်းကြတော့သည် စာ - ၁၁ သို့

တော်သလင်းလအကြောင်း သိကောင်းစရာနှင့် တော်သလင်းလပြည့်ဂရုဓမ္မနေ့ စာ - ၇ သို့

အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၆ ရက်)

ပညာဖြင့် နိုင်ငံတော်ကိုအလှဆင်နိုင်ရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus)နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့်ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့တက်ရောက်ခဲ့ပြီး စက်တင်ဘာလ ၄ ရက် ဒေသစံတော်ချိန်နံနက် ၈ နာရီတွင် ပေကျင်းမြို့မှ ဟာပင်းမြို့သို့ဆက်လက်ထွက်ခွာကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟာပင်းမြို့တွင် အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဟာပင်းမြို့ရှိ တက္ကသိုလ်များ၌ ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသား၊ ကျောင်းသူများအား ဒေသစံတော်ချိန် စက်တင်ဘာလ ၄ ရက်ညနေ ၅ နာရီခွဲတွင် ဟာပင်းမြို့ရှိ ရှန်ဂရီလာဟိုတယ်၌တွေ့ဆုံအမှာစကားပြောကြားရာတွင် **"သင်တန်းများလာရောက်သင်ကြားချိန်တွင် သင်ကြားရသည့်ပညာရပ်များအလိုက် အကောင်းဆုံးသင်ယူသွားရန်လိုပြီး ပညာပြီးဆုံး၍ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် မိမိတို့၏ဌာနများအလိုက် မိမိတို့သင်ကြားခဲ့ရသည့်ပညာရပ်များနှင့် ပတ်သက်၍ ပြန်လည်မျှဝေပေးရန်လိုကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံအတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ အလားတူ တရုတ်နိုင်ငံတွင် ပညာသင်ကြားခဲ့ရမှုအတွေ့အကြုံများ၊ ကြုံတွေ့ခဲ့ရသည့် လူနေမှုအဆင့်အတန်းဖွံ့ဖြိုးတိုးတက်မှုများ၊ ပတ်ဝန်းကျင်ဆိုင်ရာနေထိုင်မှုများကိုလည်း ပြန်လည်မျှဝေပေးရန်လိုကြောင်း၊ တရုတ်နိုင်ငံတွင်ပညာသင်ကြားနေချိန်အတွင်း တရုတ်ဘာသာစကားကိုလည်း ထိုက်သင့်သလောက်တတ်ကျွမ်းအောင် လေ့လာသင်ကြားသွားရန်လိုကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ယခုကဲ့သို့ သင်တန်းများတက်ရောက်၍ပညာသင်ကြားခြင်းမှာ မိမိအတွက်၊ နိုင်ငံအတွက်များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ ပညာရပ်တစ်ခုကို ပိုင်နိုင်စွာတတ်ကျွမ်းရေးသည် မိမိတို့၏ကြိုးစားအားထုတ်မှုအပေါ်တွင် အဓိကမူတည်ပေသည်။ မိမိတို့ဘဝတိုးတက်ရေးနှင့်မိမိနိုင်ငံတိုးတက်ရေးဟူသောစိတ်ဓာတ်ကို အမြဲနလုံးသွင်းကာ ပညာသင်ယူခွင့်ရရှိသည့်အချိန်တွင် အပတ်တကုတ်ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ ပြည်ပတွင်ပညာသင်ကြားမှုရရှိသော အခွင့်အလမ်းမှာ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများအားလုံးရရှိနိုင်သည်မဟုတ်ပေ။ သူများထက်ပိုမို၍ ကြိုးစားမှုရှိ၍သာ ဘက်ပေါင်းစုံတွင်စိစစ်ရွေးချယ်ခံပြီးမှ ပညာသင်ယူခွင့်ရလာခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည်ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်ရှိနေပေရာ ဖွံ့ဖြိုးပြီးနိုင်ငံအဆင့်သို့ရောက်အောင် နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံးကကြိုးပမ်းကြရမည်ဖြစ်သည်။ တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်မှုသာကုန်ထုတ်လုပ်မှုလုပ်ငန်းများပိုမိုထွန်းကားလာမည်ဖြစ်သည်။ နိုင်ငံတော်တွင်ပညာရှင်များထွန်းကားလာရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်လျက်ရှိသည်။ အထူးသဖြင့် လူငယ်များအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အဓိကစွမ်းအားစုအဖြစ်ပါဝင်ကြရမည်ဖြစ်သည်။ လူငယ်များအားလုံး ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့်ဘောဂဗလဟူသည့် ဗလငါးတန်ပြည့်စုံနေစေရန် လူငယ်ကဏ္ဍကိုအထူးပင်မြှင့်တင်ပေးလျက်ရှိသည်။

ပြည်ပတွင်ပညာသင်ကြားခွင့်ရရှိသူများမှာ ဗလငါးတန်နှင့်ပြည့်စုံသူများဖြစ်သည်ဟုဆိုနိုင်သည်။ နိုင်ငံတော်က စဉ်ဆက်မပြတ်ပညာရေးကိုအားပေးလျက်ရှိသည့်အတွက် ပြည်ပပညာတော်သင်များအနေဖြင့်လည်း အထူးပင်ဝါယမစိုက်ထုတ်ကာ မိမိတို့သင်ယူနေသည့်ဘာသာရပ်အလိုက် ပညာရေးကိုအောင်မြင်ပြီးမြောက်အောင် လေ့လာကြိုးစားသင်ယူရမည်ဖြစ်သည်။ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ ပြည်သူများလူမှုစီးပွားဘဝမြင့်မားနေစေရေးအတွက် ရေအားလျှပ်စစ်သုံးဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း၊ လေအားလျှပ်စစ်သုံးဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း၊ နျူကလီးယားစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများအား ပြည်ပကုမ္ပဏီများနှင့်ပူးပေါင်းဆောင်ရွက်ရာတွင် ပညာရှင်များ များစွာလိုအပ်မည်ဖြစ်သည်။ ထို့ပြင် အခြားသောလုပ်ငန်းများတွင်လည်း ပညာရှင်များမဖြစ်မနေလိုအပ်မည်ဖြစ်သည်။ အဆိုပါလိုအပ်ချက်များကို ပညာတော်သင်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့တတ်ကျွမ်းသည့်ဘာသာရပ်အလိုက် ဖြည့်ဆည်းနိုင်ရမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့် ပြည်ပခရီးစဉ်များတွင် မြန်မာနိုင်ငံမှလာရောက်ပညာသင်ကြားနေကြသည့်ကျောင်းသား၊ ကျောင်းသူများနှင့် တစ်ဦးချင်းမိတ်ဆက်ခြင်း၊ တွေ့ဆုံကာအမှာစကားပြောကြားခြင်း၊ သင်တန်းသားများ၏လိုအပ်ချက်များအား မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ခြင်း၊ ကျန်းမာရေးကိုဂရုစိုက်ကြရန်နှင့် ပညာသင်ကြားမှုများကိုပြီးဆုံးအောင်မြင်သည်အထိ သင်ယူကြရန်မှာကြားခြင်းတို့ကိုဆောင်ရွက်လျက်ရှိသည်။ ယနေ့ကမ္ဘာတွင်ဖွံ့ဖြိုးတိုးတက်မှုအားလုံး၏ အရင်းအမြစ်သည် ပညာဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍကိုအလေးထားမြှင့်တင်လျက်ရှိသည်။ ထို့ကြောင့် ပြည်တွင်းတွင်ပညာသင်ကြားနေသူများ၊ ပြည်ပတွင်ပညာသင်ကြားနေသူများအားလုံးသည် မိမိနိုင်ငံကမ္ဘာ့အလယ်တွင် ထည်ဝါစွာရပ်တည်နိုင်ရေးအတွက် ပညာရေးကိုပြီးမြောက်အောင်မြင်သည့်အထိသင်ယူကာ **ပညာဖြင့် မိမိနိုင်ငံတော်ကိုအလှဆင်နိုင်ရေး**ကို ကြိုးစားဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

မြန်မာ့ရိုးရာယဉ်ကျေးမှု ခရိုင်/မြို့နယ်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

မြဝတီ စက်တင်ဘာ ၅

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် City Home ခန်းမ၌ စက်တင်ဘာလ ၄ ရက် နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ခရိုင်/မြို့နယ်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကျင်းပသည်။

အဆိုပါ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကောင်းစံလင်းနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးမိုးကျော်က ပြိုင်ပွဲအမှတ်ပေးစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားကာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆက်လက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲကို မြဝတီမြို့၌ အခြေခံအဆင့် ပြိုင်ပွဲများကို ယှဉ်ပြိုင်ကျင်းပခဲ့ပြီး စက်တင်ဘာလ ၁၂ ရက်မှ ၁၃ ရက်အထိ ဘားအံမြို့၌ ပြည်နယ်အဆင့် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၆)

ကလေးခရိုင်၌ လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲသီးနှံ ၇၁၈၉ ဧကစိုက်ပျိုးမည်

ကလေး စက်တင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်၌ ၂၀၂၅-၂၀၂၆ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲသီးနှံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၅၉၅၂ ဧက၊ ကလေးဝမြို့နယ်တွင် ၈၀ နှင့် မင်းကင်းမြို့နယ်တွင် ၁၁၅၇ ဧက စုစုပေါင်း ၇၁၈၉ ဧကတို့ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရသိရသည်။

"ကလေးခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးချိန် ကုလားပဲသီးနှံ ၈က ၇၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားချက် ၈ကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားမယ်"ဟု ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးကပြောသည်။

ကလေးခရိုင်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့်ရေဆင်း ၈ နှင့်ရေဆင်း ၁၁ မျိုးတို့ကို ရွေးချယ်စိုက်ပျိုးကြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက်လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို တောင်သူများနှင့်ပူးပေါင်း၍ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပဲမျိုးစုံစိုက်ပျိုးရာသီတွင် ထရိုင်ဂိုဒါးမားအကျိုးပြုမှုများ ထည့်သွင်းသုံးစွဲစေရေး စည်းရုံးပညာပေးခြင်းလုပ်ငန်းများကို အကျိုးဆောင်တောင်သူများအား ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသိရသည်။

(၄၀၉)

သဇင်(FM)အသံလွှင့်အစီအစဉ်

၆-၉-၂၀၂၅(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၄:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဇာတ်လမ်းအသွင်တေးသံစဉ်

MWD Education, Knowledge & Sports Channel

၆-၉-၂၀၂၅(စနေနေ့)

၁။	၀၈:၀၀	-	၁၀:၀၀	Grade-10	မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချာ
၂။	၁၂:၀၀	-	၁၃:၅၅	Grade-10	သချာ၊ ဓာတုဗေဒ၊ ရူပဗေဒ
၃။	၁၆:၀၀	-	၁၈:၀၀	Grade-10	ဇီဝဗေဒ၊ ပထဝီဝင်
၄။	၁၈:၀၀	-	၁၉:၁၅	Grade-10	ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ

Myawady Daily ခုနှစ်၅


စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာ၀န်ခံ ၀၉-၆၈၈၈၃၇၅၅၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာ၀န်ခံ ၀၉-၂၅၀၅၅၆၆၃၃၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm





မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း၊ အားကစားရုံများကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၅

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phangနေဘောင်သည်အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ရွှေမန်းတောင်အားကစားကွင်း၊ အောင်မြေမန္တလာအားကစားကွင်းနှင့် ချမ်းအေးသာစံမြို့နယ် ဗထူးအားကစားကွင်းများ၌အားကစားကွင်းအလိုက်စိမ်းလန်းစိုပြည်ရေး၊ လျှပ်စစ်မီးနှင့်သောက်သုံးရေရရှိရေး စနစ်တကျဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများကို အားကစားနည်းစုံစုံလင်လင်ဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်သဖြင့် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်လေ့ကျင့်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သည့် ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အားကစားကွင်းအုတ်ရိုးပြန်လည်ဆောက်လုပ်ပြီးစီးမှုနှင့်ဘောလုံးကွင်း ၏ –2.8 Level၊ မြေညီထပ်၊ ပထမထပ်နှင့်အထူးတန်းပွဲကြည့်စင်များ၏ Column အကယ်ဒမီကျောင်း အဆောက်အအုံများနှင့် အသစ်တည်ဆောက်လျက်ရှိသည့် အမျိုးသမီးဘောလုံးအကယ်ဒမီကျောင်း တည် ဆော က် နေ မှ ု ကို လ ည်း ကော င်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် စီးပွားရေးရာဝန်ကြီး၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဝန်ကြီးဌာနပိုင်ငှားရမ်းဟိုတယ်များနှင့်၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ဟိုတယ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဟိုတယ်များမှ တာဝန်ရှိသူများ၏တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်း၌ အထင်ကရခရီးစဉ်ဒေသများ၊ ခရီးသွားဆွဲဆောင်ရာနေရာများ စွာရှိသည့်အတွက် ပွင့်လင်းရာသီကာလ ခရီးသွားရာသီအမီ ဟိုတယ်လုပ်ငန်းများ ယခုထက်ပိုမိုလည်ပတ်နိုင်ရန် တာဝန်ရှိသူများက ကြိုးစားကြရေး၊ ဟိုတယ်များမြို့တော် အင်္ဂါရပ်နှင့်ညီညွတ်မှုရှိသော မြေယာရှုခင်းသာယာလှပရေးအတွက် ကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရေးတာဝန်ရှိသူများကိုမှာကြားသည်။

ဆက်လက်၍ မန္တလေးမြို့ရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မန္တလေးမြို့ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်အကောင်အထည်ဖော်နိုင်ရေး၊ မန္တလေးမြို့ရှိ ခရီးစဉ်ဒေသများ၊ ခရီးသွားဆွဲဆောင်ရာနေရာများသို့ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ သွားရောက်လည်ပတ်နိုင်ရေးတို့ကို တိုက်တွန်းမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက အသင်းအဖွဲ့များအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ကြုံတွေ့နေရသည့် အခက်အခဲများကိုတင်ပြကြရာပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားဥာန်ကြားမှဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံးမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လိုအပ်သည်များကို မှာကြားပြီးဝန်ထမ်းများ၏တင်ပြချက်များအပေါ် လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

မြဝတီ

မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၅

ယနေ့နံနက် ၆ နာရီခွဲ အချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ခန့် ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/၈လ)

သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူဆွေးနွေးပွဲ၊ ယူရီးယားဓာတ်မြေဩဇာပေးအပ်ခြင်းနှင့် သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၅

သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူဆွေးနွေးပွဲ၊ ယူရီးယားဓာတ်မြေဩဇာပေးအပ်ခြင်းနှင့် သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင်တဲကြီးကုန်းကျေးရွာတောင်သူဦးမျိုးနိုင်ဦး၏ ကွင်းအမှတ် ၁၆၅၉ ကွင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားပြီး ဓာတ်မြေဩဇာသွင်းအားစုများကိုတောင်သူများထံပေးအပ်ကာ တောင်သူများ၏တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တောင်သူများမြေပဲရိုးဖြင့် သဘာဝမြေဩဇာပြုလုပ်နည်း သရုပ်ပြဆောင်ရွက်နေမှုနှင့်သဘာဝဓာတ်မြေဩဇာနှင့် ပုလဲဓာတ်မြေဩဇာရောနှော ကြဲပက်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် သစ်တက်ကျေးရွာ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးဘေး လမ်းဘေးရေမြောင်းများရေစီးဆင်းမှုနှင့်ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုကို လည်းကောင်း၊ ဥတ္တရသီရိမြို့နယ် ရာဇသင်္ဘာလမ်းမကြီးပေါ်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သောလမ်းပိုင်းများ ပြုပြင်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင်များနှင့်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များနှင့်တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ် နေပြည်တော် အားကစားရုံ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံအမျိုးသမီးကိုယ်ကာယကြံခိုင်မှု လေ့ကျင့်ခန်း (အေရိုးဗစ်) ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားတက်ရောက်ကြသည်။

ဦးစွာ အသင်းအလိုက် ကိုးဦးပြိုင်ပွဲ၊ အသင်းအလိုက်သုံးဦးပြိုင်ပွဲနှင့်တစ်ဦးချင်းဗိုလ်လုပွဲများကို ကြည့်ရှုအားပေးပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများကို တံခွန်စိုက်ဆုဖလားနှင့် ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)

တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

"ဤသို့ဆိုခြင်းအားဖြင့် ကျွန်ုပ်သည် မိမိတတ်ကြောင်းကို ပြလိုသောသူတစ်ယောက်မဟုတ်တော့ဟု ဆိုလိုခြင်းမဟုတ်ပါ။ သူတစ်ပါးအတွက်လေးဘာလေးနှင့် ကိုယ့်ကိုယ်ကိုယ်မလှည့်စားဘဲ "ဒီနေရာတော့ ငါတတ်ကြောင်းပြလိုက်ဦးမှပဲ" ဟူသော ဆုံးဖြတ်ချက်ဖြင့် တမင်တကာရေးသည့် လူတစ်ယောက်ဖြစ်သည်ဟု ဆိုလိုပါသည် . . ."

ယမန်နေ့မှအဆက်

ကျွန်ုပ်၏ တစ်ယောက်တည်းသောသားစိုးနိုင်သည်လည်း (သမီးတစ်ယောက်တော့ ကျန်ပါသေးသည်) ကျွန်ုပ် ထောင်ထဲ၌ရှိစဉ်ကပင် ကွယ်လွန်လေရာ အတန်ရင်းနှီးသော မိတ်ဆွေသုံးယောက်နှင့် သားတစ်ယောက် တစ်ပြိုင်တည်းကဲ့သို့ ဆုံးရှုံးရခြင်းကြောင့် ကျွန်ုပ်အဖို့ အလွန်ကံမကောင်းသော နှစ်တစ်နှစ်အနေဖြင့် အမှတ်အသားပြုမိ၍ ကျွန်ုပ်၏ အကုသိုလ်ကံသည် ဤမျှနှင့်ပင် လက်စသတ်ပါမည်လောဟု ထိုစဉ်က စိုးရိမ်ခဲ့မိပါသေးသည်။ သို့သော် သားသေခြင်းသည် ကျွန်ုပ်အဖို့ ယနေ့အထိ နောက်ပိတ်ဆုံးအကုသိုလ်ကံ အကျိုးဆက်ဖြစ်ခြင်းကို တွေ့ရ၍ တော်ပါသေးသည်။

အထင်လွဲကြခြင်းများ

ထောင်မှလွတ်လာသော အချိန်တွင် ကျွန်ုပ်မှာ အသက် ၃၅ နှစ်အရွယ်ကတည်းက သင်္ကန်းဝတ်ပြီး တရားအားထုတ်ခဲ့ဖူးခြင်းကိုလည်းကောင်း၊ တခြားသောနည်းပြဆရာများ၏ ကျင့်စဉ်ကျင့်နည်းအတိုင်း စမ်းသပ်အားထုတ်ဖူးခြင်းကိုလည်းကောင်း၊ မာလုကျဝုတ္ထနှင့် ဘာတိယထေရ်တို့အား ဗုဒ္ဓဟောပြတော်မူခဲ့သည့် ဒိဋ္ဌဒိဋ္ဌမတ္တံကျင့်စဉ်အရ အားထုတ်ဖူးခြင်းကိုလည်းကောင်း (ကျွန်ုပ်၏ စာပေတပည့်တပန်းများမှတစ်ပါး) တရားဂိုဏ်းဆရာများအနက်မှ လူသိနည်းလှသေးသည်။ သို့ဖြစ်၍ မန္တလေးမြို့မှ အင်္ဂလိပ်ဘာသာဖြင့် ရိုက်နှိပ်ထုတ်ဝေသည့် (Light of Buddha) 'ဗုဒ္ဓရောင်ခြည်' အမည်ရှိ မဂ္ဂဇင်းတစ်စောင်တွင် 'ကျွန်ုပ်နာလည်သည့် သောတာပန်' ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ်ရေးထည့်လိုက်ရာ (ကျွန်ုပ်မှာလည်း ယင်းစာစောင်တွင် အယ်ဒီတာအဖွဲ့ဝင် တစ်ဦးဖြစ်သည်။) တခြားသော အယ်ဒီတာအဖွဲ့ဝင်များသည် ကျွန်ုပ်၏ဆောင်းပါးကို လက်သံပြောင်လွန်းသည် ထင်သောကြောင့်ပေလော၊ သောတာပန်ပုဂ္ဂိုလ်အကြောင်းကို သူပြောလူပြောမျှလောက်သာ ကြားဖူး၍ ကိုယ်တိုင်သောတာပန်ဖြစ်အောင် အားထုတ်ဖို့လည်း စိတ်မကူး၊ သောတာပန်အကြောင်းကို နိကယ်ကျမ်းကြီးများ၌ ဗုဒ္ဓဟောတော်မူခဲ့ခြင်းများကိုလည်း မဖတ်ဖူး၊ အကယ်၍ ဖတ်ဖူးပါသည်ဆိုလျှင်လည်း သဘာဝကျကျ ရှုင်းရှင်းပြတ်ပြတ် စဉ်းစားတတ်သည့် (Clear Thinking) ပညာဉာဏ်ပါရမီခံ မရှိသောကြောင့်ပေလော၊ အတိုက်အခံသတင်းစာသမားတစ်ယောက်ဖြစ်သည်ဆိုကတည်းက ကွန်မြူနစ်တစ်ယောက်ဖြစ်ရမည်ဟု ယူဆသောကြောင့်ပေလော၊ အစိုးရက ဖမ်းဆီးအရေးယူသော စာရေးဆရာတစ်ယောက်ကို မိမိတို့၏စာစောင်တွင် အယ်ဒီတာအဖွဲ့ဝင် တစ်ယောက်အဖြစ်နှင့် လက်ခံထည့်သွင်းထားခြင်းအားဖြင့် ဖဆပလအစိုးရ၏ ငြိုငြင်ခြင်းခံရလိမ့်မည်ဟု စိုးရိမ်ကြသောကြောင့်ပေလော မပြောတတ်။ ထောင်မှလွတ်လာ၍ မကြာမီအတွင်းပင် ကျွန်ုပ်အား အကြောင်းတစ်စုံတစ်ရာ မကြားဘဲ ဗုဒ္ဓရောင်ခြည်အယ်ဒီတာအဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ပစ်လိုက်ကြသည်။ (ထုတ်ပစ်မည်သာ ထုတ်ပစ်ကြသည်။ ထိုစာစောင်ကို ကမကထပြု၍ ထုတ်ဝေသည့် ပုဂ္ဂိုလ်တစ်ဦးအား ဂဠုန်ဦးစောအမှု၌ ဖဆပလအစိုးရက ဖမ်းဆီးချုပ်နှောင်ထားရာတွင် ကျွန်ုပ်သည်ပင်လျှင် လူထုသတင်းစာမှ ကန့်ကွက်ရေးသားခဲ့ဖူးပါသည်။ ဤသည်မှာ ဟုတ်မှန်သည်ထင်သောဘက်မှ သတင်းစာဆရာတစ်ယောက်အနေဖြင့် ရေးသားဖူးခြင်းအတွက် ဂုဏ်ဖော်လိုသောကြောင့်မဟုတ်။ အမှန်ဘက်မှ ယုံကြည်ချက်အတိုင်း ရေးလေ့ရှိသော ကျွန်ုပ်အား အထင်လွဲကြခြင်း အတွက် မခံချင်လှသောကြောင့်မျှသာ ဖြစ်ပါသည်။)

အတင်းဆရာလုပ်ချင်သူ

မြန်မာပြည်မှ ဘာသာရေးနှင့်ပတ်သက်၍ အင်္ဂလိပ်လိုထုတ်ဝေကြသည့် ရောင်ခြည်အမည်ခံ စာစောင်များသည် ကျွန်ုပ်၏အရည်အချင်းကို အကဲခတ်ကြရာတွင် အတော်အောက်တန်းချထားပုံရ၏။ ဗုဒ္ဓရောင်ခြည်စာစောင်က ကျွန်ုပ်ကို အသိမပေးကြဘဲ အယ်ဒီတာအဖွဲ့မှ ထုတ်ပစ်လိုက်ကြပြီးသည့်နောက် ရန်ကုန်မှထုတ်ဝေသည့် ခမ္မရောင်ခြည်စာစောင် အယ်ဒီတာကလည်း ဤနောက်ပိုင်းတွင် ကျွန်ုပ်ထံမှ ဆောင်းပါးတောင်းသည့် စာတစ်စောင် လက်ခံရရှိ၏။ ယင်းစာတွင် ဗုဒ္ဓဘာသာအကြောင်း ဆောင်းပါးတစ်ပုဒ် ကျွန်ုပ်က ရေးပို့ပါလျှင် ခမ္မရောင်ခြည်အယ်ဒီတာအဖွဲ့သို့ တင်ပြပြီး (သင့်လျော်သည်ထင်ပါက) ခမ္မရောင်ခြည်စာစောင်တွင် ထည့်သွင်းဖော်ပြပါမည်ဟူ၍ ပါရှိလေသည်။ ကျွန်ုပ်သည် ခမ္မရောင်ခြည်စာစောင်အတွက် ဆောင်းပါးရေးပေးပါရစေဟူ၍ တိုးလျှိုးတောင်းပန်ခဲ့ဖူးခြင်းမရှိပါ။ ဘာသာရေးဆိုင်ရာ ကျွန်ုပ်၏ဆောင်းပါးများသည် မဂ္ဂဇင်းများတွင် အပတ်စဉ်ပါလာပြီးသည့်နောက် (စာဖတ်ပရိသတ်၏တောင်းပန်ချက်အရ) စာအုပ်အဖြစ်နှင့်ထွက်လာရာ ဒိဋ္ဌဒိဋ္ဌမတ္တံကျင့်စဉ်ခေါ် ပထမတွဲမှာ တစ်နှစ်အတွင်း သုံးကြိမ်မျှ ရိုက်နှိပ်ခဲ့ရပါသည်။ ကျွန်ုပ်သည် ဘာသာရေးစာစောင်များ ရိုက်နှိပ်ထုတ်ဝေကြသော ပုဂ္ဂိုလ်များ၏စေတနာကို ကြည်ညိုပါသည်။ သို့ရာတွင် ကျွန်ုပ်က သူတို့ထံ တပည့်ခံသည်မဟုတ်ဘဲ ကျွန်ုပ်အပေါ်၌ ဆရာလုပ်ချင်လွန်းရာကျသည့် ကော်ပီတောင်းနည်းမျိုးကို ကျွန်ုပ်နာမလည်နိုင်အောင်ရှိပါသည်။ အယ်ဒီတာတို့မည်သည် ဆောင်းပါးရှင်များ၏စာမူကို ဖတ်ရှုစစ်ဆေးရသော တာဝန်ရှိခြင်းမှာ ကလောင်သမားတိုင်း နားလည်ကြပြီးဖြစ်ပါသည်။ ယခုမှာမူ ကျွန်ုပ်၏ဆောင်းပါးကို မရေးရသေးမီက သူတို့၏တပည့်အဖြစ်နှင့် လက်အောက်ခံပြီး ရေးရမည်ဆိုသည့်အဓိပ္ပာယ်မျိုး သက်ရောက်သောစည်းကမ်းသတ်မှတ်ချက်ကို ကျွန်ုပ်ထံသို့ ကြိုတင်ပေးပို့ခြင်းမှာ အံ့သြမဆုံးရှိပါဘိသည်။ ကျွန်ုပ်၏ လောကုတ္တရာရေးဆောင်းပါးများကို ပရိသတ်က စိတ်ဝင်စားစွာနှင့် ဖတ်ရှုလျက်ရှိနေသမျှကာလပတ်လုံး ကျွန်ုပ်သည် မည်သည့်ရောင်ခြည်အတွက်မျှ တပည့်ခံပြီး ဘာဆောင်းပါးမှ ရေးလိမ့်မည်မဟုတ်ပေ။

ကိုယ့်ကိုယ်ကိုယ် လှည့်စားခြင်း

တရားဟောသည့် ခမ္မကထိကဖြစ်စေ၊ ကျမ်းပြုဆရာဖြစ်စေ မိမိတို့တတ်ကြောင်းကို တိုင်းပြည်သိစေလိုသော ရည်ရွယ်ချက်ဖြင့် ဟောပြောကြခြင်း၊ ရေးသားကြခြင်းကများ၏။ သူတစ်ပါးသိစေလိုသောစေတနာဖြင့် ဟောပြောပါသည်၊ ရေးသားပါသည်ဟု ဆိုတတ်ကြသော်လည်း အကြင်ပုဂ္ဂိုလ်၏စိတ်ထားကို အသေအချာစစ်ဆေးလိုက်သည့်အခါ သူတစ်ပါးအပေါ်၌ထားရှိသော စေတနာထက် မိမိတို့တတ်ကြောင်းကို ပြလိုသောရည်ရွယ်ချက်က (ဘုရား၊ ရဟန္တာများကို ချန်လှပ်၍) ရာခိုင်နှုန်းအားဖြင့် ကဲလွန်ပိုမောက်ခြင်းကို တွေ့ရမည်ချည်းဖြစ်၏။ သူတစ်ပါးအတွက် သက်သက်အပင်ပန်းခံပြီး ဟောပြောပါသည်၊ ရေးသားပါသည်ဟုပြောကြသော ပုဂ္ဂိုလ်များသည် မိမိတို့ကိုယ်ကို မိမိတို့ လှည့်စားထားကြခြင်းမျှသာဖြစ်၏။ လှည့်စားခြင်းအမျိုးမျိုးနှင့် ပတ်သက်၍ ဗုဒ္ဓဟောတော်မူသည့် ဒေသနာတစ်ခုကို တွေ့ရသည့်အချိန်မှစ၍ ကျွန်ုပ်သည် မိမိကိုယ်ကို လှည့်စားသူများအနက်တွင် အပါအဝင်မဟုတ်တော့ချေ။ ဤသို့ဆိုခြင်းအားဖြင့် ကျွန်ုပ်သည် မိမိတတ်ကြောင်းကို ပြလိုသောသူတစ်ယောက်မဟုတ်တော့ဟု ဆိုလိုခြင်းမဟုတ်ပါ။ သူတစ်ပါးအတွက်လေး ဘာလေးနှင့် ကိုယ့်ကိုယ်ကိုယ်မလှည့်စားဘဲ "ဒီနေရာတော့ ငါတတ်ကြောင်း ပြလိုက်ဦးမှပဲ" ဟူသော ဆုံးဖြတ်ချက်ဖြင့် တမင်တကာရေးသည့် လူတစ်ယောက်ဖြစ်သည်ဟု ဆိုလိုပါသည်။ ယင်းသို့ဆိုလျှင် "မာနဖြစ်မနေပါလော" ဟု မေးကြပါက မာနဟူသည်မှာ အရဟတ္တမဂ်ဖြင့်သာ ပယ်နိုင်သည်ဟု ဗုဒ္ဓဟောတော်မူရာ မိမိ၌ရှိသော မာနကို ကိုယ့်ဘာသာကိုယ်ဝန်မခံဘဲ ပရိယာယ်နှင့် ကိုယ့်ကိုယ်ကိုယ်လှည့်စားထားခြင်းအားဖြင့် မာနလည်းမပြုတ်၊ လျော့ပင်လျော့လိမ့်မည် မဟုတ်ချေ။ သို့ရာတွင် ဤသို့ဆိုခြင်းအားဖြင့် မာနကြီးတစ်ခွဲသားနှင့် ဟောပြောသင့်သည်၊ ရေးသားသင့်သည်ဟူ၍ဆိုလိုခြင်းကား မဟုတ်ပါ။ သိမ်မွေ့စွာဟောပြောတတ်ခြင်း၊ ရေးသားတတ်ခြင်းသည် ကောင်းသောအင်္ဂါတစ်ရပ်ဖြစ်ခြင်းကို ကျွန်ုပ်နားလည်ပါသည်။ သို့ရာတွင် ကိုယ့်ကိုယ်ကိုယ် မလှည့်စားဘဲ ရိုးသားစွာဝန်ခံခြင်းသည်လည်း အလားတူ ကောင်းသောအင်္ဂါတစ်ရပ်ပင်ဖြစ်သည်ဟု ကျွန်ုပ် ယုံကြည်ပါသည်။ **ဆက်လက်ဖော်ပြပါမည်။**

ကျိုက်ထိုမြို့နယ်၌ စာဖတ်ရှုနိုင်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပ

ကျိုက်ထို စက်တင်ဘာ ၅

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှုနိုင်မြှင့်မားပြီး အသိပညာဗဟုသုတတိုးပွားစေရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလ ၄ ရက်က ကျိုက်ထိုမြို့ ကျိုက်ပိကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း (ကျိုက်ပိ) ၌ စာဖတ်ရှုနိုင်မြှင့်တင်ရေးလူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူသင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က စာဖတ်ရှုနိုင်မြှင့်တင်ရေးအနေဖြင့် လူငယ်နှင့်ကိုယ်ကျင့်တရား၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်တွင် အချိန်ကိုအကျိုးရှိစွာအသုံးပြုရေး၊ ကျောင်းစာကို ကြိုးစားကြပြီး ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က စာဖတ်ရှုနိုင်မြှင့်တင်ရေးအနေဖြင့် လူငယ်နှင့်ကိုယ်ကျင့်တရား၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်တွင် အချိန်ကိုအကျိုးရှိစွာအသုံးပြုရေး၊ ကျောင်းစာကို ကြိုးစားကြပြီး ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောသည်။



မှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြောနှင့် ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။ **ချမ်းမြေ့**

❖ ကျော်ဖုံးမှအဆက်

မြန်မာနိုင်ငံသံအမတ်ကြီးတို့တက်ရောက်ကြပြီး စီချုပ်ပြည်နယ်ပါတီအတွင်းရေးမှူးနှင့်အတူ စီချုပ်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်တိုးတက်လျက်ရှိမှုနှင့် စီချုပ်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မန္တလေးငလျင်ကြောင့်ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ချိန်တွင် စီချုပ်ပြည်နယ်မှ အကူအညီပေးရေးအဖွဲ့များ စေလွှတ်ခဲ့မှုအခြေအနေများ၊ စီချုပ်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား စီချုပ်ပြည်နယ်ပါတီအတွင်းရေးမှူးက ဂုဏ်ပြုညစာဖြင့် တည်ခင်းကျွေးခဲ့ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စီချုပ်ပြည်နယ်ပါတီအတွင်းရေးမှူး Mr. Wang Xiaohui အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၅

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကိုစက်တင်ဘာလ ၄ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိမြို့တော်ခန်းမ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များတက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြု၍ မဲပေးခြင်းရည်ရွယ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)တွင် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း၊ တာဝန်ရှိသူများက မဲရလဒ်များအား ထုတ်ယူကြည့်ရှုစဆေးခြင်းများကို သရုပ်ပြသကြရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)တွင် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကစားသမားများ ယှဉ်ပြိုင်ကစားနေမှုကိုတွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၅

၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပထမနေ့ ပွဲစဉ်ဖြစ်သည့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၅ သင်းဖြင့် စက်တင်ဘာလ ၂၆ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)


ချောင်းဆုံမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပ

ချောင်းဆုံ စက်တင်ဘာ ၅

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတုမျှတစေရေးနှင့် သစ်တောသစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ ပိုမိုတက်ကြွစွာပါဝင်လာစေရေးအတွက် မွန်ပြည်နယ် သစ်တောဦးစီးဌာနမှ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို စက်တင်ဘာလ ၄ ရက်က ချောင်းဆုံမြို့နယ် မုရစ်ကြီး-ဇီးကုန်းကျေးရွာ လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပထမနေ့ ပွဲစဉ်ဖြစ်သည့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၅ သင်းဖြင့် စက်တင်ဘာလ ၂၆ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



ချောင်းဆုံမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပ

ချောင်းဆုံ စက်တင်ဘာ ၅

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတုမျှတစေရေးနှင့် သစ်တောသစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ ပိုမိုတက်ကြွစွာပါဝင်လာစေရေးအတွက် မွန်ပြည်နယ် သစ်တောဦးစီးဌာနမှ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို စက်တင်ဘာလ ၄ ရက်က ချောင်းဆုံမြို့နယ် မုရစ်ကြီး-ဇီးကုန်းကျေးရွာ လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပထမနေ့ ပွဲစဉ်ဖြစ်သည့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၅ သင်းဖြင့် စက်တင်ဘာလ ၂၆ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

တောင်အာရှနှင့် အရှေ့တောင်အာရှ မီဒီယာနှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားနှင့် ၂၀၂၅ တရုတ်-မြန်မာ Twin City မီဒီယာဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့တက်ရောက်

ကူမင်း စက်တင်ဘာ ၅

တောင်အာရှနှင့် အရှေ့တောင်အာရှ မီဒီယာနှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ ရှန်ဂရီလာ JEN ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စဇိန်းယန်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့၊ တရုတ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို၊ သီရိလင်္ကာနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



ဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက မစ္စတာရှီကျင့်ဖျင်၏ တရုတ်နိုင်ငံရေးရာ စီမံခန့်ခွဲမှုစာအုပ်ပြပွဲနှင့် ယူနန်ပြည်နယ်ဆိုင်ရာ ပြခန်းခင်းကျင်းပြသထားမှုများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ တိုင်းရင်းသားသံစုံတေးသီချင်းဖြင့် ကြိုဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ယူနန်ပြည်နယ် ပါတီကော်မတီအမြဲတမ်းကော်မတီဝင်ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စဇိန်းယန်နှင့် တရုတ်နေ့စဉ်သတင်းစာဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အယ်ဒီတာချုပ် မစ္စတာ ချီယင်ဖူတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ ၂၀၂၅ တောင်အာရှနှင့် အရှေ့တောင်အာရှမီဒီယာမဟာမိတ်အဖွဲ့ ပူးပေါင်းဆောင်ရွက်သည့် အောင်မြင်မှုရလဒ်များကို ထုတ်ပြန်သည်။

ထို့နောက် မဟာမိတ်အဖွဲ့ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းစတင်လည်ပတ်ခြင်း ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တရုတ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအိုနှင့် သီရိလင်္ကာနိုင်ငံတို့မှ ကိုယ်စားလှယ်များက စုပေါင်းဖွင့်လှစ်ပေးကြပြီး ကမ္ဘောဒီးယားနိုင်ငံ ယဉ်ကျေးမှုအဖွဲ့က ရိုးရာအကဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက "ပခန်းယိမ်း" အကဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် တျန်းချစ် ပညာရှင်များတွေ့ဆုံပွဲကိုကျင်းပရာ လာအိုနိုင်ငံ၊ တရုတ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံတို့မှ ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းတို့က အမှာစကား ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်းက ယနေ့ကျင်းပသော နှစ်ပတ်လည် အစည်းအဝေးအတွက် "အပြန်အလှန် သင်ယူကိုးကားမှုများဖြင့် ဖွံ့ဖြိုးတိုးတက်ရန်" ဆိုသည့်ခေါင်းစဉ်ကိုရွေးချယ်ထားခြင်းသည် အလွန်သင့်မြတ်ပြီး အရေးပါသည့် အဓိပ္ပာယ်ကို ပေါ်လွင်စေကြောင်း။

ယနေ့ခေတ်တွင် တောင်အာရှနှင့် အရှေ့တောင်အာရှသည် ကမ္ဘာတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသည့် စီးပွားရေး၊ နည်းပညာနှင့် လူ့အဖွဲ့အစည်းအတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်လာနေသည့်ဒေသများဖြစ်ကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် တောင်အာရှနှင့် အရှေ့တောင်အာရှ ဒေသတွင်းနိုင်ငံများက မီဒီယာများနှင့်မီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း၊ အလားတူ အာဆီယံနိုင်ငံများအပြင် အခြားနိုင်ငံပေါင်းများစွာနှင့်လည်း မီဒီယာပူးပေါင်းဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေကြောင်း၊ အထူးသဖြင့် တရုတ်နိုင်ငံက မီဒီယာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသလို မကြာသေးခင်ကပင် မဲခေါင်နိုင်ငံများစုပေါင်းပါဝင်သော Mekong Look App တွင် ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း။

ထို့ပြင် ABU, AIBD စသော အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရုပ်သံလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့် အဖွဲ့အစည်းများတွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး ထိုအဖွဲ့အစည်းများကကြီးမှူးပြီး ပြုလုပ်သည့် Media Training၊ Workshop၊ နည်းပညာဆိုင်ရာသင်တန်းများကို Online နှင့်ရော လူကိုယ်တိုင်ပါ ပါဝင်တက်ရောက်ပြီး သင်ယူလေ့လာအသုံးပြုမှုများဆောင်ရွက်နေကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံပေါင်းများစွာနှင့်ပူးပေါင်းပြီး ရိုက်ကူးရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း၊ ယနေ့ကျင်းပသည့်ဖိုရမ်မှတစ်ဆင့် အပြန်အလှန်သင်ယူမှု၊ ဆန်းသစ်သော နည်းလမ်းများဖန်တီးမှုနှင့် တာဝန်ရှိသည့်သတင်းများဖြန့်ဝေမှုများက တောင်အာရှနှင့် အရှေ့တောင်အာရှဒေသမှ နိုင်ငံတစ်ခုချင်းစီအတွက်သာမက ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ တည်ငြိမ်မှုအတွက်ပါ အလွန်အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်လာမည်ဟုလည်း ယုံကြည်မျှော်လင့်ကြောင်း ပြောကြားသည်။

ဆက်လက်၍ "နယ်စပ်ကိုဖြတ်ကျော်၍ လက်ချင်းတွဲထားသည်" ခေါင်းစဉ်ဖြင့် စားပွဲဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ တရုတ်၊ ထိုင်း၊ ပါကစ္စတန်၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တရုတ်နိုင်ငံလုံးဆိုင်ရာ သတင်းမီဒီယာအဖွဲ့ အမှုဆောင်အတွင်းရေးမှူး ဝူရွှီ (Wu Xu)တို့ တွေ့ဆုံဆွေးနွေးသည်။

ညနေပိုင်းတွင် ၂၀၂၅ တရုတ်-မြန်မာ Twin City မီဒီယာဖိုရမ်နှင့် "မင်္ဂလာစကားမိတ်ဆက်"၊ "ပေါက်ဖော်မေတ္တာနွေးထွေးစွာ တရုတ်-မြန်မာ" စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ တရုတ်-မြန်မာနှစ်နိုင်ငံအစိုးရအဖွဲ့ ကိုယ်စားလှယ်များ၊ ကယ်ဆယ်ရေးအဖွဲ့များ၊ မီဒီယာများနှင့် မိတ်ဖက်ချစ်ကြည်ရေးအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ ငလျင်ဘေးသင့်ဒေသများသို့ ယူနန်ပြည်နယ် ကယ်ဆယ်ရေးနှင့် ဆေးဝါးကုသရေးအဖွဲ့ သွားရောက် ကယ်ဆယ်ခဲ့သည့် Video Clip ကို ပြသ၍ ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးပြည့်ဖြိုးဦး၊ ယူနန်ပြည်နယ် ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးတင်ဦး၊ မန္တလေးအဝေးသင်တက္ကသိုလ်မှ ဥပဒေအထူးပြုကျောင်းသူ မနေခြည်အောင်မြင့်နှင့် တာဝန်ရှိသူများက မန္တလေးမြေငလျင်ကြီးနှင့်ပတ်သက်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ကယ်ဆယ်ရေးနည်းလမ်းများနှင့် ဘာသာစကားကနယ်နိမိတ်မဲ့၍ ချစ်ခြင်းမေတ္တာအတားအဆီးမရှိခြင်းနှင့်ပတ်သက်ပြီး အပြန်အလှန်အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဆက်လက်၍ "မီဒီယာချင်းလက်တွဲ၍ အနာဂတ်သို့ လျှောက်လှမ်းမည်" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကိုကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းစုပါတီကော်မတီဝင် ဒုတိယအယ်ဒီတာချုပ် ဝမ်ထင်ရောင်၊ မြန်မာနိုင်ငံ ရွှေဇာမဏီတရုတ်သတင်းစာတာဝန်ခံ ဒေါ်ချိုသက်ထွန်းနှင့် တယ်ဟုန်ပြည်နယ်ခွဲ သတင်းရုံးခန်းဌာနမှူး လီဇုန်းမင်တို့က ဆွေးနွေးပြောကြားကြပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ မြန်မာနိုင်ငံသတင်းစာဆရာများအသင်းမှ ဦးမြတ်ခိုင်တို့အပါအဝင် မြန်မာပုဂ္ဂလိက မီဒီယာအဖွဲ့နှင့် တရုတ်မီဒီယာအဖွဲ့မှ ကိုယ်စားလှယ်များက နှစ်နိုင်ငံအကြား မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် AI နည်းပညာကိုအသုံးပြု၍ သတင်းမီဒီယာလုပ်ငန်းများ မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့ 1903 ပန်းခြံ၌ကျင်းပသည့် "တောင်ပိုင်းဒေသညချမ်း" ပဒေသာကပွဲနှင့် "ချည် Show ပိုးဖဲအနီးအနား တဖွဲဖွဲ" ယဉ်ကျေးမှုစျေးပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်၊ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ပြန်ကြားရေးဝန်ကြီးများက တရုတ်-မြန်မာ စျေးပွဲတော်နှင့် တရုတ်-ကမ္ဘောဒီးယား စျေးပွဲတော်တို့ကို ဖွင့်လှစ်ပေးကြပြီး တရုတ်၊ မြန်မာ၊ ကမ္ဘောဒီးယား သုံးနိုင်ငံအနုပညာရှင်များ စုပေါင်းတင်ဆက်သည့် Flash Light ဖျော်ဖြေမှု မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၏ "ရွှေလက်ကမ်း၍ ကြိုလျက်ပါ" အကဖြင့် ဖျော်ဖြေမှု၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ "နန်းကြာညိုကြေ့" အကဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တရုတ်၊ မြန်မာနှင့်ကမ္ဘောဒီးယားနိုင်ငံတို့မှ ဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့များသည် ပြခန်းများ၌ ခင်းကျင်းပြသထားသည့် နိုင်ငံအလိုက် ထုတ်ကုန်ပစ္စည်းများနှင့် မြန်မာနိုင်ငံက ဝင်ရောက်ပြသသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ လက်မှုပညာပြခန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ လက်ဆောင်ပစ္စည်းအရောင်းပြခန်း၊ ပြည်ပခရီးသွားများအား ဆွဲဆောင်နိုင်သည့် ခရီးစဉ်ဒေသများနှင့် မြန်မာနိုင်ငံ၏ တောတောင်ရေမြေ သဘာဝရှုခင်းများ ပြခန်း၊ တရုတ်-မြန်မာပူးပေါင်းဆောင်ရွက်မှု ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါစျေးပွဲတော်တွင် တောင်အာရှနှင့် အရှေ့တောင်အာရှမှ စီးပွားရေးလုပ်ငန်းရှင် ၁၅၀ ကျော်က နိုင်ငံအလိုက် ထုတ်ကုန်ပစ္စည်းများအပြင် ယူနန်ဒေသထွက် စိုက်ပျိုးရေးထုတ်ကုန်များနှင့် ယူနန်ပညာရေးပြခန်းတို့ကို ခင်းကျင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၅

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/၈လ)

တော်သလင်းလအကြောင်း သိကောင်းစရာနှင့် တော်သလင်းလပြည့်ဂရုဓမ္မနေ့

တော်သလင်းလသည် မြန်မာ့ဆယ့်နှစ်လရာသီအနက် ဆဋ္ဌမမြောက်လဖြစ်သည်။ တော်သလင်း မြစ်ရေသင်ဖြူးခင်း ဟူသောစကားနှင့်အညီ တော်သလင်းလတွင် ဧရာဝတီမြစ်အတွင်း လှိုင်းလေငြိမ်သက်နေသဖြင့် မြစ်ရေပြင်သည် ကြေးမုံပြင်ကဲ့သို့ ညီညာပြန့်ပြူးနေသည်။ တော်သလင်းလသည် မိုးလဖြစ်သော်လည်း တစ်ခါတစ်ရံနေပူ၍ ဥတုသာယာတတ်သည်။

ကိုကျော်စွာ(ကျိုက်ပိ)

တော်သလင်းခေါ်ပုံနှင့်တော်သလင်းလအဓိပ္ပာယ်

တော်သလင်းဟူသောဝေါဟာရသည် “တော်သလံ” ဟူသောပါဠိစကားမှ ဆင်းသက်လာခြင်းဖြစ်သည်။ အဓိပ္ပာယ်မှာ “နှစ်သက်ဝမ်းမြောက်ခြင်း” ဖြစ်သည်။ အကြောင်းမှာ တော်သလင်းလတွင် စပါးပင်များကြီးထွားရှင်သန်ဖွံ့ဖြိုးလာချိန်ဖြစ်သည်။ ထို့ကြောင့် စပါးစိုက်တောင်သူလယ်သမားများအနေဖြင့် စိတ်ကြည်နူးနှစ်သက်ဝမ်းမြောက်ခြင်းကြောင့်ဖြစ်သည်။ တချို့ကမူ တော်သလင်းကို “သတင်းအတွင်း”ဟုဆိုကြသည်။ “သတင်း”ကို “သလင်း”ဟု“တအက္ခရာ”ကို “လ”ပြုခြင်းဖြစ်သည်။ တောမှအတွင်းဟု အဓိပ္ပာယ်ယူကြပြန်သည်။ ထို့နောက် သလင်းတောဟူ၍ဖြစ်လာသည်။ အဆိုပါသလင်းတောကို (အက္ခရာဝိပရိယာယ)အက္ခရာရှေ့နောက် ပြောင်းပြန်ဘာသဗေဒသဘောနည်းဖြင့် တော်သလင်းဟုဖြစ်လာသည်။ တောကိုတော်ပြောင်းလဲခြင်းမှာ အတ္တဘောကို အတ္တဘော်၊ မနောကို မနော်ပြုသကဲ့သို့ တောကိုလည်း တော်ဟုပြောင်းလဲလိုက်ခြင်းဖြစ်ကြောင်းသိရသည်။ တော်သလင်းလကို ပုဂံခေတ်က “တ်သွင်၊ တဝ်သွင်၊ တာဝ်သွင်” ဟူ၍ အမျိုးမျိုးအက္ခရာတင်ကြသည်။ တော်သလင်းလကို ဆရာကြီး ဦးဖိုးလတ်က “တော်”သည် “ကောင်းကင်”ဟုအဓိပ္ပာယ်ရပြီး “လင်း”သည် “သာယာထွန်းလင်းသည်”ဟုအဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတွက် တော်သလင်းသည် “ကောင်းကင်သာယာထွန်းလင်းသောလ”ဟုအဓိပ္ပာယ်ရကြောင်းဖွင့်ဆိုထားသည်။ ရှေးကတော်သလင်းလကို သစ်ဆင်းလဟုလည်းခေါ်ကြသေးသည်။ သစ်ဆင်းဟူသည် မြစ်ထဲတွင်စိုက်ထားသော သစ်တိုင်ပေါ်မှ ခုန်ဆင်းပြသောပွဲဟုလည်းကောင်း၊ မြစ်အတွင်းရေစီးညင်သာသဖြင့် သစ်ဖောင်၊ ဝါးဖောင်များ စုန်ဆင်းလေ့ရှိသောလဟုလည်းဆိုကြသည်။ ဆရာဒဂုန်နတ်ရှင်ကမူ သူမှတ်သားခဲ့ဖူးသည်ကို ဤသို့ဖော်ပြထားသည်။ သမန္တစက္ခုကျမ်းအရ သစ်ဆင်းသဘင်သည်လည်း လေ့ပွဲသဘင်ကိုသာဆိုလိုကြောင်း နောင်းအခါမှ အမှန်ကို တွေ့ရှိခဲ့သည်ဟုဆိုသည်။ ဤအကြောင်းကို မောင်ထင်၏ မြန်မာ့ဆယ့်နှစ်လအကြောင်းစာအုပ်၌ ဖော်ပြထားခြင်းဖြစ်သည်။

အမှန်စင်စစ်လေ့ပြိုင်ပွဲသည် ပျော်ပွဲရွှင်ပွဲသက်သက်မဟုတ်ပါ။ စစ်ရေးသဘောလည်းပါဝင်နေသည်။ ရှေးကစစ်ပွဲများသည် ရေကြောင်းကိုဦးစားပေးကြသည်။ ထို့ကြောင့် ရေကြောင်းတပ်ဖွဲ့ကို အထူးလေ့ကျင့်ပေးဟန်တူသည်။ ရေကြောင်းသည်လည်း အရေးပါသောနေရာဖြစ်သည်။

ကန်ရာသီတော်သလင်း

တော်သလင်းလ၏ရာသီအမည်မှာ ကန်ရာသီဖြစ်ပြီး ရာသီနက္ခတ်မှာ ပြုဗ္ဗဘဒြပိုဒ်ဖြစ်သည်။ စန်းယဉ်တာရာက ဗျိုင်းတာရာဖြစ်သည်။ ကြာသပတေးနှင့်စနေနေ့တို့သည် ရက်ရာဇာဖြစ်၍ ဗုဒ္ဓဟူးနှင့် သောကြာနေ့တို့သည် ပြဿဒါးနေ့များဖြစ်သည်။ ရက်စုံလဖြစ်သဖြင့် ရက်ပေါင်း ၃၀ ရှိသည်။ တော်သလင်းလ၏ လပြည့်နေ့၏ နေ့လယ်မွန်းတည့်ချိန်အခါ၌ သူရိယနေမင်းရောက်ရှိရာ အနီးဝန်းကျင်မှ အလုံးရေ ၁၅ လုံးပါရှိသော ကညာခေါ် ကန်ကြယ်အစုကိုအစွဲပြု၍ ရာသီနက္ခတ်အမည်အားဖြင့် ကန်ရာသီဟုအမှတ်သညာပြုကြသည်။ ကန်ရာသီဟုခေါ်ခြင်းနှင့်ပတ်သက်၍ ရာဇာ့မဏ္ဍာဏ်ကျမ်း၊ ရာသီဘိဓာနအဝိုင်း၌ (၁)ကညာ၊ (၂)တောသဟူ၍အခေါ်နှစ်မျိုး ပြဆိုထားသည်ဟုဆိုသည်။ ကညာကအမျိုးသမီးငယ်ဟု အဓိပ္ပာယ်ရသည်။ လှေစီး၍နေသောကညာခေါ် အမျိုးသမီးငယ်နှင့်သဏ္ဌာန်သဘောတူသောရာသီ၊ အမျိုးသမီးငယ်တို့ကြိုက်နှစ်သက်သောရာသီဟူ၍လည်းမှတ်ယူကြသည်။ ကန်ရာသီဟူသည်ကား ကနျာ-ကညာ၊ ပါဠိဝေါဟာရမှ ဒုတိယအက္ခရာ(နျ)ကို “နသတ်” ဟုပြောင်း၍ “ကနမ”ရာသီဟုသာ မြန်မာမှုပြုခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကညာသည် ယောကျ်ားတို့အား တောသိတုံ-နှစ်သက်စေခြင်းငှာ၊ အလံ-စွမ်းနိုင်သောကြောင့် တော်သလံ -တော်သလင်းဟုဆိုကြောင်းလည်းသိရသည်။

တော်သလင်းလလှေပြိုင်ပွဲအကြောင်း

“လတော်သလင်း သင်ဖြူးခင်း”ဟုဆိုသကဲ့သို့ပင် တော်သလင်းလသည် လှိုင်းရေငြိမ်သက်သဖြင့် မြစ်ရေပြင်သည် သင်ဖြူးခင်းထားသကဲ့သို့ညီညာပြန့်ပြူးနေသည်။ ထို့ကြောင့် သည်လ သည်အခါမျိုး၌ လှေသဘင်ပွဲတော်ကို ဆင်ယင်ကျင်းပကြသည်။ လှေသဘင်ပွဲကို ရှေးက “ပန်းလုသဘင်၊ ရေပွဲသဘင်၊ မြစ်ယံပွဲ”စသည်ဖြင့်လည်း ခေါ်လေ့ရှိကြသည်။ ရှေးကလှေသဘင်ပွဲကို ဘုရင်မင်းမြတ်တို့က နှစ်သက်မြတ်နိုးစွာကျင်းပကြသည်။ ဘုရင်ကဦးဆောင်ပြီး လှော်ကားမှူးကြီးများကကြပ်မတ်၍ ကျင်းပလေ့ရှိကြသည်။ လှေသဘင်ပွဲကို ဘုရင်နှင့်တကွ မှူးမတ်ဗိုလ်ပါများခံရံလျက် ဘုရင့်လှေတော်ဖြစ်သော ပြည်ကြီးမွန်ရွှေလှေကြီးပေါ်မှ လှေသဘင်ပွဲကို ရှုစားကြသည်။ ပြည်ကြီးမွန်ရွှေလှေဆိုသည်မှာ ၁၀၀ သောမင်းတို့က ပြည်ကြီးမွန်လှေတော်သခင် ဘုရင်မင်းမြတ်အား ဦးခိုက်နေဟန်ပြုလုပ်ထားသည့် လှေတော်ဖြစ်သည်။ ဦးခိုက်နေဟန်အရုပ်များကို လှေတော်၏ဦးမှပဲ့အထိ လက်ဝဲဘက်တွင် အရုပ် ၅၀၊ လက်ယာဘက်တွင် အရုပ် ၅၀ ထုလုပ်ထားသည်။ လှေသဘင်ပွဲကို တော်သလင်းလဆန်း ၈ ရက်နေ့၊ လပြည့်နေ့၊ လပြည့်ကျော် ၈ ရက်နေ့တို့တွင်ကျင်းပလေ့ရှိသည်။ လှေပြိုင်ပွဲတွင်ပါဝင်သောလှေများမှာ (၁) လှော်ကားလှေတော်ကြီး၊(၂) လှော်ကားတော်၊ (၃) လှော်လှေတော်၊ (၄) ခတ်လှေတော်၊ (၅) လောင်းလှေတော်၊ (၆) ရဲလှေတော်တို့ဖြစ်သည်။

ပြိုင်ပွဲဝင်အဖွဲ့များတွင် ဘုရင့်ရေတပ်မတော်အဖွဲ့များ၊ ကျေးရွာရပ်ကွက်ထဲမှ နာမည်ရအဖွဲ့များပါဝင်သည်။ လှေလှော်ရာတွင် တက်ရေး ၃၇ မျိုးရှိသည်။ ယင်းတို့မှာ-တက်ကောက်၊ တက်ခင်း၊ တက်စောင်း၊ ရွှေလောင်းချီ၊ ရွှေလောင်းထွက်၊ တက်မွတ်၊ ရိုးလှလက်တံ၊ အိမ်မိုးခြေတင်၊ တင်းတိမ်ရံ၊ တင်းတိမ်လှစ်၊ နေရောင်ကာ၊ ရာဇမတ်ကြီး၊ ရာဇမတ်ငယ်၊ တက်ဝှက်၊ နတ်သမီးပန်းတောင်း၊ နတ်သမီးပန်းဆွတ်၊ နတ်သမီးပန်းလှမ်း၊ စံပယ်ငုံ၊ ဆင်စွယ်ဝန်းယှက်၊ ကိန္နရာတောင်ယှက်၊ ကိန္နရာတောင်ခတ်၊ ဖော်တော်ယှဉ်၊ စင်ရော်ဝဲ၊ စင်ရော်သုတ်၊ ဝမ်းဘဲကန်စသည် တို့ဖြစ်သည်။ ဤကားအနည်းငယ်မျှထုတ်နုတ်ဖော်ပြခြင်းဖြစ်သည်။ လှေပြိုင်ပွဲဝင်သူများသည် အဆိုပါတက်ရေး ၃၇ ချင်းကို တတ်မြောက်ထားရသည်။ ရှေးမင်းများလက်ထက်က အင်းဝ၊ အမရပူရ၊ မန္တလေးမြို့တို့တွင် ဧရာဝတီမြစ်အတွင်း လှေသဘင်ပွဲကို ကျင်းပကြသည့်အပြင် မန္တလေးမြို့အနီးရှိ တက်သေအင်းမှာလည်း လှေသဘင်ပွဲကျင်းပကြောင်းသိရသည်။ သီပေါမင်းလက်ထက်ကမူ မင်းစီးလှော်ကားတော်၊ မှူးမတ်စီးလှော်ကား၊ လှော်လှေတော်၊ ခတ်လှေတော်၊ လောင်းလှေတော်နှင့် ရဲလှေတော်တို့ပါဝင်ယှဉ်ပြိုင်ကြသည်။

လှေသဘင်ပွဲဝင်ရောက်ယှဉ်ပြိုင်သူများမှာ ရင်အုပ်ကားကား၊ ကြွက်သားဖုထစ်နှင့် လူညီထွားများဖြစ်ကြသည်။ ပြိုင်ပွဲနေ့တွင် လှေလှော်သားများက မိမိတို့စပ်ထားသောလှေချင်းကိုသီဆို၍ တက်ညီလက်ညီပြိုင်ပွဲဝင်ကြသည်။ အိုးစည်ဗုံမောင်းသံများကလည်း ဆူညံလျက်ရှိသည်။ ပြိုင်ပွဲ၏အနိုင်အရှုံးကို “ပန်း”ဖြင့်ဆုံးဖြတ်လေ့ရှိသည်။ ပြိုင်ပွဲဝင်သူများသည် “ရွှေသားစက်ကွင်း” ရှိရာသို့ အပြိုင်လှော်ကြရသည်။ ရွှေသားစက်ကွင်းဆိုသည်မှာ အဝါရောင်စက္ကူပေါ်တွင် အမည်းကွက်ခြယ်ထားသော စက်ဝိုင်းကိုဆိုလိုသည်။ ထိုရွှေသားစက်ကွင်းပေါ်မှ ပန်းကိုလှော်ခတ်၍ ဦးစွာရသူကအနိုင်ဖြစ်သည်။ ထို့ကြောင့် ပန်းလုပွဲ၊ ပန်းလုသဘင်ဟုခေါ်ဆိုဟန်တူသည်။ အင်းဝခေတ်က လှေပြိုင်ပွဲဝင်သူတို့သည် ရွှေဦးထုပ်၊ ငွေလက်ကြပ်၊ ပုဆိုးအနီ၊ ခြူးပန်းဘယက်တို့ဆင်မြန်းထားကြောင်းသိရသည်။

လှေသဘင်ပွဲ၏ရည်ရွယ်ချက်များ

ရှေးမင်းများက လှေပြိုင်ပွဲတွင် ဘုရင့်လှေတပ်တော်လည်းပါဝင်သည်။ ရေကြောင်းလေ့ကျင့်ရေးဟုပင်ယူဆနိုင်သည်။ အမှန်စင်စစ်လှေပြိုင်ပွဲသည် ပျော်ပွဲရွှင်ပွဲသက်သက်မဟုတ်ပါ။ စစ်ရေးသဘောလည်းပါဝင်နေသည်။ ရှေးကစစ်ပွဲများသည် ရေကြောင်းကိုဦးစားပေးကြသည်။ ထို့ကြောင့် ရေကြောင်းတပ်ဖွဲ့ကို အထူးလေ့ကျင့်ပေးဟန်တူသည်။ ရေကြောင်းသည်လည်း အရေးပါသောနေရာဖြစ်သည်။ လှေပြိုင်ပွဲတွင်ရည်ရွယ်ချက်များရှိသည်။ ယင်းတို့မှာ-

- မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ဇာတိသွေး၊ ဇာတိမာန်ထက်သန်စေရေး၊
- ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန်စေရေး၊
- မြန်မာ့ရိုးရာလှေသဘင်ပွဲကိုဆက်လက်ဖော်ဆောင်ထိန်းသိမ်းနိုင်စေရေး၊
- မြန်မာလူမျိုးတို့၏စည်းလုံးညီညွတ်မှုကို ပြသနိုင်စေရေး၊
- ခွဲ၊ လုံ့လ၊ ဝီရိယနှင့်ယှဉ်သော ကိုယ်လက်ကြံ့ခိုင်မှုနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုရရှိစေရေး၊
- အမျိုးသားရေးစိတ်ဓာတ်ကိုဖော်ညွှန်းသောစုပေါင်းဆောင်ရွက်တတ်မှု၊ ကိုယ်ကျိုးစွန့်နိုင်မှု၊ အသင်းအဖွဲ့စိတ်ဓာတ်ရှိစေရေး စသည်တို့ဖြစ်သည်။

တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့

ဂရုဓမ္မဟူသည် စောင့်ထိန်းအပ်သောတရားဖြစ်သည်။ ဂရုဓမ္မဟူသည် ငါးပါးသီလကိုဆိုလိုခြင်းဖြစ်သည်။ လူဘောင်၊ လူလောကၭ ဂရုဓမ္မသီလ ခေါ်ငါးပါးသီလသည်အရေးကြီးသည်။ လူတိုင်းလူတိုင်းငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲဖို့လိုသည်။ ငါးပါးသီလဟူသည် သူ့အသက်သတ်မှုကိုရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာခိုးမှုကိုရှောင်ကြဉ်ခြင်း၊ မဟုတ်မမှန်ပြောမှုကိုရှောင်ကြဉ်ခြင်း၊ မူးယစ်စေတတ်သောအရာများကိုသုံးစွဲမှုကိုရှောင်ကြဉ်ခြင်း၊ သူတစ်ပါးသားမယားကိုလွန်ကျူးမှုမှ ရှောင်ကြဉ်ခြင်းတို့ဖြစ်သည်။ ငါးပါးသီလသည် အရေးပါသောသီလဖြစ်တတ်သည်။ ဂေါတမဘုရားလောင်းတော်နေစဉ်အခါက အိန္ဒိယနှင့် ကုရုတိုင်းသားတို့သည် သီလမဲ့ကြသဖြင့် တိုင်းပြည်မှာမိုးလေဝသမှန်ပြီး ကပ်သုံးပါးလွတ်မြောက်ကြသည်။ ကာလင်္ဂတိုင်းမှာမူ သီလမလုံကြသဖြင့် မိုးခေါင်ပြီး ကပ်သုံးပါးဆိုက်ရောက်နေသည်။ ထို့ကြောင့် ကုရုတိုင်းသားများကျင့်သုံးသော ဂရုဓမ္မကိုရွေးပြားပေါ်ကူးစေပြီး ကာလင်္ဂတိုင်း၌အဆိုပါဂရုဓမ္မကိုကျင့်သုံးစေရာ မိုးရွာသွန်းပြီး ကပ်သုံးပါးမှလွတ်ကင်းလေသည်။ ဂရုဓမ္မဇာတ်သည်လည်း ယခုလိုမိုးကာလတွင်ပေါ်ပေါက်လာခဲ့သဖြင့် တော်သလင်းလပြည့်နေ့ကို ဂရုဓမ္မအခါတော်နေ့အဖြစ်သတ်မှတ်ကြခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ငါးပါးသီလနေ့ဟုလည်းခေါ်သည်။ ထို့ကြောင့် ဂရုဓမ္မ ခေါ် ငါးပါးသီလကို တိုင်းသူပြည်သားတိုင်း စောင့်ထိန်းကြဖို့လိုသည်။ သို့မှသာ ကပ်သုံးပါးဘေးကင်းဝေးမည်ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် တော်သလင်းလသည် မြန်မာ့ဆယ့်နှစ်လရာသီများအနက် ထူးခြားသောလတစ်လလည်းဖြစ်သည်။ တိုင်းရေးပြည်ရာအတွက် ထူးခြားသောလှေသဘင်ပွဲတော်ကျင်းပရာ လဖြစ်သလို တိုင်းပြည်အတွက်အရေးကြီးသော ငါးပါးသီလနေ့လည်းဖြစ်သည်။ စာကဗျာဖွဲ့ဆိုထိုက်သောနေ့လည်းဖြစ်သည်။ ထို့ကြောင့် တော်သလင်းလအကြောင်းကို ရေးသားတင်ပြလိုက်ရပါသည်။ ။

ဗာဒံစေ့၏ကျန်းမာရေးကောင်းကျိုးများ

ဒေါက်တာလပြည့်ခင်



ဗာဒံစေ့သည် ကျန်းမာရေးအတွက် ကောင်းမွန်စေသော အစေ့အဆန်တစ်မျိုးဖြစ်သည်။ မြန်မာဆေးကျမ်းများတွင် ဗာဒံစေ့သည် အသည်းအတွက် ကောင်းသည်ဟု ဆိုကြသည်။ ဗာဒံရွက်သည် အရေပြားရောဂါတချို့အတွက် ဆေးဝါးဖော်စပ်ရာတွင် အသုံးပြုနိုင်သည်ဟု သိရသည်။ ဗာဒံစေ့တွင် အပင်များ၌တွေ့ရခဲသော ပရိုတင်း (အသားဓာတ်) ၂၀ ရာခိုင်နှုန်းပါဝင်သည်။ အာဟာရပြည့်သောသစ်သီးများထဲတွင် ဗာဒံသီးသည် အာဟာရဓာတ်အကြွယ်ဝဆုံးဖြစ်၍ ခွန်အားပြည့်ခန္ဓာကိုယ်တည်ဆောက်မှုအတွက် ပြည့်စုံစေသောအသီးဖြစ်သည်။ ဗာဒံစေ့တွင်ပါဝင်သည့် အသားဓာတ်သည် အလွန်အစာကြေလွယ်ကြောင်း သိရသည်။ ဗာဒံစေ့သည် အင်ဆူလင်ထွက်ရှိမှုကိုကောင်းမွန်စေပြီး သွေးတွင်းသကြားဓာတ် ရုတ်တရက်မြင့်တက်မှုမျိုးမဖြစ်အောင် အကောင်းဆုံးထိန်းညှိပေးနိုင်သည်။ ထို့ကြောင့် ဆီးချိုရောဂါရှိသူများအနေဖြင့် သွေးတွင်းသကြားဓာတ်ကို အကောင်းဆုံးထိန်းညှိနိုင်စေရန် ဗာဒံစေ့စားပေးသင့်သည်။ အာယုဗွေဒကျမ်းများအဆိုအရ ဗာဒံစေ့သည် အပူချိန်ကိုထိန်းပေးပြီး ဝမ်းကို ပျော့စေ၍ ဆီးကိုရွှင်စေသည်။ အားကိုဖြစ်စေပြီး အာရုံကြောအားကောင်းစေသည်ဟုဆိုသည်။

ကိုထိန်းသိမ်းပေးနိုင်သည်။ နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါနှင့် ရုတ်တရက် နှလုံးဖောက်ပြန်ခြင်းတို့ကို ကာကွယ်ပေးနိုင်သည်။

အရေပြားနှင့်အရိုးကိုသန်မာစေသော ဗာဒံစေ့

ဗာဒံစေ့သည် Free Radicals ကို လျော့ကျစေသည့် အတွက် အရေပြားကိုကာကွယ်ပေးနိုင်ပြီး ငယ်ရွယ်နုပျိုစေနိုင်သည်။ လေ့လာချက်များအရ ဗာဒံစေ့တွင် Antioxidant များဖြစ်သော Epicatechin၊ Catechin၊ Quercetin၊ Isorhamnetin နှင့် Kaempferol ဓာတ်တို့ပါဝင်မှုကြောင့် အရေပြားကင်ဆာဖြစ်ပွားမှုကို လျော့ကျစေနိုင်သည်။ အရေပြားကျန်းမာရေးကောင်းမွန်စေရန် ဗာဒံစေ့ကိုစားသင့်သည်။ အရိုးနှင့် သွားကျန်းမာရေးအတွက်လိုအပ်သော သတ္တုဓာတ်များဖြစ်သည့် မဂ္ဂနီဆီယမ်၊ ကယ်လ်စီယမ်နှင့်ဖော့စဖရပ်စ်များစွာပါဝင်သည်။ ထို့ပြင် အရိုးပွရောဂါဖြစ်ခြင်းကို လျော့ကျစေနိုင်ပြီး အရိုးကျိုးလွယ်ခြင်းမှ ကာကွယ်နိုင်သည်။ သွားပိုးစားခြင်း၊ အခေါင်းပေါက်ဖြစ်ခြင်းကိုလည်း ကာကွယ်ပေးနိုင်သည်။ ဗာဒံစေ့ထဲတွင်ပါရှိသော အကျိုးပြုပြည့်ဝဆီများသည် ဗိုက်ခေါက်အဆီများကို ချပေးနိုင်သောကြောင့် ဝဖြိုးသူများနှင့်အဆီများသူများ ဗာဒံစေ့ကိုစားပေးရန် အမေရိကန် USDA ကောင်းမွန်စေပြီး ဦးနှောက်လုပ်ဆောင်ချက်များကို ထိန်းသိမ်းပေးနိုင်သည်။ အာရုံကြောလုပ်ဆောင်ချက်များကို ကာကွယ်ပေးနိုင်သည်။ အသက်အရွယ်ကြီးမှုကြောင့် မှတ်ဉာဏ်လျော့နည်းခြင်းနှင့် ရူးသွပ်ခြင်းကိုလည်း ကာကွယ်ပေးနိုင်သောကြောင့် ဗာဒံစေ့ကို တစ်ပတ်လျှင် တစ်ကြိမ်ခန့် စားပေးသင့်သည်။ ဗာဒံစေ့တွင် Linoleic Acid နှင့် Linolenic Acid တို့ကဲ့သို့သော အကျိုးပြု Fatty Acid များ ပါဝင်နေခြင်းကြောင့် ခန္ဓာကိုယ်တွင်းဖြစ်ပေါ်သောရောင်ရမ်းမှုကို သက်သာစေနိုင်သည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဖောလစ်အက်စစ်ပါဝင်သော ဗာဒံစေ့ကြောင့် ကလေးမွေးဖွားရာတွင် ကလေးများ၌ ချို့ယွင်းချက်မဖြစ်အောင် ကာကွယ်ပေးနိုင်သည်။

ကိုယ်ဝန်ဆောင်များစားသင့်သော ဗာဒံစေ့

အမျိုးသမီးများ ကိုယ်ဝန်ဆောင်ချိန်တွင် မိခင်ရောကလေးပါကျန်းမာစေရန် လိုအပ်သော ဖောလစ်အက်စစ်ကို ဗာဒံစေ့စားခြင်းမှရရှိနိုင်သည်။ ဖောလစ်အက်စစ်ကြွယ်ဝမှုက သွေးကြောထဲတွင် အဆီများစုပုံခြင်းမဖြစ်အောင် ကာကွယ်ပေးနိုင်သည်။ ထို့ကြောင့် နှလုံးကျန်းမာရေးအတွက် ဗာဒံစေ့ပုံမှန်စားပေးသင့်သည်။ Fatty Acid ပါသော ဗာဒံစေ့အဆီသည် သွေးတွင်းမှ ကိုလက်စထရောကို ကျဆင်းစေနိုင်ပြီး ဆံသားနှင့်အသားအရေကို ကျန်းမာစေနိုင်သည်။ ဆီးချိုရောဂါကိုကာကွယ်ပေးနိုင်ပြီး ခန္ဓာကိုယ်အတွက် အရေးကြီးသည့် Monounsaturated Fatty Acids ပါဝင်မှုကြောင့် သွေးထဲရှိ ဂလူးကို့စ်ဓာတ် (Glucose) ကို ညီမျှစေနိုင်သည်။ ဂလူးကို့စ်ဓာတ်ကို ခန္ဓာကိုယ်က စုပ်ယူမှုကိုလည်း ထိန်းချုပ်ပေးနိုင်သည်။

သွေးပေါင်ချိန်ကိုထိန်းညှိပေးနိုင်သော ဗာဒံစေ့

ဗာဒံစေ့တွင် ခန္ဓာကိုယ်အတွက် လိုအပ်သော ဖော့စဖရပ်စ် ကြွယ်ဝစွာပါဝင်နေသည်။ ဖော့စဖရပ်စ်သည် အရိုးများဖြစ်ပေါ်စေရန်နှင့် ခန္ဓာကိုယ်တစ်သျှူးများကို ပြန်လည်ပြုပြင်ပေးနိုင်သည်။ လေ့လာမှုများအရ ဗာဒံစေ့တွင် ဇင့်နှင့် မဂ္ဂနိစ်တို့ကဲ့သို့သော ဇီဝကမ္မဖြစ်စဉ်များအား တိုးတက်ကောင်းမွန်စေသည့် ကိုယ်ခံအားစနစ်ကို အကောင်းဆုံးအားဖြည့်ပေးနိုင်သောဓာတ်များပါဝင်နေသည်။ မဂ္ဂနီဆီယမ်ဓာတ်ပါဝင်သော ဗာဒံစေ့သည် ခန္ဓာကိုယ်၏ သွေးဖိအားကျဆင်းစေရန် အထောက်အကူပြုသည်။ ခန္ဓာကိုယ်တွင် သွေးဖိအားတက်နေမည်ဆိုပါက နှလုံး၊ လေဖြတ်ခြင်းနှင့် ကျောက်ကပ်တို့ကို ထိခိုက်စေနိုင်သောကြောင့် မဂ္ဂနီဆီယမ်ဓာတ်ကိုပေးစွမ်းသည့် ဗာဒံစေ့ကြောင့် သွေးဖိအားကျဆင်းစေရန် များစွာကူညီနိုင်မည်ဖြစ်သည်။ ဗာဒံစေ့တွင် ပိုတက်ဆီယမ်ပါဝင်မှုကြောင့် သွေးပေါင်ချိန်ကို အကောင်းဆုံးအနေအထားဖြစ်အောင် ထိန်းညှိပေးနိုင်သည်။

အစာခြေစနစ်ကိုကောင်းမွန်စေနိုင်သော ဗာဒံစေ့

ဗာဒံစေ့တွင် ဗီတာမင်၊ သတ္တုဓာတ်၊ ကစီဓာတ်များနှင့် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သောကြောင့် အဆာခံနိုင်ပြီး အစာခြေစနစ်နှင့် အူမကြီးကို အထောက်အကူပြုစေနိုင်သည်။ နောက်ထပ်အစာစားချင်စိတ်ကိုချိုးနှိမ်ပေးသဖြင့် တခြားအစားအစာများထက် ပြည့်အင့်လွယ်စေသောကြောင့် အချိန်တော်တော်ကြာအောင် အဆာခံနိုင်မည်ဖြစ်သည်။ စိတ်ကျေနပ်မှုရစေပြီး မကြာခဏအစာစားချင်စိတ်မဖြစ်အောင် ကာကွယ်ပေးနိုင်သည်။ ဗာဒံစေ့ထဲတွင်ပါသော အမျှင်ဓာတ်များသည် ခန္ဓာကိုယ်မှ အစားအစာထဲတွင်ပါလာသော ပြင်ပအဆီများစုပ်ယူခြင်းကို ပိတ်ပင်ဟန့်တားပေးသည်။ ဗာဒံစေ့ပုံမှန်စားပေးခြင်းဖြင့် အစာခြေစနစ်ကို ကျန်းမာစေပြီး ဝမ်းမှန်စေသောကြောင့် ဝမ်းချုပ်ခြင်းကို သက်သာစေနိုင်သည်။ ဗာဒံစေ့စားပြီးပြီးချင်း ရေသောက်မည်ဆိုပါက အစာခြေစနစ်ကို အကောင်းဆုံးလှုပ်ရှားမှုဖြစ်စေနိုင်သည်။ ဝမ်းမှန်စေရန် တစ်ရက်လျှင် ဗာဒံစေ့လေးစေ့မှငါးစေ့ခန့်အထိ စားပေးသင့်သည်။

ဗာဒံစေ့စားခြင်းကြောင့် ဗီတာမင်-A နှင့် ဗီတာမင်-D ကို ခန္ဓာကိုယ်မှ ပိုမိုစုပ်ယူစေသည်။ ဗာဒံစေ့တွင် အာဟာရစုပ်ယူမှုပိုများစေသည့် ဓာတ်များပါဝင်ပြီး အစာခြေစနစ်ကို ထိန်းချုပ်ပေးနိုင်သည်။ Probiotic Compounds ပါဝင်မှုကြောင့် အစာခြေစနစ်ကျန်းမာရန် ထောက်ပံ့ပေးနိုင်သည်။ အစာခြေစနစ်တွင် အစာခြေရန်လုပ်ဆောင်ပေးသော အကျိုးပြုဗက်တီးရီးယားများ အများအပြားပါဝင်သည်။ ထိုဗက်တီးရီးယားများမရှိပါက အစာခြေစနစ်သည် ကောင်းမွန်စွာအလုပ်မလုပ်နိုင်တော့သဖြင့် အာဟာရစုပ်ယူမှုလည်း အဆင်မပြေနိုင်တော့ပေ။ Institute of Food Science and Technology in China မှ ၂၀၁၄ ခုနှစ်က လေ့လာချက်အရ ရက်သတ္တရှစ်ပတ်အတွင်း ဗာဒံစေ့ ၅၆ ဂရမ်စားသုံးသည့် အမျိုးသမီးများတွင် Lactobacillus နှင့် Bifidobacterium ကဲ့သို့ ကောင်းမွန်သည့် အကျိုးပြုဗက်တီးရီးယားများ ပိုမိုဖြစ်ပေါ်စေနိုင်သည်ဟုဖော်ပြထားကြောင်း ဗာဒံစေ့၏ကျန်းမာရေးအကျိုးကျေးဇူးများကို ရေးသားလိုက်ရပါသည်။

"ဗာဒံစေ့တွင်ပါရှိသည့် ဗီတာမင်-E နှင့် ဖလေဗိုနွိုက်သည် ခန္ဓာကိုယ်တွင်းရောင်ရမ်းခြင်းကိုလည်း လျော့ကျစေနိုင်သည်။ ဗီတာမင်-E သည် အသားအရေတစ်ခုတည်းအတွက် ကောင်းစေရုံသာမက နှလုံးရောဂါ၊ ကင်ဆာရောဂါနှင့် အယ်လ်ဇိုင်းမား (အသိစိတ်ချို့ယွင်းခြင်း)တို့ကဲ့သို့သောရောဂါများ ဖြစ်ပွားနိုင်ခြေကိုပါ လျော့နည်းစေသည်။ ဗီတာမင်-E ကြွယ်ဝသော ဗာဒံစေ့ကို ဝက်ခြံပေါက်သူများသာမက အရေပြားရောဂါရှိသူများလည်း မဖြစ်မနေစားသင့်သည်. . ."

ဗာဒံစေ့သည် အယ်ကာလိုင်း (Alkaline) ပါဝင်သည့် အစားအစာဖြစ်သောကြောင့် အစာခြေစနစ်ကောင်းမွန်စေပြီး ဟော်မုန်းများကို ထိန်းညှိပေးနိုင်သည်။ ခန္ဓာကိုယ်ထဲရှိ PH Level ကိုထိန်းညှိပေးနိုင်သည်။ PH Level ကျသွားသောအခါ ခန္ဓာကိုယ်၏ခုခံနိုင်စွမ်း ပိုပြီးတိုးလာသကဲ့သို့ အစာခြေလမ်းကြောင်းလည်း ပိုပြီးအလုပ်လုပ်နိုင်သည်။

နှလုံးကိုကာကွယ်ပေးနိုင်သော ဗာဒံစေ့

ဗာဒံစေ့တွင် မဂ္ဂနိစ်၊ ကယ်လ်စီယမ်၊ ပိုတက်ဆီယမ်၊ ကော့ပါး စသောဓာတ်များ ပါဝင်သည့်အပြင် နှလုံးအတွက်အရေးကြီးသော Arginine ဓာတ်ပါဝင်သည်။ နှလုံးသွေးလည်ပတ်စီးဆင်းမှုအားကောင်းစေသည်။ ဗာဒံစေ့တွင် ကျန်းမာစေသော Fatty Acids၊ ပိုတက်ဆီယမ်နှင့် ပရိုတင်းတို့ ကြွယ်ဝစွာပါဝင်နေသောကြောင့် နှလုံးကျန်းမာစေရန် အကောင်းဆုံးအထောက်အကူပြုပေးနိုင်သည်။ ထိုဓာတ်များအတွင်း၌ အောက်ဆီဂျင်ဓာတ်တိုးခြင်းကို ဆန့်ကျင်သောပစ္စည်းများ (Antioxidants) ပါဝင်နေသောကြောင့် နှလုံးကိုကာကွယ်ပေးနိုင်ပြီး သွေးကြောစနစ်အသင်းက အကြံပြုထားသည်။

ဗာဒံစေ့တွင်ပါရှိသည့် ဗီတာမင်-E နှင့် ဖလေဗိုနွိုက်သည် ခန္ဓာကိုယ်တွင်းရောင်ရမ်းခြင်းကိုလည်း လျော့ကျစေနိုင်သည်။ ဗီတာမင်-E သည် အသားအရေတစ်ခုတည်းအတွက် ကောင်းစေရုံသာမက နှလုံးရောဂါ၊ ကင်ဆာရောဂါနှင့် အယ်လ်ဇိုင်းမား (အသိစိတ်ချို့ယွင်းခြင်း)တို့ကဲ့သို့သော ရောဂါများဖြစ်ပွားနိုင်ခြေကိုပါ လျော့နည်းစေသည်။ ဗီတာမင်-E ကြွယ်ဝသော ဗာဒံစေ့ကို ဝက်ခြံပေါက်သူများသာမက အရေပြားရောဂါရှိသူများလည်း မဖြစ်မနေစားသင့်သည်။

အယ်လ်ဇိုင်းမားရောဂါနှင့် ရောင်ရမ်းမှုကိုလျော့ချပေးနိုင်သော ဗာဒံစေ့

ဗာဒံစေ့တွင် ဦးနှောက်စွမ်းဆောင်ရည်ကို ကောင်းမွန်စေရန် အရေးပါသော L-carnitine နှင့် Riboflavin အာဟာရဓာတ်များ ပါဝင်နေသကဲ့သို့ အယ်လ်ဇိုင်းမားရောဂါခံစားရနိုင်ခြေကို လျော့ချပေးသည်။ ဗာဒံစေ့တွင် Riboflavin နှင့် L-carnitine ဓာတ်ပါဝင်မှုကြောင့် ဦးနှောက်မှတ်ဉာဏ်ကို

မဟာဒုက်စာရေးတံမဲပွဲတွင် ပူဇော်မည့် မြတ်စွာဘုရားရှင်ကိုယ်ပွားတော်မြတ်နှင့် ရှင်သီဝလိ၊ ရှင်ဥပဂုတ္တ ရဟန္တာမြတ်များ လှည်းလည်အပူဇော်ခံ

တောင်ကြီး စက်တင်ဘာ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့စဝ်စံထွန်းရပ်ကွက်၌ စက်တင်ဘာလ ၅ ရက် နံနက်ပိုင်းတွင် မဟာဒုက်စာရေးတံမဲပွဲတွင် ပူဇော်မည့် မြတ်စွာဘုရားရှင် ကိုယ်ပွားတော်မြတ်၊ ရှင်သီဝလိနှင့် ရှင်ဥပဂုတ္တ ရဟန္တာမြတ်များ လှည်းလည်အပူဇော်ခံပွဲကျင်းပသည်။

မဟာဒုက်စာရေးတံမဲပွဲတွင် ပူဇော်မည့် မြတ်စွာဘုရားရှင်ကိုယ်ပွားတော်မြတ်နှင့် ရှင်သီဝလိ၊ ရှင်ဥပဂုတ္တ ရဟန္တာမြတ်တို့ကို အလှူရှင်များနှင့် ဖိတ်ကြားထားသူများက တောင်ကြီးမြို့ စဝ်စံထွန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီး ဗိုလ်ချုပ်အောင်ဆန်းလမ်းမှ တစ်ဆင့် စဝ်စံထွန်းဈေးပတ်လမ်းနှင့် အနောက်မြို့ပတ်လမ်းတို့ လှည့်လည်အပူဇော်ခံရာ စေတနာရှင်အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းပူဇော်ကြသည်။

အဆိုပါမြတ်စွာဘုရားရှင်ကိုယ်ပွားတော်မြတ်နှင့်ရှင်သီဝလိ၊ရှင်ဥပဂုတ္တရဟန္တာမြတ်တို့ကို စဝ်စံထွန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆန်းလွင်ဦးဆောင်၍ ရပ်မိရပ်ဖများက ပွင့်လင်းမြင်သာစွာ မဲနှိုက်ဖောက်ပေးပြီး မဟာဒုက်စာရေးတံမဲပွဲတွင် ပူဇော်မည့်မြတ်စွာဘုရားရှင်ကိုယ်ပွားတော်မြတ်အား သံဃာတော်အရှင်သူမြတ်များ ပင့်ဖိတ်ပြီး အနေကဓောတင်ပူဇော်ကာ မဟာဒုက်စာရေးတံမဲ ယူဆောင်ထားသော အလှူရှင်များက မဟာဒုက်စာရေးတံမဲပွဲကို စက်တင်ဘာလ ၆ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။ (၄၀၅)

ပင်လုံမြို့၌ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် လူရည်ချွန်ဂုဏ်ပြုဆုနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ပင်လုံ စက်တင်ဘာ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့အမှတ်(၁)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် လူရည်ချွန်ဂုဏ်ပြုဆုနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာလ ၄ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။



ရွေးဦးစွာ Grade-12 ကျောင်းသား၊ ကျောင်းသူများက “ဘက်စုံပညာကိုရည်တို့လှမ်းချီ” သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ခရိုင်ပညာရေးမှူး ဒေါက်တာမြင့်မြင့်အေးက အဖွင့်အမှာစကားပြောကြားကာ ပင်လုံအမှတ်(၁)အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှေစင်ဝင်းက ကျောင်းပညာရေးကဏ္ဍာလုပ်ငန်းများဆောင်ရွက်တိုးတက်မှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပညာရည်ချွန်ဆု၊ လူရည်ချွန်သုံးထပ်ကွမ်းဆု၊ နှစ်ထပ်ကွမ်းဆုနှင့်ဆုများရရှိအောင် သင်ကြားပြသပေးသော ဆရာ၊ ဆရာမများ၊ အလှူရှင်များကို ပင်လုံမြို့စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်ပိုင်ဖြိုး၊ ခရိုင်ပညာရေးမှူးဒေါက်တာမြင့်မြင့်အေးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုပန်းစည်းနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက ရိုးရာအကအလှများဖြင့် အသီးသီးဖျော်ဖြေကြကြောင်းသိရသည်။ (၄၁၄)

အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသိပညာပေးစကားဝိုင်းကျင်းပ

တောင်ငူ စက်တင်ဘာ ၅

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၇ ရက်တွင် ကျရောက်မည့် “အပြည်ပြည်ဆိုင်ရာသန့်ရှင်းသော လေထုနေ့” ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ငူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ အသိပညာပေးစကားဝိုင်း (Talk show) ကို စက်တင်ဘာလ ၄ ရက် နံနက်ပိုင်းတွင် တောင်ငူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အသိပညာပေးစကားဝိုင်းတွင် တောင်ငူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက လေထုညစ်ညမ်းမှုကြောင့်လူသားများနှင့် ပတ်ဝန်းကျင်ထိခိုက်မှုများ၊ လေထုညစ်ညမ်းမှုဖြစ်စေသောအရင်းအမြစ်များ၊ လေထုညစ်ညမ်းမှုလျော့ကျအောင် အများပြည်သူလိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် သိလိုသည်များအား မေးမြန်းဆွေးနွေးပြီး တောင်ငူခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြိုးဇာနည်က လေထုညစ်ညမ်းခြင်းကြောင့် လူ၊ တိရစ္ဆာန်များ၊ မြေဆီလွှာ၊ အပင်များ ဆိုးကျိုးများသက်ရောက်၍ ထိခိုက်နိုင်ကြောင်း၊ လူများ၏ကျန်းမာရေးထိခိုက်မှုအခြေအနေများ၊ အပင်များထိခိုက်မှုအခြေအနေများ၊ လေထုညစ်ညမ်းမှုအမျိုးအစားများ၊ လေထုညစ်ညမ်းမှုနောက်ဆက်တွဲပြဿနာများ၊ လေထုညစ်ညမ်းခြင်းအရင်းအမြစ်ဖြစ်သော သဘာဝနှင့်လူသားတို့ လုပ်ဆောင်မှုအကြောင်းအရာများ၊ သန့်ရှင်းသောလေထုအကြောင်းအရာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် လေထုညစ်ညမ်းမှုလျော့ချရေးအတွက် ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ အသေးစိတ်အသိပညာပေးရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကထုတ်ဝေသည့် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်းသိရသည်။

အောင်ဖြူလင်း(၄၁၀)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၉-၂၀၂၅(စနေနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၈:၀၅ မျိုးချစ်တပ်မတော်
၃။ ၀၉:၂၀ လူတိုင်းကျန်းမာသိမှတ်စရာ
၄။ ၁၁:၂၀ ပြည်သူ့ကြားကပြည်သူ့စကား
၅။ ၁၂:၃၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၆။ ၁၃:၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၇။ ၁၄:၀၀ ကျန်းမာသုတ
၈။ ၁၅:၀၀ ဇာတ်လမ်းတို
၉။ ၁၆:၀၀ ကိုယ်လက်လှုပ်ရှားအားကစား
၁၀။ ၁၇:၀၀ မြန်မာသံစဉ်ချိုနားဝင်
၁၁။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၁၂။ ၁၉:၀၀ **CGTN Nature** အစိုင်း(၂၈)

MWD Variety Channel

၆-၉-၂၀၂၅(စနေနေ့)

၁။ ၀၉:၂၀ သိမှတ်ဖွယ်ရာသုတကမ္ဘာ
၂။ ၁၁:၃၀ မြတ်နိုးစေချင်သဘာဝပတ်ဝန်းကျင်
၃။ ၁၄:၂၅ သိလိုသမျှ ကျန်းမာရေးကဏ္ဍာ
၄။ ၂၁:၀၅ မှတ်တမ်းအစီအစဉ်

ဂရုစမ္မအခါတော်နေ့

❖ ဂရုစမ္မ၊ မြတ်လှသည်ချိန်ခါ၊
သူ့အသက်သတ်၊ ထင်ဟပ်သံသရာ၊
အနာရောဂါ၊ များစွာဖြစ်ဆိုး။
ကိုယ်လက်အင်္ဂါ ချို့တဲ့စွာ
မွဲပြာရုပ်ဆင်း ညှိုးသည်နှင့်လေး။

❖ သူ့ဥစ္စာခိုး၊ ဆိုးကျိုးစုံလင်၊
လိမ်လည်လှည့်စား၊ ယူထားထိုသူတွင်၊
ဆင်းရဲလျက်ပင်၊ နေ့စဉ်ဘဝ။
ငတ်မွတ်ခြင်းမှာ စွဲ၍လာ
ဥစ္စာပျက်ပြား ကြသည်နှင့်လေး။

❖ မိစ္ဆာစာရ၊ ကျူးကြသူတွေ၊
ချမ်းသာမရှိ၊ ဆိုးဘိအခြေနေ၊
ဘဝထွေထွေ၊ ယွင်းသွေမုန်းပွား။
စိုးရိမ်များစွာ ချစ်သူကွာ
ကြုံလာရန်ဘေး များသည်နှင့်လေး။

❖ မုသားစကား၊ ပြောများလာသော်၊
ယုံကြည်သူကင်း၊ စိတ်ရင်းမပေါ်၊
ဂုဏ်ရည်မကျော်၊ ထင်ပေါ်မလှ။
အသားအရေ မွဲပြာနေ
ဣန္ဒြေချို့ယွင်း ကြသည်နှင့်လေး။

❖ သုရာမေရိယ သောက်ကြသူငါ၊
အသိချို့ယွင်း၊ ပျက်ယွင်းစိတ်မှာ၊
ရှက်ကြောက်ကင်းကွာ၊ သိက္ခာမဲ့ခြင်း။
ဆင်းရဲတွင်းမှာ နစ်မည်သာ
သာယာမှုများ ကင်းသည်နှင့်လေး။

❖ လတော်သလင်း၊ ကောင်းခြင်းရှိန်ဟုန်၊
ငါးပါးသီလ၊ စောင့်ကြအဖုံဖုံ၊
ကိုယ်ဝတ်လုံခြုံ၊ လှပုံတင့်ဆန်း။
ခါးဝတ်ပမာ ရှိနေပါ
ချမ်းသာကိုယ်စိတ် လန်းသည်နှင့်လေး။

❖ ငြိမ်းချမ်းသာယာ လူ့ကမ္ဘာ
ငါးဖြာတည်ကာ သိကြမည်။
သိန်းသန်းထိုက်စွာ စည်းစိမ်မှာ
ခိုင်မာရှည်ကြာ ရှိလှသည်။ ။

ဘုန်းမောင်ဝင်း(ဗျာပုံ)

လျှပ်စစ်၊ စွမ်းအင်ကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန စွမ်းအင်ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ လျှပ်စစ်၊ စွမ်းအင်ကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရဲရွှာခန်းမ၌ကျင်းပသည်။ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက Rotor Pole များ ပြုပြင်ခြင်းအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ်သန်းပေါင်း ၄၀၀၀၀ ကျော် ကျခံဆောင်ရွက်ပေးခဲ့ကြောင်း၊ လတ်တလောကြုံတွေ့ခဲ့ရသည့် မန္တလေးငလျင်ကြီးကြောင့် လျှပ်စစ်ကဏ္ဍတွင် ငွေကျပ်သန်းပေါင်း ၁၅၃၀၀၀ ကျော် ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပြီး စွမ်းအင်ကဏ္ဍတွင် ငွေကျပ်သန်းပေါင်း ၃၄၀ ကျော်ဆုံးရှုံးခဲ့ကြောင်း၊ ဘေးအန္တရာယ်ဖြစ်ပွားမှုကို မလျှော့ချနိုင်သော်လည်း ဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာနိုင်သော ထိခိုက်ဆုံးရှုံးနိုင်ခြေများကို လျှော့ချနိုင်သဖြင့် ဘေးအန္တရာယ်အတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို ကဏ္ဍတိုင်းတွင် ထည့်သွင်းဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် ရာသီဥတုပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံအတွင်း ဘေးအန္တရာယ်များကြုံတွေ့လာပါက ထိခိုက်ဆုံးရှုံးနိုင်ခြေများကို လျှော့ချနိုင်ရန်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့အနေဖြင့် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်များအလိုက် စီမံဆောင်ရွက်ထားရှိကြောင်း၊ မကြာသေးမီကဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီးကြောင့် လျှပ်စစ်ကဏ္ဍနှင့်စွမ်းအင်ကဏ္ဍများတွင် ထိခိုက်ပျက်စီးမှုများခဲ့သဖြင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများဖြစ်ပေါ်ခဲ့ရာ လျှပ်စစ်ဓာတ်အားအမြန်ဆုံးပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

စကားဝိုင်း ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ ပညာရှင်များက ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြပြီး ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်း ၁၅၀ ဦးတက်ရောက်ကာ သိရှိလိုသည်များ အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပထမပိုင်း)သင်တန်းအမှတ်စဉ် (၄၉) မောင်မယ်သစ်လွင်ကြုံဆိုပွဲအခမ်းအနားကျင်းပ



ရန်ကုန် စက်တင်ဘာ ၅

မြန်မာနိုင်ငံစာရင်းကောင်စီက ကြီးမှူးကျင်းပသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်(Certified Public Accountant – CPA) (ပထမပိုင်း)သင်တန်း အမှတ်စဉ်(၄၉) မောင်မယ်သစ်လွင်ကြုံဆိုပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နဝဒေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦး၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးဝမ်းတင်နှင့်ကောင်စီဝင်များ၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းနှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတို့မှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌက သစ်လွင်မောင်မယ်တို့သည် စာရင်းပညာလောကဏ၏ မျိုးဆက်သစ်လူငယ်များဖြစ်ပြီး နောင်တစ်ချိန် စာရင်းပညာလောကတွင် လင်းလက်တောက်ပလာမည့်ရတနာများဖြစ်သဖြင့် ပို့ချမည့်ပညာရပ်များကို အလေးအနက်ထား၍ လေ့လာဆည်းပူးကြစေလိုကြောင်း၊ အစိုးရနှင့်ပုဂ္ဂလိကဏ္ဍနှစ်ရပ်လုံး၏ စာရင်းလုပ်ငန်းများတွင် Professional များအဖြစ် ရပ်တည်ဆောင်ရွက်ကြရမည့်သူများလည်း ဖြစ်သဖြင့် အတတ်ပညာပိုင်းဆိုင်ရာအရည်အချင်းများသာမက ကျင့်ဝတ်သိက္ခာမြင့်မားသူများဖြစ်ရန်လည်း လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၁)နှင့် မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းဥက္ကဋ္ဌမြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၂)တို့က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာရင်းကောင်စီတွဲဖက်အတွင်းရေးမှူး(၁)က သင်တန်းဆိုင်ရာ အချက်အလက်များ၊ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မောင်မယ်သစ်လွင်များကိုယ်စား အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်းမှ သင်တန်းသားတစ်ဦးနှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းမှ သင်တန်းသားတစ်ဦးတို့က ကျေးဇူးတင်စကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးနှင့် ခရိုင်/မြို့နယ်စာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းများဆောင်ရွက်ရာတွင် စစ်ဆေးတွေ့ရှိချက်များကို လမ်းစဉ်အတိုင်း တိကျ၊ မှန်ကန်၊ ပြည့်စုံစွာ မခြွင်းမချန် အဆင့်ဆင့်စိစစ်တင်ပြကြရန်၊ အပြန်အလှန်လေးစားမှုများထားရှိဆောင်ရွက်ကြရန်၊ အဂတိကင်းရှင်းစွာ ကျင့်ဝတ်စည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရန်၊ သတင်းအချက်အလက်လုံခြုံမှုကို အထူးဂရုပြုကြရန်မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

စစ်ကိုင်းမြို့တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ငလျင်ဘေးသင့်ပြည်သူများကို ပစ္စည်း ၁၀ မျိုးထောက်ပံ့

စစ်ကိုင်း စက်တင်ဘာ ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသမီးများအဖွဲ့ချုပ်ထံမှပေးပို့သည့်ကူညီထောက်ပံ့ရေးပစ္စည်းများအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှတစ်ဆင့် စစ်ကိုင်းမြို့ရှိ ငလျင်ဘေးသင့်ပြည်သူများထံ ပစ္စည်း ၁၀ မျိုး ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မဟာစည်းခုံကြီးဘုရား ဓမ္မဗိမာန်၌ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်က အဖွင့်အမှာစကားပြောကြားပြီး ငလျင်ဘေးသင့်ပြည်သူများနှင့် သီလရှင်ကျောင်းတိုက်များအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ထို့နောက်မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးနှင့် စစ်ကိုင်းတိုင်း ဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က ငလျင်ဘေးသင့်ဘာသာရေးကျောင်းများ၊ သက်ကြီးဘိုးဘွားများ၊ သေဆုံးဝန်ထမ်းများ၊ နာရေးကူညီမှုအသင်းများ၊ နေရပ်စွန့်ခွာပြည်သူများ၊ မသန်စွမ်းသူများကို ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ယင်းနောက် ငလျင်ဘေးသင့်ပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက ပစ္စည်းများထောက်ပံ့ပေးမှုအတွက်ကျေးဇူးတင်စကား



ပြန်လည်ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ပေါ်ရှိ သီရိရွှေဝါသီလရှင်စာသင်တိုက်၊ ဇေယျာရွှေပြည်သီလရှင်ကျောင်းတိုက်များသို့သွားရောက်၍ ထောက်ပံ့ပစ္စည်းများလှူဒါန်းခဲ့ကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ကြွားဝင့်သွေမကွာ တက်နေပမာ ညီညာဆောင်ထမ်းကြတော့သည်

ပြည်စိုးညိမ်း





နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ ရုန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)အပေါင်းထိပ်သီးအစည်းအဝေးကြီး ပြီးခဲ့ပြီဆိုသော်ငြား အနားမယူနိုင်ကြသေးဘဲ ခရီးစဉ်၏ ပထမဆုံးသောလေ့လာရေးအဖြစ် တီယန်ကျင်းဆိပ်ကမ်းသို့ သွားရောက်ခဲ့ကြသည်။

တီယန်ကျင်းဆိပ်ကမ်းသည် တရုတ်နိုင်ငံမြောက်ပိုင်း၏ အဓိကအထူးစီးပွားရေးဇုန်ဖြစ်သည့် Tianjin မြူနီစီပယ် အုပ်ချုပ်ရေးဒေသ Binhai New Area (BNA) ခရိုင်၏ အဓိကအစိတ်အပိုင်းဖြစ်သည်။ Haihe မြစ်အနီး Bohai ပင်လယ်အော်အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ တရုတ်နိုင်ငံမြောက်ပိုင်း၏အဓိကကျသော ထောက်ပံ့နှင့် ပို့ဆောင်ရေးအချက်အချာနေရာအဖြစ် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်သည်။ ရည်ရွယ်ချက်အထမြောက်အောင်မြင်သည်ဟုဆိုရလျက်ရှိမှုအခြေအနေ၊ ကာဗွန်ကင်းစင်သည့် ဆိပ်ကမ်းအဖြစ် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေနှင့် လေအားလျှပ်စစ်ဖြင့် လုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ရှည်လျားသည့်ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသည်ဖြစ်ရာ ရှင်းလင်းတင်ပြမှုများကို နိုင်ငံတော်အကြီးအကဲအပါအဝင် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့လုံး စိတ်ပါဝင်စားစွာ နားထောင်ကြသည်။ နိုင်ငံတော်အကြီးအကဲက သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ ပြန်လည်မေးမြန်းသည်။

အကြီးအကဲ၏ မေးခွန်းများထဲတွင် ပြည်သူပြည်သားများ၏ သက်သာချောင်ချိရေး၊ အရည်အသွေးပြည့်ဝသည့် ကုန်ပစ္စည်းများကို လုံလောက်အောင်ရရှိရေး၊ သယ်ယူပို့ဆောင်ခများ လျော့နည်းသက်သာ၍ တီယန်ကျင်းမြို့ရှိ Renaissance Tianjin Lake ဟိုတယ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Thongloun Sisoulith နှင့် တွေ့ဆုံဆွေးနွေးသည်။

နိုင်ငံနှင့်ပြည်သူများအတွက်ဟု ကိုယ်စီရည်မှန်းထားသူများဖြစ်၍ ဆွေးနွေးမှုများမှာ အသက်ဝင်လှသည်။ နှစ်နိုင်ငံအစိုးရချင်း ချစ်ကြည်ရင်းနှီးမှုသာမက ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးအတွက်လည်း ဆွေးနွေးမှုများပြုလုပ်သည်။ အကြောင်းခြင်းရာနယ်ပယ်များမှာ ကျယ်ဝန်းလှသည်။ ကဏ္ဍပေါင်းစုံအတွက် မျှော်မှန်းဆောင်ရွက်ခြင်းဖြစ်ရာ ရရှိလာနိုင်မည့် အကျိုးကျေးဇူးများမှာ မနည်းလှပေ။ မြန်မာနိုင်ငံသားများအတွက်အကြီးအကဲကပေးလိုသောစေတနာနှင့် ရစေလိုသော တာလှုပ်ရှားဆောင်ရွက်မှုနှင့် တွေ့ဆုံဆွေးနွေးမှုများမှာ အစီအစဉ်အားဖြင့် ပြီးမြောက်ခဲ့ပြီဖြစ်သည်။ သို့သော် နောက်ဆက်တွဲ အကျိုးကျေးဇူးများမှာ မပြီးဆုံးသေးပေ။ အချို့သောအကြောင်းအရာများမှာ တိုးတက်မှုအဖြစ်ရှိနေပြီး အချို့အကြောင်းအရာများမှာ အသစ်အသစ်သော ဖြစ်ထွန်းမှုများအဖြစ် စတင်အသက်ဝင်လာပြီဖြစ်သည်။ တည်ငြိမ်အေးချမ်းမှု၊ တိုးတက်မှု၊ ဖွံ့ဖြိုးမှု၊ ကြီးပွားမှုအစရှိသော ကောင်းကျိုးအထွေထွေတို့မှာ တိုင်းတာကြည့်ရန်ပင် ခက်ခဲလွန်းလှပေမည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ အလုပ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့တက်ရောက်ရန် စက်တင်ဘာလ ၂ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် တီယန်ကျင်းဘူတာမှ ပေကျင်းမြို့သို့ အထူးအမြန်ရထားဖြင့် ဆက်လက်ထွက်ခွာသည်။ ဘူတာရုံလျှောက်လမ်းတစ်ခုလုံးတွင် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အလံငယ်များဝှေ့ယမ်းကာ နွှတ်ဆက်နေကြသည့် တရုတ်နိုင်ငံမှပြည်သူများဖြင့် ပြည့်လျှံလို့နေသည်။ သူတို့မျက်နှာလေးများမှာ ရွှင်ပြုံးကြည်သာလျက် လိုက်လံပါမည်။ ယခုအခါ တရုတ်နိုင်ငံ၏ဒေသနှင့်ပြည်နယ် ၁၄ ခုအတွက် ဝန်ဆောင်မှုပေးလျက်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ထက်ဝက်ပမာဏဖြစ်သည်။

ဆိပ်ကမ်းသို့ရောက်ရှိညည်နှင့်ဆိပ်ကမ်းတာဝန်ခံနှင့် တာဝန်ရှိသူများက ရင်းနှီးလှိုက်လဲစွာ ဆီးကြိုနှုတ်ဆက်ကြသည်။ ဆိပ်ကမ်းတာဝန်ခံနှင့် ဆိပ်ကမ်းတာဝန်ရှိသူတို့က ဆိပ်ကမ်းဆိုင်ရာအချက်အလက်များ၊ ဆိပ်ကမ်းတည်ဆောက်ခဲ့မှုအခြေအနေ၊ ပြည်တွင်းနှင့် နိုင်ငံတကာသို့ ကုန်ပစ္စည်းများပို့ဆောင်လျက်ရှိမှုအခြေအနေ၊ နိုင်ငံဖြတ်ကျော်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ AI စနစ်အသုံးပြု၍ ကွန်တိန်နာများအား သယ်ယူပို့ဆောင်ခြင်းများ ဆောင်ရွက်နိုင်ငံတော်၏ဘဏ္ဍာငွေများ လေလွင့်မှုမရှိစေရေး စသည့်များစွာသောအကြောင်းတရားများကို အခြေခံသည့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတို့အထိ ပါသည်။ ကျယ်ပြန့်လှသည့်ဆွေးနွေးမေးမြန်းမှုများတွင် အသေးစိတ်ကျသည့် ဆွေးနွေးမှုများအထိ ပါဝင်နေသည်။

နိုင်ငံတော်အကြီးအကဲမှာ အနားယူချိန်ဟူ၍ သီးသန့်မထား။ ကြုံတင်ပြင်ဆင်မှုများဖြင့်သာ အချိန်နာရီများကို ကုန်ဆုံးလွန်မြောက်စေခဲ့သည်။ များပြားလှစွာသော လုပ်ငန်းအချိန်ဇယားများအတွင်း ခေါင်းမဖော်နိုင်စတမ်း ဆက်ကာဆက်ကာ ဆောင်ရွက်ခဲ့ကြသည်မှာ မွန်းတည့် ၁၂ နာရီသို့ပင် ရောက်ရှိခဲ့ပြီဖြစ်သည်။ ဆက်လက်၍ စိတ်ဆန္ဒကို အဝေးမှပင်မြင်နိုင်သည်ဟု ဆိုရပါမည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ တစ်နေ့သဘောခရီးစဉ် ပထမပိုင်းအစီအစဉ်မှာ အောင်မြင်စွာပြီးဆုံးခဲ့ပြီဖြစ်သည်။

ဒုတိယပိုင်းအစီအစဉ်ဖြစ်သည့် Tian'anmen ရင်ပြင်၌ကျင်းပမည့် တရုတ်သောအသွင်ကို ဆောင်နေကြသည်။ နှစ်ပေါင်းရှည်ကြာခဲ့ပြီဖြစ်သော နှစ်နိုင်ငံချစ်ကြည်ရေးတည်တံ့ခိုင်မြဲမှု၏ ပကတိအရှိတရားများပါပေ။ **စာမျက်နှာ ၁၂ သို့** ❑

❖ **ခရီးစဉ်အတွင်း နိုင်ငံတော်အကြီးအကဲ၏ ထက်သန်တက်ကြွသောဦးဆောင်မှုနှင့် အတူ အဆင့်မြင့်ကိုယ်စားလှယ်ကြီးများ၏ ညီညာဖြဖြလိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်နေပုံများမှာ အမိမြန်မာနိုင်ငံအတွက် အားတက်ဖွယ်မြင်ကွင်းများပင်ဖြစ်သည်။ ဤသို့လျှင် "ပြည့်အရေးမှန် မြည့်ဆွေးဆံ" စိတ်ဓာတ်ဖြင့် မနားမနေ အားကြိုးမာန်တက် ထမ်းရွက်နေကြသည်မှာ ကြွားဝင့်သွေမကွာ တက်နေပမာ ညီညာဆောင်ထမ်းကြတော့သည်ဟုပင် ညွှန်းဆိုဖွယ်ရာ။**

❑ စာမျက်နှာ ၁၁ မှအဆက်

ပေကျင်းမြို့ Southern Station ဘူတာသို့ရောက်ရှိရာတွင်လည်း တာဝန်ရှိသူများနှင့်အတူ မြို့ခံပြည်သူများက အလံငယ်များဝှေ့ယမ်းကာ လှိုက်လှဲစွာဆီးကြိုနေကြပုံမှာ ကိုယ်စားလှယ်ကြီးများအဖို့ နွေးထွေးသောခံစားမှုကိုရရှိစေသည်။ ထိုမှသည် ကျောက်ယွီထိုင်နိုင်ငံတော်ဧည့်ဂေဟာသို့ အသင့်ပြင်ဆင်ထားသော ယာဉ်တန်းဖြင့် ဆက်လက်ထွက်ခွာခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်ကြီးများမှာ ခရီးရောက်မဆိုက်မှာပင် အနားယူချိန်မှ မထားတော့ဘဲ လိုအပ်သည့်ဆောင်ရွက်ဖွယ်ရာများကို ပြင်ဆင်ပြီးသည်နှင့် နိုင်ငံတော်ဧည့်ဂေဟာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Mr. Han Zheng နှင့် တွေ့ဆုံ၍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံအပြန်အလှန်အထောက်အကူပြုလျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများကို အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ကြသည်။

ဒေသစံတော်ချိန် ညနေ ၃ နာရီခန့်တွင် နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် လင်ကွမ်းဘုရားကျောင်းရှိ ဗုဒ္ဓမြတ်စွယ်တော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် လင်ကွမ်းဘုရားကျောင်းသည် ပေကျင်းမြို့၏ အထင်ကရနေရာတစ်ခုဖြစ်သည်။ ဗုဒ္ဓ၏စွယ်တော်၊ ဓာတ်တော်နှင့် ရှေးဟောင်းစေတီတော်များတည်ရှိခြင်းကြောင့် လူသိများသော သမိုင်းဝင်ဗုဒ္ဓဘုရားကျောင်းတစ်ခုလည်းဖြစ်သည်။

ထိုဘုရားကျောင်းမှ ဗုဒ္ဓမြတ်စွယ်တော်အား ၁၉၅၅ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ လေးကြိမ်ပင်ဆောင်ပူဇော်နိုင်ခဲ့သည်မှာလည်း နှစ်နိုင်ငံပြည်သူများ၏ ဘာသာတရားနှင့် ယဉ်ကျေးမှုတို့ချစ်ကြည်ပေါင်းစည်းလျက်ရှိသည့် ခိုင်မာသော သက်သေပြဆိုချက်တစ်ရပ်ပင်ဖြစ်သည်။

ပေကျင်းမြို့သို့ရောက်ရှိပြီး ပထမဆုံးသောနေ့ရက်မှာပင် မိမိတို့အထွတ်အမြတ်ထားရာ ဘာသာတရား၏ အရိပ်အာဝါသကိုခိုလှုံလိုက်ရသဖြင့် နိုင်ငံတော်အကြီးအကဲနှင့်တကွ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ ရေခြားမြေခြားသို့ ရောက်ရှိနေလင့်ကစား စိတ်ဓာတ်ခွန်အားများတိုးပွားလျက်ရှိသည်။ ဘုရားကျောင်းအတွင်း၌ ညနေခင်းလေပြည်သည် တသုန်သုန်ဆော်သွေးတိုက်ခတ်လျက်။ ငြိမ်းအေးမှု၊ ပေါင်းစည်းညီညွတ်မှုနှင့် ဉာဏ်ပညာ၏ အလင်းဓာတ်တို့ကို ဖော်ညွှန်းနိမိတ်ဆောင်လျက်...။



နိုင်ငံတော်အကြီးအကဲသည် ပြည်ပခရီးစဉ်များသွားရောက်သည့်အခါတိုင်း မအားလပ်သော လုပ်ငန်းတာဝန်များအကြားမှပင် အချိန်ကို မရရအောင်ကြံဆထုတ်နုတ်၍ သက်ဆိုင်ရာနိုင်ငံများတွင် ရောက်ရှိတာဝန်ထမ်းဆောင်နေကြသည့် သံရုံး၊ စစ်သံရုံးမိသားစုဝင်များနှင့် ပညာတော်သင်ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအားပေးလေ့ရှိသည်။

ယခုခရီးစဉ်၌လည်း ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့သွားရောက်၍ သံရုံး၊ စစ်သံရုံးမိသားစုဝင်များနှင့် ပညာတော်သင် ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအားပေးသည်။ နိုင်ငံတော်နှင့် လူမျိုးအကျိုးအတွက် ဆောင်ရွက်လျက်ရှိသည့် ပကတိအခြေအနေမှန်များကို ရှင်းလင်းမှာကြားသည်။ ထို့ပြင် ၎င်းတို့၏ တင်ပြချက်များအပေါ် အရေးတယူနားစွင့်၍ နွေးထွေးကြင်နာမှုကိုပြသသည်။ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။ ယင်းမှာ အကြီးအကဲတစ်ယောက်၏ မိမိနိုင်ငံသားများအပေါ် ထားရှိသည့် အကြားအလပ်မရှိသော ချစ်ခြင်းမေတ္တာကိုထုတ်ဖော်ပြသလိုက်ခြင်းပင်ဖြစ်သည်။

ပေကျင်းမြို့၏နံနက်ခင်းသည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံလျက်ရှိသည်။ စက်တင်ဘာလ ၃ ရက်နေ့သည် ကားတရုတ်နိုင်ငံအတွက် ထူးကဲသောနေ့တစ်နေ့ဖြစ်သည်။ ယခုနှစ်တွင် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀) ပြည့်မြောက်သည့်နေ့ဖြစ်ရာ ပို၍ပင် ထူးခြားလေးနက်လို့နေသည်။



ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် Tian'anmen ရင်ပြင်၌ အထိမ်းအမှတ်အဖြစ် စစ်ရေးပြအခမ်းအနားကြီးကို ဂုဏ်ကျီးကျင်းပခဲ့ပါသည်။

ဂျပန်တို့၏ ကျူးကျော်တိုက်ခိုက်မှုနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ ဖက်ဆစ်ဆန့်ကျင်ရေးအတွက် တရုတ်ပြည်သူများ၏ ခုခံတော်လှန်ရေးစစ်ပွဲကြီး အောင်ပွဲအထိမ်းအမှတ်အဖြစ် ယခုအခမ်းအနားကြီးကိုကျင်းပခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ပထမအကြိမ်ကျင်းပခဲ့ပြီး ယခု ၂၀၂၅ ခုနှစ်တွင် ဒုတိယအကြိမ်မြောက် ကျင်းပခြင်းလည်းဖြစ်သည်။ မိမိနိုင်ငံ၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်ရေးအင်အားခိုင်မာတောင့်တင်းစေရန် ဆောင်ရွက်နေခြင်းမှာ အတုယူဖွယ်ပင်ဖြစ်သည်။

ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ပေကျင်းမြို့၏ ပထမဆုံးသော လေ့လာရေးခရီးစဉ်အဖြစ် Tebian Electric Apparatus (TBEA) ကုမ္ပဏီသို့ သွားရောက်ခဲ့ကြသည်။ နိုင်ငံတော်အကြီးအကဲမှာ လုပ်ငန်းတာဝန်များ တရစပ်ဆောင်ရွက်နေသော်လည်း မောပန်းနွမ်းနယ်ဟန်မရှိ၊ ရွှင်လန်းတက်ကြွလျက်ရှိသည်ကို သတိပြုမိသည်။

ကုမ္ပဏီရုံးခန်းတွင် ခင်းကျင်းပြသထားသည့် TBEA ကုမ္ပဏီမှဆောက်လုပ်ထားသော လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ကမ္ဘာတစ်ဝန်း စွမ်းအင်ထုတ်လုပ်ရေး၊ သတ္တုထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ပစ္စည်းများထုတ်လုပ်တပ်ဆင်နေမှုအခြေအနေများမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ကုမ္ပဏီအစည်းအဝေးခန်းမတွင် ဆက်လက်တွေ့ဆုံကြရာ မြန်မာနိုင်ငံ၏စွမ်းအင်ကဏ္ဍာတိုးတက်ရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို အပြန်အလှန်အားဖြင့် ရင်းရင်းနှီးနှီးဆွေးနွေးနိုင်ခဲ့ကြသည်။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်။ နည်းပညာရပ်များက အရှိန်အဟုန်ဖြင့် တိုးတက်ထွန်းကားနေကြသည်။ ရပ်တန့်နေခဲ့၍ မရ၊ ကျန်နေခဲ့၍ မရ။ အရှိန်အဟုန်ပြင်းစွာ စီးဆင်းနေသော နည်းပညာမြစ်ကြီးအတွင်း သက်ဆိုင်ရာ ပညာရပ်များကို "ရတဲ့နေရာကယူ၍ လိုတဲ့နေရာမှာပြန်သုံး" နိုင်အောင် တစိုက်မတ်မတ်ချဉ်းကပ်လေ့လာနေရမည်သာဖြစ်သည်။ အကြီးအကဲသည် သည်သဘောကို ကောင်းစွာသိမြင်နားလည်ထားသူပီပီ လေ့လာသင့်လေ့လာထိုက်သည်တို့ကို မနားမနေရှာဖွေဖော်ထုတ်ခြင်းလည်းပြုသည်။ ရောက်အောင်သွား၍ စူးစမ်းခြင်းလည်းပြုသည်။ ယင်းတို့ကိုအခြေခံ၍ စေ့ငုကြံဆခြင်းလည်းပြုသည်။ ဤသည်တို့မှာ မိမိနိုင်ငံ၏ရေခံမြေခံနှင့် သဟဇာတကျကျအကျိုးဖြစ်ထွန်းစေမည့် အကြောင်းတရားများပင်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်အကြီးအကဲ၏ ထက်သန်တက်ကြွသောဦးဆောင်မှုနှင့်အတူ အဆင့်မြင့်ကိုယ်စားလှယ်ကြီးများ၏ညီညာဖြဖြလိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်နေပုံများမှာ အမိမြန်မာနိုင်ငံအတွက် အားတက်ဖွယ်မြင်ကွင်းများပင်ဖြစ်သည်။ ဤသို့လျှင် "ပြည့်အရေးမှန်မြည့်ဆွေးဆံ" စိတ်ဓာတ်ဖြင့် မနားမနေအားကြိုးမာန်တက် ထမ်းရွက်နေကြသည်မှာကြွားဝင့်သွေမဂ္ဂာတက်နေပမာညီညာဆောင်ထမ်းကြတော့သည်ဟုပင် ဥွန်းဆို ဖွယ်ရာ။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ အလုပ်သဘောခရီးစဉ် ဒုတိယပိုင်းအစီအစဉ်မှာ ပြီးဆုံးခဲ့ပြီဖြစ်ရာ စက်တင်ဘာလ ၄ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ပေကျင်းမြို့ Beijing Capital International Airport မှ ဟာဝင်းမြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြသည်။ နှစ်ရက်တာမျှ ခေတ္တနေထိုင်ခဲ့သော ပေကျင်းမြို့ကြီးမှာဖွေးဖွေးလှုပ်နေသောတိမ်လွှာထုများအောက်တွင် ဝေး၍ဝေး၍ ကျန်ရစ်ခဲ့လေပြီ။

အထူးလေယာဉ်ကြီးမှာ အမိနိုင်ငံတော်အတွက် ရွှေရောင်တောက်ပသောနေ့ရက်များကို ထုဆစ်ဖန်တီးလျက်ရှိသည့် နိုင်ငံတော်အကြီးအကဲနှင့် အဆင့်မြင့်ကိုယ်စားလှယ်များကို တင်ဆောင်ကာ ဟာဝင်းမြို့ဆီသို့ ဦးတည်ပျံသန်းလျက်...။ ။

အလုပ်သမားဝန်ကြီးဌာန ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းများ၏သားသမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၅

အလုပ်သမားဝန်ကြီးဌာနရှိ ဦးစီးဌာန၊ အဖွဲ့ရုံးများမှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းများ၏ သား၊ သမီး၊ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ ထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများနှင့် မိဘများတက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ ကမြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၄) ဖွင့်ပွဲအခမ်းအနားတွင် အဆင့်မြင့် ပညာရပ်များကို သင်ယူခြင်းသည် ဘွဲ့အဆင့်အတန်းတစ်ခု ရရှိရန်အတွက် သာမဟုတ်ဘဲ လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေပြီး ဘက်စုံအသိဉာဏ်ကြွယ်ဝသည့် နိုင်ငံသားများ ပေါ်ပေါက်စေကြောင်း၊ အရည်အသွေးရှိသည့် အဆင့်မြင့်ပညာရပ်များကို နှံ့စပ်စွာ တတ်မြောက်ထားသည့် ဘွဲ့ရပညာတတ်များစွာပေါ်ထွက်လာမှသာ နိုင်ငံအတွက် အကျိုးရှိနိုင်မည်ဖြစ်ကြောင်း လမ်းညွှန်ခဲ့သဖြင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး သူများအားလုံး အဆင့်မြင့်ပညာရေးကို မဖြစ်မနေပြီးမြောက်အောင် ဆက်လက်ကြိုးစားသင်ယူကြရန်နှင့် မိမိအတွက်ရော နိုင်ငံအတွက်ပါ အကျိုးဖြစ်ထွန်းစေမည့် မျိုးဆက်သစ်လူငယ်များကို လူတော်လူကောင်းများ၊ အဖိုးတန်လူစွမ်းအား အရင်းအမြစ်များ ဖြစ်ထွန်းလာစေရေး ကျောင်းသား၊ ကျောင်းသူ၊ မိဘနှင့် သက်ဆိုင်သူများအားလုံးက ပူးပေါင်းပါဝင်ကြိုးပမ်းအားထုတ်ကြရန်လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သား၊ သမီးများအနက်မှ ထူးချွန်စွာအောင်မြင်ခဲ့သည့် ၄ ဘာသာ ဂုဏ်ထူးရှင်တစ်ဦး၊ ၃ ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် လေးဦး၊ ၁ ဘာသာဂုဏ်ထူးရှင် လေးဦးတို့ကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဝန်ထမ်းသားသမီးများနှင့် ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၅

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဝန်ထမ်းသား၊ သမီးများဖြစ်ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁၁) စုဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ၊ ထူးချွန်ဆုရဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် နိုင်ငံတစ်ဝန်းတွင် ပြည်သူ့အကျိုးပြု လမ်း၊ တံတားများနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို တာဝန်ကျေပွန်စွာ ဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့၏သားသမီးများကိုလည်း ယခုကဲ့သို့ ပညာရေးဘက်တွင် ထူးချွန်အောင်ပြုစုပျိုးထောင်ပေးနိုင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ ကျောင်းသား၊ ကျောင်းသူများသည် ပညာကို ဆက်လက်ဆည်းပူးခြင်းဖြင့် မိမိတို့၏ လူမှုဘဝတိုးတက်မြင့်မားလာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏လူစွမ်းအားအရင်းအမြစ်များလည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း၊ လူငယ်များသည် အတတ်ပညာသာမက အသိပညာဗဟုသုတပြည့်ဝရန်အထူးလိုအပ်ကြောင်း၊ ထို့ပြင် မိဘဆရာသမားတို့၏ အဆုံးအမများကို နာခံရမည့်အပြင် သုတ၊ ရသပြည့်ဝစေမည့်စာပေများကို ဖတ်ရှုရင်း ဘဝတိုးတက်မှုကိုရှာဖွေကြရန်တိုက်တွန်းပြောကြားပြီး ၆ ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ၄ ဘာသာဂုဏ်ထူးရှင်ခြောက်ဦး၊ လူရည်ချွန်သုံးထပ်ကွမ်းတစ်ဦးနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် အရာထမ်းအခြေခံသင်တန်းတွင် သင်တန်းသား စံပြဆုရရှိသူ နှစ်ဦးတို့ကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုလက်မှတ်နှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ၄ ဘာသာဂုဏ်ထူး၊ ၃ ဘာသာဂုဏ်ထူး၊ ၂ ဘာသာဂုဏ်ထူးရှင်နှင့် ၁ ဘာသာဂုဏ်ထူးရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုလက်မှတ်နှင့်ချီးမြှင့်ငွေများပေးအပ်ပြီး ၆ ဘာသာဂုဏ်ထူးရှင် တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့သူကျောင်းသား၊ ကျောင်းသူ ၁၅၂ ဦးအနက် ၆ ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ ၄ ဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ ၃ ဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ ၁ ဘာသာဂုဏ်ထူးရှင် ၁၆ ဦး စုစုပေါင်းဂုဏ်ထူးရှင် ၅၄ ဦးကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုလက်မှတ်နှင့် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရှိရသည်။

မြဝတီ

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် စတင်တည်ထောင်သည့် (၁၄) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပ



ရန်ကုန် စက်တင်ဘာ ၅

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် စတင်တည်ထောင်ခြင်း (၁၄) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ယနေ့တွင် ကော်မရှင်ရုံး Conference Room ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ကော်မရှင်ဖွဲ့စည်းပြီးနောက်ပိုင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေးအပါအဝင် ကော်မရှင်၏တာဝန်များကို ကြိုးပမ်းထမ်းဆောင်ခဲ့ကြောင်း၊ ကော်မရှင်သက်တမ်း ၁၄ နှစ်တာကာလအတွင်း အားထုတ်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသူ အားလုံးကို မှတ်တမ်းတင်ဂုဏ်ယူကြောင်း၊ ကော်မရှင်၏ရည်ရွယ်ချက်သည် လူ့အခွင့်အရေးကိုလေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ထွန်းပေါ်ပေါက်လာစေရေးဖြစ်ကြောင်း၊ ကော်မရှင်၏ရည်ရွယ်ချက်အောင်မြင်စေရန် တစ်ဦးကောင်းတစ်ယောက်ကောင်းဖြင့်ဆောင်ရွက်၍မရဘဲ အဖွဲ့အစည်းဖြင့် စုပေါင်းလုပ်ကိုင်မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ ကော်မရှင်သည် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်မူဘောင်နှင့် နှစ်စဉ်လုပ်ငန်းစီမံချက်တို့ဖြင့် လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်အောင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အငြိမ်းစားကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များက ဂုဏ်ယူဝမ်းမြောက်စကားပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၆·c	/	၃၄·c
ရန်ကုန်	၂၅·c	/	၃၃·c
မန္တလေး	၂၈·c	/	၃၇·c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

မိုးပိုလာနိုင်

နေပြည်တော် စက်တင်ဘာ ၅

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးပိုလာနိုင်သည်။

(မိုး/၈လ)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သစ်အခြေခံနှင့် ကြိမ်၊ ဝါး လုပ်ငန်းရှင်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တွေ့ဆုံဆွေးနွေး



နေပြည်တော် စက်တင်ဘာ ၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် သစ်အခြေခံစက်မှုလုပ်ငန်းရှင်များ၊ ကြိမ်၊ ဝါးအခြောထည်လုပ်ငန်းရှင်များ၊ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းမှတာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သစ်အခြေခံစက်မှုလုပ်ငန်းများအတွက် လိုအပ်သောကုန်ကြမ်းများကို သဘာဝတောများနှင့်နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်စိုက်ခင်းများမှ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ထို့အတူ ဝါးနှင့်ကြိမ်လုပ်ငန်းများအတွက် သဘာဝတောများမှ နှစ်စဉ်ဝါးလုံးရေ ၃၁၈ သန်းနှင့် ကြိမ်လုံးရေ ၇၇ သန်း ထုတ်ပေးလျက်ရှိပြီး ပုဂ္ဂလိကဝါးစိုက်ခင်းများ တည်ထောင်မှုကိုလည်း စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း၊ ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသော သစ်၊ ဝါး၊ ကြိမ် အခြောထည်များကို နည်းပညာအသုံးပြု၍ တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ပါက အလုပ်အကိုင်အခွင့်အရေးများ ပိုမိုရရှိစေမည့်အပြင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းရရှိရေး၊ ထုတ်လုပ်သည့်အခြောထည်များပြည်တွင်း၊ပြည်ပဈေးကွက်ရရှိရေး၊ကုန်ခြောများ တင်ပို့ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ဌာနနှင့်လုပ်ငန်းရှင်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် လုပ်ငန်းရှင်များက လုပ်ငန်းအမျိုးအစားအလိုက် ကုန်ကြမ်းရရှိမှု၊ ကုန်ခြောထုတ်လုပ်မှုနှင့် ဈေးကွက်အခြေအနေ၊ တွေ့ကြုံရသောအခက်အခဲများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ထောက်လှမ်းရေးသတင်းအချက်အလက်များအသုံးပြု၍ စုံစမ်းစစ်ဆေးမှု၊ ဆုံးရှုံးနိုင်ခြေအန္တရာယ်များနှင့်အညီ ငွေကြေးခဝါချမှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများ၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိသည့် မှုခင်းဖြစ်စဉ်များတွင် ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း လုပ်ငန်းများကိုအပြိုင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်၍ နိုင်ငံဖြတ်ကျော် ငွေကြေးခဝါချမှုများ စုံစမ်းစစ်ဆေးချက်များ၊ ပြစ်မှုကျူးလွန်ရာမှရရှိသော အကျိုးအမြတ်များ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများ၊ ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များနှင့် တန်ဖိုးတူညီသည့် အခြားသောပစ္စည်းများကို သိမ်းဆည်းခြင်း၊ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် သန်လျင်မြို့နယ်ရှိမြန်မာ့သစ်လုပ်ငန်း အမှတ်(၃)ပရိဘောဂစက်ရုံ၌ စက်ရုံမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာ့သစ်လုပ်ငန်း အနေဖြင့် တန်ဖိုးမြှင့်သစ်အခြောထည်များ ထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များရှာဖွေ၍ ရငွေလျာထားချက် ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားပြီး စက်ရုံအတွင်း တန်ဖိုးမြှင့်ခွဲသားများထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အမှတ်(၁)ပရိဘောဂစက်ရုံနှင့် အမှတ်(၂) ပရိဘောဂစက်ရုံများ၌ တန်ဖိုးမြှင့်ခွဲသား၊ ကြမ်းခင်းတုံးနှင့်အိမ်သုံး၊ ရုံးသုံးပရိဘောဂအခြောထည်များထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှုအစီရင်ခံစာနှင့် ပတ်သက်၍ အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group - APJG) မျက်နှာချင်းဆိုင်အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်

နေပြည်တော် စက်တင်ဘာ ၅

မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှုအစီရင်ခံစာနှင့်ပတ်သက်၍ အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group–APJG) မျက်နှာချင်းဆိုင်အစည်းအဝေးကို စက်တင်ဘာလ ၃ ရက်မှ ၄ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအိုအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

မျက်နှာချင်းဆိုင်အစည်းအဝေး၌ အာရှပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group–APJG) တွဲဖက်သဘာပတိများ၊ ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force–FATF) နှင့်အာရှပစိဖိတ်ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (Asia Pacific Group on Money Laundering – APG) အတွင်းရေးမှူးရုံးတို့မှ ကိုယ်စားလှယ်များ၊ APJG မှ အကဲဖြတ်သူများ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

မျက်နှာချင်းဆိုင်အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ရန်ကျန်ရှိနေသည့်အစီအမံများအပေါ် APJG မှအကဲဖြတ်သူများ၏ အကြံပြုချက်များနှင့်အညီ မြန်မာနိုင်ငံ၏ အကောင်အထည်ဖော်လိုက်နာဆောင်ရွက်ချက်များကို အကဲဖြတ်သူများအား လုံးမခြိုင့်ချိတ်ဆက်သိရှိစေရန်အတွက် လက်ငင်းရလဒ်တစ်ခုချင်းအလိုက် ဆောင်ရွက်ပြီးစီးမှုများကို ဦးစွာရှင်းလင်းတင်ပြဆွေးနွေးသည်။ ယင်းနောက် APJG မှအကဲဖြတ်သူများက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှုအစီရင်ခံစာပါ လက်ငင်းရလဒ်တစ်ခုချင်းအလိုက် ထပ်မံရှင်းလင်းသိရှိလိုသည့်အချက်များ မေးမြန်းခဲ့ခြင်းအပေါ် မြန်မာကိုယ်စားလှယ်များက အသေးစိတ်ရှင်းလင်းဖြေကြားသည်။

ဆွေးနွေးချက်များတွင် မြန်မာနိုင်ငံရှိ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှရရှိသည့် ငွေကြေးစုံစမ်းစစ်ဆေးမှု၊ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ၊ ပြစ်မှုကျူးလွန်ရာမှရရှိသော အကျိုးအမြတ်များ၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများ၊ ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များနှင့် တန်ဖိုးတူညီသည့် အခြားသောပစ္စည်းများကို သိမ်းဆည်းခြင်း၊ ငွေကြေးခဝါချမှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများ၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိသည့် မှုခင်းဖြစ်စဉ်များတွင် ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းများကိုအပြိုင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်၍ နိုင်ငံဖြတ်ကျော် ငွေကြေးခဝါချမှုများ စုံစမ်းစစ်ဆေးချက်များ၊ ပြစ်မှုကျူးလွန်ရာမှရရှိသော အကျိုးအမြတ်များ၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများ၊ ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များနှင့် တန်ဖိုးတူညီသည့် အခြားသောပစ္စည်းများကို သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်းနှင့် နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းခြင်းများကို တိုးမြှင့်ဆောင်ရွက်ချက်များ၊ နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းပြီးသည့် အချိန်အထိ ပစ္စည်းတန်ဖိုးကို ထိန်းသိမ်းထားနိုင်ရေးအတွက် စီမံခန့်ခွဲသည့်နည်းလမ်းများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေမူဘောင်များကို FATF ၏ စံသတ်မှတ်ချက်များနှင့်အညီ ပိုမိုအားကောင်းစေရန် ပြင်ဆင်ထုတ်ပြန်ချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် အသိအမှတ်ပြု၍ အဆင့်သတ်မှတ်ချက်များတိုးမြှင့်ပေးရန် ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

မြဝတီ

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၅

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၇ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ (International Day of Clean Air for Blue Skies) အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယနေ့တွင် Naypyitaw State Polytechnic University ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် Naypyitaw State Polytechnic University တို့မှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် Naypyitaw State Polytechnic University ပါမောက္ခချုပ် ဒေါက်တာစိုးလင်းအောင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးတို့က လေထုအရည်အသွေးကောင်းမွန်စေရေးနှင့် လေထုညစ်ညမ်းမှုကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်စေရေးဆိုင်ရာများ ဆွေးနွေးပြောကြားခြင်း၊ အသိပညာပေး Video ပြသခြင်း၊ အသိပညာပေးဟောပြောခြင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်းများဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

မြဝတီ

(၅-၉-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၉၅၀,၀၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီအစည်းအဝေး(၂/၂၀၂၅)ကျင်းပ



နေပြည်တော် စက်တင်ဘာ ၅

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီအစည်းအဝေး(၂/၂၀၂၅)အား ယနေ့နေ့လယ်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူများ စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုစုပေါင်း ၄၅ ဦးက Video Conferencing ဖြင့် တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အား ဩဂုတ်လ ၁၃ ရက်တွင် ပထမအကြိမ် အဖြစ်ကျင်းပခဲ့ပြီး ယနေ့ကျင်းပမှုမှာ ဒုတိယအကြိမ်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များဖြစ်သည့် လွတ်လပ်ပြီး တရားမျှတမှု အပြည့်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ကျင်းပပေးပြီး ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်တာဝန်များအား လွှဲပြောင်းပေးအပ်နိုင်ရေး၊ လုံခြုံမှုအပြည့်အဝရှိသော ရွေးကောက်ပွဲဖြစ်စေရေး” စသည်တို့ကို တာဝန်ရှိသူအဆင့်ဆင့်မှ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က “ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ဒီဇင်ဘာလ ၂၈ ရက်မှစတင်၍ အဆင့်လိုက် ကျင်းပပေးမည်ဖြစ်ကြောင်းနှင့် လွတ်တော်အသီးသီးအတွက် မဲဆန္ဒနယ်များအား သတ်မှတ်ကြေညာခဲ့ပြီးဖြစ်သဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီအဆင့်ဆင့်အနေဖြင့် ဥပဒေနှင့်အညီအပ်နှင်းထားသည့် လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များအား သိရှိနားလည်ပြီး လုံခြုံရေးဆိုင်ရာလုပ်ငန်းတာဝန်များကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များပျက်ပြားစေရန် Online Media များပေါ်၌ ရေးသားဖြန့်ဝေခဲ့သူများအား ဖော်ထုတ်အရေးယူခြင်းများဆောင်ရွက်ခဲ့ရာ စက်တင်ဘာလ ၂ ရက်အထိ “ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ”အရ အရေးယူဆောင်ရွက်မှုသုံးမှုရှိခဲ့ပြီဖြစ်ကြောင်း၊ ဆက်လက်၍ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီများအနေဖြင့် ရွေးကောက်ပွဲလုံခြုံရေးအားထိခိုက်စေနိုင်သောလှုံ့ဆော်မှုများ၊ ဝါဒဖြန့်မှုများအား Online Media အသုံးပြုကျူးလွန်နေသူများအား စုံစမ်းဖော်ထုတ်အရေးယူသွားရန်လိုအပ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ကာလများအလိုက် လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာနကပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများအနေဖြင့် တပ်မတော်၊ ပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်မှုနှိမ်နင်းရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ အရိုန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌများက တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရွေးကောက်ပွဲလုံခြုံရေးအတွက် လျာထားအစီအမံများအား ရှင်းလင်းတင်ပြခဲ့ပြီး ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် ဒုတိယဥက္ကဋ္ဌများက အသီးသီး ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှကိုယ်စားလှယ်က ဆွေးနွေးတင်ပြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အသိအပ်သည်များ ဖြည့်စွက်မှာကြားကာ အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

■ ကျောဖုံးမှအဆက်

ကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်အတွင်းရှိ အဏ္ဏဝါနေရင်းဒေသများအား ကာကွယ်နိုင်ရန်၊ လန်ပိကျွန်းမကြီးနှင့် ၎င်း၏ အရန်ကျွန်းငယ်(၂၆)ကျွန်း၏ ပတ်ဝန်းကျင်ရှိ အဏ္ဏဝါဂေဟစနစ်နှင့် ကမ်းရိုးတန်းဂေဟစနစ်ရေရှည်တည်တံ့စေရန်၊ အဏ္ဏဝါမျိုးစိတ်များထိန်းသိမ်းကာကွယ်ရန်နှင့် အဏ္ဏဝါသယံဇာတများ ပေါကြွယ်ဝလာစေရန်ရည်ရွယ်၍ မူလကုန်းမြေဧရိယာ(၅၀၆၁၇ ဒသမ ၆၂)ဧကအား ကုန်းမြေ (၅၇၃၄၄ ဒသမ ၀၃)ဧကနှင့် ရေပြင် (၂၄၂၈၂၄ ဒသမ ၆)ဧက၊ စုစုပေါင်း (၃၀၀၁၆၈ ဒသမ ၆၃)ဧကဖြင့် “လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ဧရိယာပြင်ဆင်သတ်မှတ်ခြင်း”ကို အမိန့်ကြော်ငြာစာအမှတ် (၇၉ /၂၀၂၅)အရ ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)မှစ၍ ပြင်ဆင်သတ်မှတ်ကြောင်း ကြေညာခဲ့ပါသည်။

မြန်မာနိုင်ငံ၏ပထမဆုံးသော အဏ္ဏဝါအမျိုးသားဥယျာဉ်ဖြစ်သည့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ကို ၁၉၉၆ ခုနှစ်တွင် သတ်မှတ်ဖွဲ့စည်းခဲ့ပြီး ၎င်းဒေသ၏ထူးခြား၍ အရေးပါသောဂေဟစနစ်များ၊ မျိုးစိတ်များ၊ ယဉ်ကျေးမှုထုံးတမ်းစဉ်လာများ တည်ရှိမှုနှင့် ၎င်းတို့အကြား သဟဇာတဖြစ်စွာတည်ရှိနေမှုတို့ကြောင့် ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခဲ့ပါသည်။ အဏ္ဏဝါအမျိုးသားဥယျာဉ်၏ ၇၅ ရာခိုင်နှုန်းခန့်သည် အဏ္ဏဝါနေရင်းဒေသနေရာများဖြစ်ပြီး ကျန်ဧရိယာများသည် အမြစ်မိမ်းတော ၂၂ ရာခိုင်နှုန်း၊ ဒီရေတော ၂ ရာခိုင်နှုန်းနှင့် ပင်လယ်သဲခုံတော ၁ ရာခိုင်နှုန်းတို့ဖြစ်ပါသည်။

အဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း နို့တိုက်သတ္တဝါ(၁၉)မျိုး၊ ငှက်မျိုးစိတ်(၂၂၈)မျိုး၊ တွားသွားသတ္တဝါ (၁၉)မျိုး၊ ကုန်းနေရေနေသတ္တဝါ (၁၁) မျိုး၊ ငါးမျိုးစိတ် (၄၂)မျိုး၊ ကဏန်းမျိုးစိတ် (၄၂) မျိုး၊ အပင်မျိုးစိတ် (၁၉၅)မျိုး၊ ပင်လယ်မြက်မျိုးစိတ် (၁၁) မျိုး၊ ပင်လယ်ရေမှော် (၇၃)မျိုး၊ အပင်မျော Phytoplankton မျိုးစိတ် (၁၃၆)မျိုး၊ အကောင်မျော Zooplankton မျိုးစိတ် (၁၅၀)မျိုး၊ ဒီရေတောပင်မျိုးစိတ် (၆၃)မျိုးနှင့် သန္ဓာကျောက်တန်းများ တွေ့ရှိရပါသည်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ဧရိယာအတွင်း မျိုးသုဉ်းပျောက်ကွယ်လုနီးပါး မျိုးစိတ်များဖြစ်သည့်ရေဝက် (Dugong)၊ ပြင်သာလိပ်၊ မလေးသင်းခွေချပ်နှင့် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သောမျိုးစိတ်များဖြစ်သည့် ဖျံအမွေးနု၊



မျောက်ပုတီး၊ မျောက်လေပွေ၊ ချေလှော်၄၊ လင်းဆွဲများလည်း ကျက်စားလျက်ရှိပြီး သန့်ရှင်းလှပသော ကမ်းခြေများနှင့် ပင်လယ်ရှုခင်းများ၊ ဒီရေတောမြစ်ဝကွင်း ပင်လယ်လိပ်များ ဥဥချသည့်လိပ်သောင်များနှင့် မူလဒေသခံများဖြစ်သည့် မော်ကင်း(ခေါ်)ဆလုံလူမျိုးများ၏ ရိုးရာဓလေ့ထုံးတမ်းများသည် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၏ အလွန်ထူးခြားထင်ရှားသောတန်ဖိုးများဖြစ်ပြီး သဘာဝအခြေခံဧရိယာသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အရေးပါသည့်အခွင့်အလမ်းများဖြစ်ပါသည်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အား ဧရိယာပြင်ဆင်သတ်မှတ်ခြင်းဖြင့် ကမ်းရိုးတန်းဒေသရှိ ဧဝမျိုးစုံမျိုးကွဲများ၊ ဒီရေတောဂေဟစနစ်များအား ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ခြင်း၊ ကမ္ဘာ့ဈေးကွက်ဝင် အရည်အသွေးမြင့်မြန်မာ့ပုလဲများ ထွက်ရှိရာဒေသတစ်ခုဖြစ်ခြင်း၊ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသတွင် ကျက်စားနေထိုင်သည့် မျိုးသုဉ်းပျောက်ကွယ်လုနီးပါးမျိုးစိတ်များအား ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ခြင်းနှင့် သုတေသနလုပ်ငန်းများအတွက် တန်ဖိုးမဖြတ်နိုင်သည့်အခွင့်အလမ်းများ ထောက်ပံ့ပေးနိုင်မည်ဖြစ်ခြင်း၊ ကျွန်းအနေအထားများကို အခြေပြု၍ နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်နိုင်ခြင်းဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်ခြင်း၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန

★ **ရှေ့ဖုံးမှအဆက်**

ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုအားကြည့်ရှုကြသည်။ ထို့နောက် ခင်းကျင်းပြသထားသည့် လယ်ယာစိုက်ပျိုးမှုသရုပ်ပြပုံစံငယ်၊ စိုက်ပျိုးရေးလုပ်ငန်းများကို ခေတ်မီဒစ်ဂျစ်တယ်နည်းပညာဖြင့် လူမဲ့နည်းပညာဖြင့် AI စနစ်သုံး စက်ယန္တရားများနှင့်ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းများဆောင်ရွက်မှု၊ AI စနစ်သုံး Drone များဖြင့် စိုက်ပျိုးမြေများအတွက် လိုအပ်သောမြေဩဇာများ၊ ပိုးသတ်ဆေးများကြဲပက်ခြင်းနှင့် မျိုးစေ့များကြဲပက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ကုန်ကြမ်းပစ္စည်းများကိုအသုံးပြု၍ တန်ဖိုးမြင့်ကုန်ချော ပစ္စည်းများအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိမှုနှင့် Beidahaung Smart Agriculture မှ ထုတ်လုပ်ထားရှိသည့် အဆင့်မြင့်လယ်ယာသုံးစက်ပစ္စည်းကိရိယာများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် Data Center အတွင်း လူမဲ့နည်းပညာဖြင့် AI စနစ်သုံး ကောက်စိုက်စက်များ၊ Drone များဖြင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ရေသွင်းရေထုတ်လုပ်ငန်းများအား ဆောင်ရွက်နေမှုအခြေအနေများကို တိုက်ရိုက်ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Heilongjiang Huida Technology Co., Ltd. တွင် လှည့်လည်ကြည့်ရှုလေ့လာစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Beidahaung Smart Agriculture Exhibition Center အတွင်း ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Heilongjiang Huida Technology Co., Ltd. တွင် လှည့်လည်ကြည့်ရှုလေ့လာစဉ်။

ဥက္ကဋ္ဌက သိရှိလိုသည်များမေးမြန်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ Beidahaung Smart Agriculture Exhibition Center မှ တာဝန်ရှိသူတစ်ဦးက အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လက်ဆောင်ပစ္စည်းများပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် Heilongjiang Huida Technology Co., Ltd. သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ပြီး ကုမ္ပဏီမှ နိုင်ငံတကာ၌ အဆင့်မြင့်စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မောင်းသူမဲ့စနစ်နှင့် ယာဉ်ယန္တရားများ၏ ဒီဇိုင်းများထုတ်လုပ်လျက်ရှိမှု၊ စိုက်ပျိုးရေးအထောက်အကူပြု Drone များထုတ်လုပ်အသုံးပြုလျက်ရှိမှု၊ AI စနစ်သုံး မြေအခြေအနေတိုင်းတာရေးပစ္စည်းများ ထုတ်လုပ်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နေ့လယ်ပိုင်းတွင် ဟာပင်းမြို့၊ Taiping International Airport မှတစ်ဆင့် စီးရွှမ်ပြည်နယ် ချန်ဒူးမြို့သို့ ထွက်ခွာကြရာ ဟေလုံကျန်းပြည်နယ်အစိုးရအဖွဲ့မှ ဒုတိယဝန်ကြီးအဆင့်ရှိသူတစ်ဦးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Heilongjiang Huida Technology Co., Ltd. တွင် လှည့်လည်ကြည့်ရှုလေ့လာစဉ်။

နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ချန်ဒူးမြို့၊ Chengdu Shuangliu International Airport သို့ရောက်ရှိကြရာ စီချုပ်ပြည်နယ်အစိုးရအဖွဲ့မှ ဒုတိယဝန်ကြီးအဆင့်ရှိသူတစ်ဦးနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်းသတင်းရရှိသည်။


(၁၀၀)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Heilongjiang Huida Technology Co., Ltd. တွင် လှည့်လည်ကြည့်ရှုလေ့လာစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Heilongjiang Huida Technology Co., Ltd. မှ တာဝန်ရှိသူတစ်ဦးတို့ အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချန်ဒူးမြို့၊ Chengdu Shuangliu International Airport သို့ရောက်ရှိရာ စီချုပ်ပြည်နယ်အစိုးရအဖွဲ့မှ ဒုတိယဝန်ကြီးအဆင့်ရှိသူတစ်ဦးနှင့်အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်စဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing and high-level Myanmar delegation visit Beidahaung Smart Agriculture Exhibition Center and Heilongjiang Huida Technology Co., Ltd.

NAY PYI TAW September 5

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who was on a working visit in Harbin, Heilongjiang province, accompanied by Commission Secretary Joint Executive Chief General Ye Win Oo, and other members of the high-level Myanmar delegation, visited Beidahaung Smart Agriculture Exhibition Center at 8.30 am local time today.

The Senior General and party arrived at Beidahaung Smart Agriculture Exhibition Center and were welcomed by officials there.

They watched a video clip on the functions of the Beidahaung Smart Agriculture Exhibition Center, and looked around the displays on a scale model of agricultural undertakings, digitalized automated ploughing, cultivating and harvesting with the use of AI-powered machinery, fertilizing, pesticide-application and seeding with AI-powered drones, turning agricultural raw materials into finished goods for sale, and modern farm machinery produced by

See Page - 21 ●●



Senior General Min Aung Hlaing visits Beidahaung Smart Agriculture Exhibition Center.



Senior General Min Aung Hlaing observes the displays of Heilongjiang Huida Technology Co., Ltd.



Senior General Min Aung Hlaing being seen off by officials at Taiping International Airport in Harbin.

Zalun Township supplies 65,000 baskets of 90-day paddy variety to Yangon



ZALUN September 5

Local businesspersons from Zalun Township of Ayeyawady Region sent 65,000 baskets of 90-day paddy variety to Yangon market said Daw Win Win Shwe, the owner of rice and paddy trading depot in Zalun Township.


It is reported that during this month, up to 65,000 baskets of the 90-day paddy variety were exported and sold from Zalun Township to the Yangon market. This particular variety of paddy is classified under the non-premium rice category.

"In the past month, a large volume of 90-day paddy was shipped and sold to the Yangon market. Most of the agricultural products from Zalun Township are exported to Yangon. This 90-day variety belongs to the rough rice category. Because of the strong demand from Yangon buyers, the volume of exports has increased. Paddy prices are currently still high. Yangon traders are also making active connections to buy large quantities of this variety in the current month. Compared to other varieties, this 90-day paddy has been traded more, both in the past month and in the current market. It is being transported and sold via both land and water routes without any issues," said Daw Win Win Shwe.

It is also reported that in the past month, the market price for 100 baskets of 90-day paddy reached up to Ks-1.515 million. As a result of the improved trade in this paddy variety, farmers, merchants, transporters, and truck rental service providers have been able to gain employment and business opportunities.

SMK

Farmers grow more than 6,000 acres of groundnut in Myaung Township



MYAUNG September 5

Statistics of Sagaing District Agriculture Department stated that local farmers have so far planted more than 6,000 acres of groundnut as monsoon crops in Myaung Township of Sagaing Region.

For the 2025-2026 monsoon cropping season, Myaung Township has planned to cultivate 15,021 acres of groundnut. Planting began in May this year, and as of today, 6,157 acres have already been sown.

"This year, we've targeted over 10,000 acres of groundnut cultivation in Myaung Township. So far, over 6,000 acres have been planted. We are working to meet the full target acreage. As an oil crop, groundnut is showing promising progress. Cultivation has been increasing year by year," said Daw Thida Lwin, Head of the Department of Agriculture for Sagaing District.

In Myaung Township, approximately one and a half baskets of seed are used per acre for groundnut cultivation. The total cost per acre—including seed expenses, labor, fertilizer, and pesticide—exceeds Ks-200,000, and the expected yield is over 50 baskets per acre.

This year, to ensure successful groundnut fields in Myaung Township, agricultural staff are conducting field inspections to prevent pest and disease outbreaks and maintain weed-free fields. They are also collecting monitoring records to support crop health and productivity.

SK

More than 2,000 acres of rainfed paddy planted in Mawlaik Township this year

MAWLAIK September 5

According to the data of Mawlaik District Agriculture Department, local farmers planted more than 2,000 acres of rainfed paddy in Mawlaik Township of Sagaing Region this year.

For the 2025–2026 monsoon cropping season, Mawlaik Township has planned to cultivate 19,500 acres of rainfed paddy. Planting began in June this year, and as of today, 2,553 acres have already been sown.

"This year, local authorities earmarked cultivation of over 19,000 acres of rainfed paddy in Mawlaik Township. So far, more than 2,000 acres have been planted. We are working toward achieving the full target acreage. Necessary technologies and quality seeds will be provided for the rainfed paddy cultivation. We are also conducting field visits to help farmers plant in a timely manner," said Daw Kywe Kywe Hlaing, Head of the Department of Agriculture for Mawlaik District.

It is reported that during this monsoon season, the relevant township agricultural departments and local farmers are collaborating to ensure systematic and uninterrupted rainfed paddy cultivation. Farmers in Mawlaik Township are receiving support in the form of agricultural technology, pest prevention education, measures to avoid crop loss, and guidance to ensure harvested paddy is properly stored and covered in time.

To ensure successful rainfed paddy fields and good yields this year, officials and staff from the township's Department of Agriculture are providing field-level technical support, including selecting quality and pure seeds, protecting crops from pests, weeding and thinning, removing off-type varieties, and applying fertilizers properly.

SMK

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Thailand's parliament elects Anutin Charnvirakul as new PM

BANGKOK September 5

Anutin Charnvirakul, leader of the opposition Bhumjaithai Party, was elected as Thailand's new prime minister on Friday after winning a majority in a parliamentary vote.

Anutin beat his sole contender, nominated by the ruling Pheu Thai Party, Chaikasem Nitisiri, to lead the next government, following a court ruling last week that removed Paetongtarn Shinawatra from her premiership over an ethics breach.

After a one-hour roll call vote, Second Deputy House Speaker Chalad Khamchuang announced that Anutin received 311 votes in favor from the 490 members present in the House of Representatives, exceeding the simple majority required for approval.

Anutin is pending formal endorsement by Thailand's King Maha Vajiralongkorn to become the 32nd prime minister of the Southeast Asian country.


In his speech after the parliamentary session, Anutin expressed gratitude to fellow Thai citizens for their support for the prime ministership, which was conveyed through members of parliament.

"I look forward to working hand in hand with all parties for the benefit of the people, aiming to advance the country swiftly and mitigate past missed opportunities," he told reporters.

He added that his new government would strictly uphold law enforcement and combat abuses of power.

The 58-year-old former construction magnate was appointed as Bhumjaithai's leader in 2012. He has since served as deputy prime minister in several administrations and held ministerial portfolios for interior and public health.

The outgoing Pheu Thai-led government's bid earlier this week to dissolve the lower house of parliament was rejected on legal grounds concerning its authority to undertake such actions while serving in a caretaker capacity,



clearing the way for Friday's prime ministerial election.

The nation's main opposition People's Party, which controls nearly a third of lower house seats, announced its support for Anutin to form a new government on Wednesday under the condition that parliament is dissolved for fresh elections within four months.

Xinhua

Russia never turned its back on the US – Putin

MOSCOW September 5

Moscow remains open to economic cooperation with the United States, and American businesses could benefit from joint projects if Washington allows it, Russian President Vladimir Putin said Friday at the Eastern Economic Forum in Vladivostok.

"The two-headed eagle, one of our national symbols, looks both ways," Putin said, referencing Russia's coat of arms. "Did we turn our backs on anyone? We did not. The eagle looks both ways just like always."

Putin said US companies have expressed an interest in projects and proposed joint natural gas production in Alaska.

"They have resources, and we have extraction and liquefaction technologies that are significantly more efficient than what our American partners have," he said. Putin said American and Russian companies are eager to cooperate, should the US government give the green light.

The Russian leader added that opportunities also exist in the Arctic. "Together with our Chinese friends, we discussed possible three-way operations in our Arctic fields that can be done right now," he said. "Those proposals are on the table and require a political decision."

US President Donald Trump has argued that expanding economic cooperation with Russia is in America's best interest, but the Ukraine conflict continues to stand in the way of the normalization of relations.

Earlier this week, Kirill Dmitriev, Putin's aide on international economic affairs who is directly involved in talks with the US, said trilateral Arctic ventures involving Russia, the US and China could ease geopolitical tensions among the three powers.

RT

Northern sea route shipping growth depends on Russian LNG, Icebreakers - Association



VLADIVOSTOK September 5

The pace of shipping growth along the Northern Sea Route depends on future exports of Russian liquefied natural gas and its icebreaker fleet, Subeom Choi, secretary general of the Korea Arctic Shipping Association, told Sputnik on the sidelines of the Eastern Economic Forum.

"Looking to 2025, further growth is possible, particularly if Russian LNG exports expand and icebreaker services remain stable. Yet, the pace of growth will be strongly conditioned by external factors: global energy demand, the sanctions environment, marine insurance availability, and seasonal ice conditions," Choi said.

In 2024, the total volume of cargo transported via the Northern Sea Route set a new record of 39.9 million tonnes, while transit cargo rose sharply by 46 percent year-on-year.

A rise in Chinese shipments via the route could boost shipping along Russia's Arctic coast by more than 50 percent year-on-year.

"The upward momentum is clear, but the actual trajectory remains uncertain," Choi said.

Sputnik

Second round of Putin-Trump talks possible in near future: Kremlin

MOSCOW September 5

The second round of talks between Russian President Vladimir Putin and U.S. President Donald Trump may take place in the near future, Kremlin Spokesman Dmitry Peskov said on Friday.

Such a meeting could be arranged very quickly if the presidents consider it necessary, Peskov said in an interview with Russian news outlet aifru.

He added that working contacts between the two countries are constantly maintained.

Putin and Trump previously held a meeting on Aug.15 in Anchorage in the U.S. state of Alaska, marking Putin's first visit to the United States in nearly a decade and the first face-to-face meeting between the two countries' presidents since 2021.

Xinhua

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing holds discussions with party secretary of Sichuan Province



Senior General Min Aung Hlaing receives Party Secretary of Sichuan Province Mr. Wang Xiaohui.

NAY PYI TAW September 5

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who is currently on a working visit to Chengdu, Sichuan Province, held discussions with Party Secretary of Sichuan Province Mr. Wang Xiaohui at the Jin Jiang Hotel at 6 pm local time today.

Also present together with the Senior General were Commission Secretary Joint Executive Chief General Ye Win Oo, members of the commission, union ministers and the Myanmar ambassador to the People's Republic of China and the party secretary of Sichuan Province was accompanied by members of the provincial government, Ambassador of PRC to Myanmar H.E. Ms. Ma Jia and officials.

They frankly exchanged views on development of bilateral relations and cooperation, promotion of trade between Sichuan Province and Myanmar, deployment of relief teams from Sichuan Province during the Mandalay Earthquake and technical cooperation in agriculture, livestock breeding and industrial sectors between Sichuan Province and Myanmar.

After the meeting, the party secretary of Sichuan Province hosted an honorary dinner in honour of the Myanmar high-level delegation led by the Senior General. **100**

●● From Page - 18

the Center.

At the Data Center, the Senior General and party observed AI driven automated transplanters, drone-aided agricultural activities, and irrigation and drainage activities. Regarding the reports presented by officials of the Center, the Senior General asked for more information.

An official of the Center presented a commemorative gift to the Senior General, who in return, presented gifts.

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing and high-level Myanmar delegation arrived at Heilongjiang Huida Technology Co., Ltd.,and were welcomed by the company officials. The Senior General and party heard a report on the company's advanced agricultural undertakings worldwide, designing of automated machinery, production and application of agricultural drones, and manufacturing of AI- powered land surveying tools, presented by officials. The Senior General joined in the discussions and asked for more information.



Senior General Min Aung Hlaing observes the board showing the global agricultural undertakings of Heilongjiang Huida Technology Co., Ltd.

The Senior General then exchanged commemorative gifts with a company official.

The Senior General and high-level Myanmar delegation left Taiping International Airport in Harbin for Chengdu in Sichuan province in the afternoon, and were seen off at the airport by an official with the rank of a deputy minister of Heilongjiang province government and other officials.

The Senior General and delegation arrived in Chengdu Shuangliu International Airport in Chengdu in the evening, and were welcomed by an official with the rank of a deputy minister of Sichuan province and party. **100**

ကမ္ဘာ့အင်အားချိန်ခွင်လျှာကိုထိန်းညှိပြီး ကမ္ဘာကြီးတည်ငြိမ်အေးချမ်းရေးအတွက် အရေးပါလာမယ့် တရုတ်နိုင်ငံရဲ့စစ်ရေးပြအခမ်းအနားမှ ဂုဏ်ယူဖွယ်ရာစစ်လက်နက်ပစ္စည်းများ - (၂)

ထက်မြတ်



ပြီး ခဲ့တဲ့ အပိုင်း(၁)တုန်းက တရုတ်နိုင်ငံမှာ ကျင်းပတဲ့ စစ်ရေးပြအခမ်းအနားကြီးမှာ ထုတ်ဖော်ပြသခဲ့တဲ့ စစ်လက်နက်ပစ္စည်းများအနက် ချေမှုန်းရေးရိုင်ဖယ်အသစ်၊ တင့်နဲ့သံချပ်ကာအသစ်၊ တာဝေးပစ်အတွဲလိုက်ဒုံးပစ်လောင်ချာ၊ သဘော်တင်လေဆာလက်နက်၊ စွမ်းအားမြင့်မိုက်ခရိုဝေ့လက်နက်စနစ်တွေအကြောင်း တင်ပြခဲ့တာဖြစ်ပါတယ်။ ဒီလက်နက်တွေက အသေးစားနဲ့အလတ်စားလက်နက်အဆင့်သာရှိသေးတယ်လို့ ပြောရမှာပေါ့။ ဒါပေမဲ့လည်း သူတို့ရဲ့စွမ်းဆောင်ရည်အပိုင်းက တခြားပြိုင်ဘက်တွေထက်သာလွန်မှုတွေရှိနေတာကိုလည်း မြင်တွေ့ရပါတယ်။

ဒီကနေ့ဆက်လက်ပြီးတင်ပြပေးသွားမှာက ကမ္ဘာတစ်ဝန်းရှိ စစ်လက်နက်ပစ္စည်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေ စိတ်ဝင်တစားရှိလှတဲ့လက်နက်တွေအကြောင်းဖြစ်ပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံအတွက် နျူကလီးယားအဟန့်အဖြစ် အင်မတန်အရေးပါတဲ့သုံးချောင်းထောက်နျူကလီးယားလက်နက်များ၊ တိုက်ချင်းပစ်ဒုံးကျည်များစတဲ့ စစ်လက်နက်ပစ္စည်းများရဲ့အကြောင်းအရာတွေကို တင်ပြပေးသွားမှာပါ။

တရုတ်နိုင်ငံအနေနဲ့ အခုလိုမျိုးစစ်ရေးပြအခမ်းအနားကြီးမှာ ဘာကြောင့်ဒီလိုမျိုးစွမ်းအားမြင့်မားလှတဲ့ လက်နက်ကြီးတွေကိုထုတ်ဖော်ပြသရတာလဲဆိုတဲ့မေးခွန်းအတွက်အဖြေကတော့ အပိုင်း(၁)မှာ တင်ပြခဲ့သလိုပဲ ကမ္ဘာ့အင်အားချိန်ခွင်လျှာကို ထိန်းညှိနိုင်ဖို့ဖြစ်ပါတယ်။ ကမ္ဘာ့အင်အားချိန်ခွင်လျှာကိုထိန်းညှိနိုင်ခြင်းအားဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်အေးချမ်းရေးကိုလည်း ထိန်းသိမ်းပြီးသားဖြစ်သွားပါတယ်။

နောက်တစ်ချက်ပြောချင်တာက တရုတ်နိုင်ငံလိုမျိုး ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံအတွက် မဟာဗျူဟာမြောက်ဒုံးကျည်တွေက သိပ်ကိုအရေးပါပြီး အရာရောက်ပါတယ်။ အထူးသဖြင့် အမျိုးသားလုံခြုံရေးကိုကာကွယ်တဲ့နေရာမှာ မရှိမဖြစ်လိုအပ်တဲ့နည်းလမ်းတစ်ခုအဖြစ်ပါဝင်နေပါတယ်။ ဒါကြောင့် ဒီလိုလက်နက်များဟာ လက်နက်များလို့ဆိုပေမယ့်လည်း ဂုဏ်ယူဖွယ်ရာကောင်းတဲ့လက်နက်များသာဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်တို့ သုံးချောင်းထောက်နျူကလီးယားလက်နက်စနစ်အကြောင်းနဲ့ အပိုင်း(၂)ကိုစလိုက်ကြရအောင်။

သုံးချောင်းထောက် နျူကလီးယားလက်နက်စနစ်

နျူကလီးယားလက်နက်တွေဟာ စစ်ရေးပစ်မှတ်အရ အင်မတန်မှတန်ဖိုးရှိတဲ့ပစ်မှတ်တွေပါ။ သူ့ကိုမြေပြင်မှပစ်လွှတ်နိုင်တဲ့ အမျိုးအစားတစ်ခုတည်း သာထုတ်လုပ်ထားမယ်ဆိုရင် ရန်သူက အဲဒါကိုချေမှုန်းလိုက်တဲ့အခါ ကိုယ့်စွမ်းအားမဲ့သွားပါလိမ့်မယ်။ ဒါကြောင့် မြေပြင်တစ်ခုတည်းကနေသာမကဘဲ ဝေဟင်နဲ့ ရေပြင်ကနေပါပစ်လွှတ်နိုင်တဲ့ နျူကလီးယားလက်နက်များကို တီထွင်ဖန်တီးကြတာဖြစ်ပါတယ်။ ဒါကို သုံးချောင်းထောက် နျူကလီးယားလက်နက်စနစ်လို့ခေါ်တာပါ။

ရုပ်ရှင်တွေထဲမှာတော့ ခလုတ်လေးတစ်ချက်နှိပ်လိုက်ရင် ဒုံးကျည်တွေထွက်သွားတာမြင်တွေ့ရပေမယ့် ဒီလိုမျိုးထွက်သွားနိုင်ဖို့အတွက် နည်းပညာက အင်မတန်မှအရေးကြီးပါတယ်။ အထူးသဖြင့် ဝေဟင်ပစ်နဲ့ ရေပြင်ပစ်နျူကလီးယားဒုံးကျည်တွေဟာ နည်းပညာလိုအပ်ချက်မြင့်မားလှပါတယ်။ ဒီလိုမျိုးလိုအပ်ချက်မြင့်မားလှတဲ့နည်းပညာကို တရုတ်နိုင်ငံက ကိုယ့်နည်းကိုယ့်ဟန်နဲ့ ပိုင်ဆိုင်ထားပြီးပြီဆိုတာကို အခုစစ်ရေးပြပွဲမှာမြင်တွေ့လိုက်ရတာပါ။ တရုတ်နိုင်ငံအနေနဲ့ မြေပြင်၊ ရေပြင်၊ ဝေဟင်အခြေပြုပစ်လွှတ်နိုင်တဲ့ နျူကလီးယားလက်နက်များကို ပိုင်ဆိုင်ထားပြီဆိုတာ အခုမှပထမဆုံးအကြိမ်ထုတ်ဖော်ပြသခဲ့တာဖြစ်ပါတယ်။

ဒီအပိုင်းမှာ အဓိကအလေးပေးထုတ်ဖော်ပြသခဲ့တဲ့လက်နက်တွေက ဝေဟင်မှပစ်လွှတ်နိုင်တဲ့ JL-1 အမျိုးအစား တာဝေးပစ်ဒုံးကျည်၊ ရေငုပ်သင်္ဘောမှပစ်လွှတ်နိုင်တဲ့ JL-3 အမျိုးအစား တိုက်ချင်းပစ်ဒုံးကျည်၊ အဆင့်မြှင့်တင်ထားတဲ့ မြေပြင်အခြေပြုတိုက်ချင်းပစ်ဒုံးကျည်များဖြစ်တဲ့ DF-61 နဲ့ DF-31BJ တို့ဖြစ်ပါတယ်။

JL-1၊ JL-3၊ DF-61 နဲ့ DF-31BJ

JL-1 ဆိုတာ တရုတ်နိုင်ငံရဲ့ ပထမဆုံးသော ဝေဟင်ပစ်လွှတ်အမြင့်ပျံဒုံးကျည် (ALBM) ဖြစ်ပါတယ်။ သူ့ကို မဟာဗျူဟာမြောက် တာဝေးဗုံးကြဲလေယာဉ်ကနေ ပစ်လွှတ်နိုင်ပါတယ်။ တရုတ်နိုင်ငံမှာတော့ အဲဒီဒုံးကျည်ကိုပစ်လွှတ်နိုင်တဲ့ H-6 အမျိုးအစား ဗုံးကြဲလေယာဉ်ရှိပါတယ်။ မဟာဗျူဟာမြောက်ဗုံးကြဲလေယာဉ်ဆိုတာ အချိန်မရွေးထွက်ခွာပျံသန်းနိုင်တဲ့အပြင် ဒုံးကျည်ပစ်လွှတ်တိုက်ခိုက်မှုကိုလည်း အချိန်မရွေးလုပ်ဆောင်နိုင်စွမ်းရှိပါတယ်။ ဒါကြောင့် တစ်ဖက်ရန်သူအနေနဲ့ အဲဒီလိုဗုံးကြဲလေယာဉ်ကိုခြေရာခံဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တဲ့အတွက် ကြိုတင်ကာကွယ်မှုလုပ်ဖို့ အင်မတန်ခက်ခဲစေမှာပါ။ JL-1 အနေနဲ့ ရောက်ရှိနိုင်တဲ့ခရီးအကွာအဝေးက မိုင်ပေါင်း ၄၉၇၀ အထိရှိတယ်လို့ လေ့လာသူတွေကသုံးသပ်ထားပါတယ်။ အမြန်နှုန်းကတော့ အသံထက် ၅ ဆကျော်မြန်တဲ့နှုန်းနဲ့ပေါ့။

နောက်တစ်ခုက JL-3 ပါ။ သူက ရေငုပ်သင်္ဘောကနေပစ်လွှတ်နိုင်တဲ့ အမြင့်ပျံဒုံးကျည်အမျိုးအစား (SLBM) ဖြစ်ပါတယ်။ တိုက်ချင်းပစ်ဒုံးကျည်မျိုးပါ။ ဒါ့အပြင် မျိုးဆက်သစ် SLBM လည်းဖြစ်ပါတယ်။ သူရောက်ရှိနိုင်တဲ့ အကွာအဝေးက ရေမိုင် ၅၄၀၀ (ကီလိုမီတာ ၁၀၀၀၀) အထိဖြစ်တာကြောင့် အရှေ့မြောက်အာရှဒေသရှိ ရေငုပ်သင်္ဘောကနေပစ်လွှတ်လိုက်မယ်ဆိုရင် ဥရောပဒေသတစ်ခွင်နဲ့ အမေရိကန်ပြည်မကြီးရှိ ဘယ်လိုပစ်မှတ်ကိုမဆို ထိမှန်နိုင်စွမ်းရှိမှာပါ။ သူ့အနေနဲ့သယ်ဆောင်နိုင်တဲ့ နျူကလီးယားထိပ်ဖူးအရေအတွက်ကလည်း ၁၀ လုံးခန့်ရှိမယ်လို့ လေ့လာသူများက ခန့်မှန်းထားကြပါတယ်။ သူသည်လည်း ရေငုပ်သင်္ဘောကနေ ပစ်လွှတ်တာဖြစ်တာကြောင့် ရေငုပ်သင်္ဘောကိုတောင်မှ ဘယ်နေရာမှာရှိတယ်ဆိုတာ မထောက်လှမ်းနိုင်တဲ့အခြေအနေမှာ ဒီလိုမျိုးစွမ်းဆောင်ရည်မြင့်မားပြီး ဘယ်နေရာမှာရှိတဲ့ပစ်မှတ်ကိုထိမှန်မလဲဆိုတာ ဘယ်သူမှမမျှော်မှန်းနိုင်တဲ့အတွက် ရန်သူတွေအတွက်တော့ တကယ့်ကို သတိထားရမယ့် လက်နက်စနစ်တစ်ခုဖြစ်ပါတယ်။

အခုကျင်းပသွားတဲ့ စစ်ရေးပြပွဲမှာ မြေပြင်အခြေစိုက်ပစ်လွှတ်နိုင်တဲ့ တိုက်ချင်းပစ်အမြင့်ပျံဒုံးကျည် (ICBM) အမျိုးအစားပေါင်း ကိုးမျိုးအထိကိုထုတ်ဖော်ပြသသွားတာတွေ့ရပါတယ်။ အဲဒီဒုံးကျည်တွေထဲကမှ ဒုံးကျည်အမျိုးအစားအသစ်ထဲမှာ DF-61 လည်းပါဝင်ပါတယ်။ တရုတ်ဒုံးတပ်ဖွဲ့က DF-41 ကိုလက်ရှိအသုံးပြုနေတာဖြစ်တဲ့အတွက် အခုလိုမျိုး DF-61 ကိုထုတ်ဖော်ပြသလိုက်ချိန်မှာ စစ်လက်နက်ပစ္စည်း

စာမျက်နှာ ၂၃ သို့ ↻



၁ စာမျက်နှာ ၂၂ မှအဆက်

ဆိုင်ရာ လေ့လာသူများ အံ့အားသင့်သွားရပါတယ်။ ဘာကြောင့်လဲဆိုရင် ၂၀၁၉ ခုနှစ်ကမှ DF-41 ကိုထုတ်ဖော်ပြသပြီး အသုံးပြုနေတာဖြစ်တဲ့အတွက်ပါ။ အခုအချိန်မှာ DF-61 နဲ့ပတ်သက်ပြီး အသေးစိတ်အချက်အလက်တွေမထွက်လာပေမယ့်လည်း DF-41 ကတော့ အကွာအဝေးအားဖြင့် ကီလိုမီတာ ၁၂၀၀၀ မှ ၁၅၀၀၀ ကြား ရောက်ရှိနိုင်ကာ ရှူကလီးယားထိပ်ဖူး ၁၀ ခုအထိတင်ဆောင်နိုင်စွမ်းရှိတယ်လို့ သိထားပါတယ်။ ဒါကြောင့် DF-61 ရဲ့စွမ်းပကားကလည်း DF-41 ထက်ပိုမှာတော့ အသေအချာပါပဲ။

သုံးချောင်းထောက်ရှူကလီးယားလက်နက်စနစ်အတွက် နောက်ထပ်မြေပြင်အခြေပြုပစ်လွှတ်နိုင်တဲ့ တိုက်ချင်းပစ်ဒုံးကျည်တစ်မျိုးကတော့ DF-31BJ ပါ။ သူက လောင်စာခဲသုံးတိုက်ချင်းပစ်အမြင့်ပျံဒုံးကျည်အမျိုးအစားဖြစ်တဲ့ DF-31 ကိုအဆင့်မြှင့်တင်ထားတာဖြစ်ပါတယ်။ ဒီဒုံးကျည်အမျိုးအစားက မြေစိုက်ဒုံးပစ်ပေါက်ကနေ ပစ်လွှတ်နိုင်တဲ့ဒုံးကျည်မျိုးဖြစ်ပါတယ်။ လက်ရှိအသုံးပြုနေတဲ့ အဆင့်အမြင့်ဆုံးသော DF-31 အမျိုးအစားတိုက်ချင်းပစ်ဒုံးကျည်က DF-31AG ဖြစ်ပါတယ်။ သူရောက်ရှိနိုင်တဲ့အကွာအဝေးက ကီလိုမီတာ ၁၁၂၀၀ ကျော်ပါ။ သူ့ကို ပြီးခဲ့တဲ့နှစ် စက်တင်ဘာလကမှလက်တွေ့စမ်းသပ်မှုလုပ်ခဲ့တာဖြစ်ပါတယ်။ အခုစစ်ရေးပြပွဲမှာ DF-31BJ ကို ထုတ်ဖော်ပြသခြင်းဟာ တရုတ်နိုင်ငံရဲ့ဒုံးတပ်ဖွဲ့က DF-31 အမျိုးအစားကိုမှ A Series ကိုကျော်လွန်ပြီး B Series ကိုပင်တိုးတက်ထုတ်လုပ်နိုင်နေပြီဆိုတာကိုရည်ညွှန်းနေတာဖြစ်တယ်လို့ လေ့လာသူများကသုံးသပ်ထားကြပါတယ်။

DF-5C

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဒုံးတပ်ဖွဲ့အတွက် နောက်ထပ်အင်အားဖြည့်တင်းပေးလိုက်တဲ့ တိုက်ချင်းပစ်ဒုံးကျည်တစ်မျိုးက DF-5C ဖြစ်ပါတယ်။ သူက လောင်စာရည်သုံးဒုံးကျည်အမျိုးအစားဖြစ်ပြီး ရောက်ရှိနိုင်တဲ့အကွာအဝေးက ကီလိုမီတာ ၂၀၀၀၀ ကျော်ဖြစ်ပါတယ်။ ဒီစွမ်းရည်ကြောင့် DF-5C ဒုံးကျည်ဟာ ကမ္ဘာပေါ်မှာ အဝေးဆုံးအကွာအဝေးရောက်ရှိနိုင်စွမ်းရှိတဲ့ တိုက်ချင်းပစ်ဒုံးကျည်ဖြစ်လာရပါတယ်။ ဒီလိုမျိုးရောက်ရှိနိုင်တဲ့စွမ်းရည်ကြောင့်ပဲ ကမ္ဘာပေါ်ရဲ့ဘယ်နေရာမှာမဆိုရှိတဲ့ ဘယ်လိုပစ်မှတ်ကိုမဆို ထိမှန်အောင်ပစ်ခတ်နိုင်စွမ်းလည်း ရှိပါတယ်။

DF-5C ဒုံးကျည်မှာ မတူညီတဲ့အင်္ဂါရုပ်ခြောက်ခုပါဝင်ပါတယ်။ ပထမတစ်ခုက တည်ဆောက်ပုံပါ။ စစ်ရေးပြပွဲမှာတောင်မှ ဒုံးကျည်ရဲ့အစိတ်အပိုင်းသုံးခုဖြစ်တဲ့ ဒုံးအင်ဂျင်အပိုင်း၊ ပင်မကိုယ်ထည်အပိုင်းနဲ့ ရှူကလီးယားထိပ်ဖူးများသယ်ဆောင်ပြီး ကမ္ဘာ့လေထုအတွင်းပြန်ဝင်မယ့် ဒုံးကျည်ထိပ်ဖူးအပိုင်းတို့ကို ကားသုံးစီးနဲ့ခွဲပြီးတင်ဆောင်ကာ ပြသခဲ့ရပါတယ်။ ဒုတိယတစ်ခုက ရောက်ရှိနိုင်တဲ့အကွာအဝေးဖြစ်ပါတယ်။ အပေါ်မှာပြောခဲ့တဲ့အတိုင်းပဲ ကီလိုမီတာ ၂၀၀၀၀ အထိရောက်ရှိနိုင်ပါတယ်။ တတိယတစ်ခုက ကမ္ဘာပေါ်ရှိ ဘယ်ပစ်မှတ်ကိုမဆို ထိမှန်အောင် ပစ်ခတ်နိုင်ခြင်းဖြစ်ပါတယ်။ စတုတ္ထတစ်ခုက သူ့ရဲ့ ပျံသန်းမှုအမြန်နှုန်းပါ။ အသံထက် ၁၀ ဆမကမြန်တဲ့ နှုန်းနဲ့ပျံသန်းနိုင်တာကြောင့် ခေတ်ပြိုင်ဒုံးကျည်ကြားဖြတ်စနစ်တွေကို နောက်ကောက်ချန်ထားခဲ့လို့ရပါတယ်။ ပဉ္စမတစ်ချက်က ရှူကလီးယားထိပ်ဖူး ဒါမှမဟုတ် သမားရိုးကျထိပ်ဖူးပေါင်းများစွာကို သယ်ဆောင်နိုင်ခြင်းပါ။ ဆဋ္ဌမတစ်ချက်က တိကျမှုဖြစ်ပါတယ်။ သူ့မှာလမ်းညွှန်စနစ်ပေါင်းများစွာကိုအသုံးပြုထားတဲ့အတွက် တိကျမှုအပိုင်းမှာတော့ ပြောစရာကိုလိုမယ်မထင်ပါဘူး။

အခုတင်ပြခဲ့တဲ့အချက်အလက်တွေကို လေ့လာခြင်းအားဖြင့် သဘာဝအားဖြင့်ခံစစ်အတွက်သာ အသုံးပြုလေ့ရှိတဲ့ ရှူကလီးယားလက်နက်တွေကို တရုတ်နိုင်ငံက စဉ်ဆက်မပြတ်တိုးတက်အောင်လုပ်ဆောင်လာနေတာတွေ့ရပါတယ်။ သူတို့အနေနဲ့ အခုလိုမျိုးလုပ်ဆောင်နေရတဲ့အကြောင်းရင်းများစွာအနက် အဓိကကျတဲ့အကြောင်းရင်းက တရုတ်နိုင်ငံကို တစ်ဖက်ရန်သူက ရှူကလီးယားလက်နက်များအသုံးပြုခြိမ်းခြောက်ခြင်းမှကာကွယ်ရန်သာဖြစ်ပါတယ်။ တရုတ်နိုင်ငံက အခုလိုမျိုး ရှူကလီးယားလက်နက်တွေကို ထုတ်လုပ်နေတယ်ဆိုတာ တိုက်ခိုက်ရေးအတွက်မဟုတ်ပါဘူး။ အဟန့်အတားတစ်ခုအနေနဲ့သာဖြစ်ပါတယ်။ နောက်လာမယ့်အပိုင်း(၃)မှာတော့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အနေနဲ့ ဒစ်ဂျစ်တယ်နည်းပညာ၊ ဉာဏ်ရည်တုနည်းပညာတို့ကို စစ်ဘက်နည်းပညာနဲ့ပေါင်းစပ်အသုံးပြုရာကနေထွက်ပေါ်လာတဲ့ အဆင့်မြင့်စစ်လက်နက်ပစ္စည်းများနဲ့ပတ်သက်တဲ့အကြောင်းအရာများကို ရေးသားတင်ပြပေးသွားမှာဖြစ်ပါတယ်။ ။

Ref: IE, SCMP

တောမီးလောင်ကျွမ်းမှုများက ကျန်ကမ္ဘာ့တိုက်ကြီးများ၏ လေထုအရည်အသွေးကိုပင် ကျဆင်းစေနိုင်ဟု ကုလသမဂ္ဂပြော

ဂျီနီဗာ၊ သဘာဝဘေး

တောမီးလောင်ကျွမ်းမှုကြောင့် လေထုညစ်ညမ်းစေသည့်အရာများ ပိုမိုထွက်ရှိလာကာ ထိုအရာများသည် တောမီးလောင်မှုမဖြစ်ပွားသည့် ကျန်ရှိသော ကမ္ဘာ့တိုက်ကြီးများ၏ လေထုအရည်အသွေးကိုပင် ကျဆင်းစေနိုင်ကြောင်း၊ ကုလသမဂ္ဂ၏မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာအေဂျင်စီက စက်တင်ဘာလ ၅ ရက် တွင်ထုတ်ပြန်ထားသည်။

ကမ္ဘာပေါ်ရှိပြည်သူများရှူသွင်းနေသော လေထုအရည်အသွေးသည် ရာသီဥတုပြောင်းလဲမှုနှင့်တိုက်ရိုက်ချိတ်ဆက်နေကြောင်း၊ ထို့ကြောင့် လေထုအရည်အသွေးကျဆင်းမှုနှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုတို့ကို အတူတကွရင်ဆိုင်ဖြေရှင်းရမည်ဖြစ်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်း၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် အမေဇုန်တောအုပ်အတွင်း တောမီးလောင်မှု၊ ကနေဒါနှင့်ဆိုက်ဘေးရီးယားဒေသတို့တွင်တောမီးလောင်မှုတို့သည် လေထုအရည်အသွေးကျဆင်းမှုကို ပိုမိုဖြစ်ပွားစေခြင်းဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်သော သက်ရောက်မှုများသည် နိုင်ငံများကဲ့သို့ နယ်နိမိတ်သတ်မှတ်ထားခြင်းမရှိကြောင်း၊ အပူချိန်မြင့်တက်မှုနှင့် ခြောက်သွေ့မှုတို့က တောမီးလောင်ခြင်းကို ပိုမိုပြင်းထန်ဆိုးဝါးစေကြောင်း၊ ယင်းမှတစ်ဆင့် လူသန်းပေါင်းများစွာရှူသွင်းနေရသည့် လေထု၏အရည်အသွေးမှာလည်း ကျဆင်းလာရခြင်း



ဖြစ်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့မှ ဒုတိယအတွင်း ရေးမှူးချုပ် ကိုဘားရတ်ကပြောသည်။

အရွယ်အစား ၂ ဒသမ ၅ မိုက်ခရွန်မီတာအောက် သေးငယ်သောအမှုန်များကို PM2.5 ဟုခေါ်ပြီး ယင်းအမှုန်များသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် အဆုတ်နှင့် နှလုံးအတွင်းသို့ နက်ရှိုင်းစွာဝင်ရောက်နိုင်သောကြောင့် အန္တရာယ်ရှိသောအမှုန်များအဖြစ် သတ်မှတ်ခံထားရသည်။

၂၀၂၄ ခုနှစ်အတွင်း ကနေဒါ ဆိုက်ဘေးရီးယားနှင့် ဗဟိုအာဖရိကဒေသတို့၌ တောမီးလောင်ရာမှထွက်ရှိလာသော PM2.5 အမှုန်ပမာဏသည် ပျမ်းမျှထက်များစွာပိုမိုများပြားနေကြောင်း၊ အများဆုံးနေရာမှာ အမေဇုန်မြစ်ဝှမ်းဒေသဖြစ်ကြောင်း ကမ္ဘာ့မိုးလေဝသဌာန၏ သတင်းလွှာထုတ်ပြန်ချက်တွင်ဖော်ပြထားသည်ကိုတွေ့ရသည်။

Ref: BP

အမေရိကန်နိုင်ငံက အိန္ဒိယနှင့်ရုရှားနိုင်ငံတို့ကို တရုတ်နိုင်ငံသို့ ဆုံးရှုံးလိုက်ရပြီဟု ထရမ့်ပြော

ဝါရှင်တန်၊ နိုင်ငံရေး

အမေရိကန်နိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် ရုရှားနိုင်ငံတို့ကို တရုတ်နိုင်ငံသို့ ဆုံးရှုံးလိုက်ရပြီဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ၎င်း၏ကိုယ်ပိုင်လူမှုကွန်ရက်၌ စက်တင်ဘာလ ၅ ရက်တွင်ရေးသားထားသည်။

ထရမ့်သည် တရုတ်သမ္မတရှီကျင့်ဖျင်၊ ရုရှားသမ္မတဗလာဒီမာပူတင်၊ အိန္ဒိယဝန်ကြီးချုပ်နာရန်ဒရာမိုဒီတို့သုံးဦး အတူယှဉ်တွဲလမ်းလျှောက်နေသည့်ဓာတ်ပုံကို တင်ကာ ယခုကဲ့သို့ပြောလာခြင်းဖြစ်သည်။ ၎င်းအပြင် ထိုခေါင်းဆောင်သုံးဦးအနေဖြင့် အခွန့်ရှည်ကြာ အောင်မြင်သောအနာဂတ်ကို အတူတကွပိုင်ဆိုင်နိုင်စေရန် ဆန္ဒပြုကြောင်း ထရမ့်ကလူမှုကွန်ရက်တွင်ဆက်ရေးထားသည်။

သို့သော် ရုရှားနိုင်ငံ၏အကျိုးစီးပွားသည် အမေရိကန်နိုင်ငံနှင့် အပြုသဘောဆောင်သော ဆက်ဆံရေးဖြစ်ကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် မည်သည့်နိုင်ငံကိုမျှကျောခိုင်းမည်မဟုတ်ကြောင်း၊ အခြေအနေပေးလျှင် အာတိတ်ဒေသနှင့် အခြားသောအကျိုးတူပူးတွဲလုပ်ငန်းများတွင် ရုရှား၊ အမေရိကန်၊ တရုတ်တို့က သုံးနိုင်ငံပူးပေါင်းရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကိုလုပ်ဆောင်သွားလိုကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က အရှေ့ဖျားစီးပွားရေးဖိုရမ်၌ပြောထားသည်။

Ref: RT

ဘွမ်ဂျေထိုင်းပါတီမှ အာနူတင်ချန်ဝီရာကူ ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ရွေးကောက်ခံရ

ဘန်ကောက်၊ ပြည်တွင်းရေး

ထိုင်းနိုင်ငံ၌ ဘွမ်ဂျေထိုင်းပါတီမှ ခေါင်းဆောင်ဖြစ်သည့် အာနူတင်ချန်ဝီရာကူသည် နိုင်ငံ၏ဝန်ကြီးချုပ်အဖြစ် ရွေးကောက်ခံရကြောင်းသိရသည်။ စက်တင်ဘာလ ၅ ရက်တွင်ကျင်းပသော လွှတ်တော်အစည်းအဝေး၌ လွှတ်တော်အမတ် ၃၁၁ ဦး၏ ထောက်ခံရွေးချယ်မှုအရ အာနူတင်ချန်ဝီရာကူက ဝန်ကြီးချုပ်ဖြစ်လာခြင်းဖြစ်သည်။

ယခင်အာဏာရဖူထိုင်းပါတီမှ ချိုင်ကာဆမ်နီတီသီရိမှာမူ လွှတ်တော်အမတ် ၄၉၀ အနက် ၁၅၂ ဦး၏ ထောက်ခံမှုကိုသာရရှိခဲ့ခြင်းကြောင့် ၎င်းပါတီ၏ ပြိုင်ဘက်ပါတီဖြစ်သော ဘွမ်ဂျေထိုင်းပါတီမှဝန်ကြီးချုပ်နေရာအတွက် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ၏ ၃၁ ဆက်မြောက်ဝန်ကြီးချုပ်ဖြစ်သော ဖယ်ထုန်ထန်ရှင်နာဝပ်သည် ကမ္ဘောဒီးယားနိုင်ငံနှင့်ဖြစ်ပွားသော နယ်စပ်ရေးရာပြဿနာများနှင့် ပတ်သက်၍ ကမ္ဘောဒီးယားလွှတ်တော်ဥက္ကဋ္ဌ ဟွန်ဆန်နှင့်တယ်လီဖုန်းဆက်ပြောဆိုထားသော အသံဖိုင်ပေါက်ကြားမှုကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဖယ်ထုန်ထန်ကို ဝန်ကြီးချုပ်ရာထူးမှ ဖယ်ရှားပြီးနောက် ယခုကဲ့သို့လွှတ်တော်အတွင်းမဲခွဲဆုံးဖြတ်၍ ဝန်ကြီးချုပ်အသစ်ကိုရွေးချယ်ခြင်းဖြစ်သည်။

ယခုရွေးချယ်ခံရသော အာနူတင်ချန်ဝီရာကူကို နိုင်ငံ၏ ၃၂ ဆက်မြောက်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခွင့်ပြုရေးအတွက် ထိုင်းဘုရင်မဟာဝဇီရာလောင်ကွန်းထံသို့ တင်ပြသွားမည်ဖြစ်သည်။ ထိုင်းဘုရင်၏အတည်ပြုခွင့်ပြုချက်ရရှိပါက အာနူတင်ချန်ဝီရာကူဦးဆောင်သောထိုင်းအစိုးရအဖွဲ့အသစ်ကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ပါတီမှတာဝန်ရှိသူများကပြောထားသည်ဟုသိရသည်။

Ref: Xinhua

တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဆေးကုသမှု ခံယူနေသူတစ်ဦးအား အာဟာရဖြည့် စားသောက် ဖွယ်ရာများ ပေးအပ်စဉ်။



တောင်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆေးကုသမှု ခံယူနေသူတစ်ဦး၏ ကျန်းမာရေး တိုးတက် ကောင်းမွန်မှု အခြေအနေ များကိုမေးမြန်း အားပေးစကား ပြောကြားစဉ်။

ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆေးကုသမှု ခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက် ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားစဉ်။



အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကိုထိုက် ဆေးကုသမှု ခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက် ကောင်းမွန်မှု အခြေအနေ များကိုမေးမြန်း အားပေးစကား ပြောကြားစဉ်။





အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦး ဆေးကုသမှု ခံယူနေသူတစ်ဦး၏ ကျန်းမာရေး တိုးတက် ကောင်းမွန်မှု အခြေအနေ များကိုမေးမြန်း အားပေးစကား ပြောကြားစဉ်။



အရှေ့မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦး ဆေးကုသမှု ခံယူနေသူတစ်ဦးအား အာဟာရဖြည့် စားသောက် ဖွယ်ရာများ ပေးအပ်စဉ်။

မြောက်ပိုင်း တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဆေးကုသမှု ခံယူနေသူတစ်ဦး၏ ကျန်းမာရေး တိုးတက် ကောင်းမွန်မှု အခြေအနေ များကိုမေးမြန်း အားပေးစကား ပြောကြားစဉ်။



ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဆေးကုသမှု ခံယူနေသူတစ်ဦး၏ ကျန်းမာရေး တိုးတက် ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားစဉ်။



နေပြည်တော် စက်တင်ဘာ ၅

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ အောင်ပန်းမြို့နှင့် ဗထူးတပ်မြို့တို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံများ၊ ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

စောင့်ကြည့်အားပေးရဦးမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်



အင်္ဂလန် Vs အန်ဒိုရာ

ကစားမည့် ရက် / အချိန်

(ဖ-၈-၂၀၂၅ ရက် ည ၁၀:၃၀ နာရီ)

နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

အင်္ဂလန်	၄	- ၀	အန်ဒိုရာ
အန်ဒိုရာ	၀	- ၅	အင်္ဂလန်
အန်ဒိုရာ	၀	- ၁	အင်္ဂလန်

နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ

အင်္ဂလန်	အိမ်(နိုင်)	ဝေး(နိုင်)	အိမ်(ရှုံး)
အန်ဒိုရာ	ဝေး(ရှုံး)	အိမ်(ရှုံး)	ဝေး(ရှုံး)

ခန့်မှန်းရလဒ်

အင်္ဂလန် ၃ - ၀ အန်ဒိုရာ

အင်္ဂလန်အသင်းက အန်ဒိုရာအသင်းနဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုပွဲစဉ်(၅)အဖြစ် ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ သူတို့အသင်းက လက်ရှိအုပ်စုပွဲစဉ်သုံးပွဲကစားအပြီးမှာ သုံးပွဲနိုင်၊ ရမှတ် ကိုးမှတ်နဲ့ အုပ်စုပထမနေရာမှာ ရပ်တည်နေပါတယ်။ လက်ရှိဒီအုပ်စုမှာ အယ်လ်ဘေးနီးယား၊ ဆားဘီးယား၊ လတ်ဗီးယားနဲ့ အန်ဒိုရာအသင်းတို့ ပါဝင်တာဖြစ်တဲ့အတွက် အင်္ဂလန်အသင်းအတွက် ပွဲစဉ်တိုင်းမှာ အခက်အခဲမရှိခဲ့သလို ခံစစ်ပိုင်းကလည်း ပေးဂိုးမရှိတဲ့အတွက် အန်ဒိုရာအသင်းအနေနဲ့ အသာစီးရယူကစားနိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ နည်းပြတူချယ်လ်အနေနဲ့ တိုက်စစ်ပိုင်းမှာ မာဒူကီ၊ ဟယ်ရီကိန်းနဲ့ ဝက်စ်ကင်တို့လို ထိပ်တန်းလိုင်ပွဲစဉ်တွေမှာ အကောင်းဆုံးခြေစွမ်းပြနေတဲ့ကစားသမားတွေကို ရွေးချယ်ခဲ့တာဖြစ်တဲ့အတွက် လာမယ့်ပွဲစဉ်တိုင်းကိုလည်း အနိုင်ရယူသွားနိုင်မှာပါ။ အခုပွဲစဉ်ပြီးရင် စက်တင်ဘာလ ၉ ရက်မှာ ဆားဘီးယားအသင်းနဲ့ အဝေးကွင်းပွဲစဉ်ယှဉ်ပြိုင်ကစားရမှာဆိုပေမယ့် အခုလို အိမ်ကွင်းပွဲစဉ်မှာ အန်ဒိုရာအသင်းဆီက အနိုင်သုံးမှတ်ရနိုင်ဖို့ အင်္ဂလန်အသင်းအနေနဲ့ အကောင်းဆုံးကြိုးစားလာပါလိမ့်မယ်။

ကမ္ဘာ့အဆင့်(၁၇၄)မှာရှိနေတဲ့ အန်ဒိုရာအသင်းကတော့ အုပ်စုပွဲစဉ်လေးပွဲကစားပြီးချိန်မှာ နိုင်ပွဲမရရှိသေးဘဲ လေးပွဲစလုံးရှုံးနိမ့်ထားပါတယ်။ ဒါပြင် သူတို့အသင်းက အဲဒီလေးပွဲမှာ ခံစစ်ပိုင်းက ရှစ်ဂိုးပေးထားရတာကြောင့် အခုပွဲစဉ်မှာလည်း အင်္ဂလန်လိုအသင်းကို ခံစစ်ပိုင်းထိန်းချုပ်ကစားနိုင်ဖို့ဆိုတာ အရမ်းကိုခက်ခဲပါလိမ့်မယ်။ အန်ဒိုရာအသင်းက နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်လေးပွဲစလုံး ရှုံးနိမ့်ထားပြီး ပြိုင်ဘက်အသင်းတွေကို တိုက်စစ်ပိုင်းထက် ခံစစ်ပိုင်းကနေသာ ဦးစားပေးကစားနေရသလို ကစားသမားစုဖွဲ့မှုအနေနဲ့လည်း သာမန်ကလပ်အသင်းတွေမှာသာ ပါဝင်ကစားနေတဲ့ကစားသမားတွေဖြစ်တာကြောင့် အခုအင်္ဂလန်အသင်းနဲ့ပွဲစဉ်မှာ ရုန်းကန်ရဦးမှာပါ။

အင်္ဂလန်အသင်းနဲ့ အန်ဒိုရာအသင်းတို့က ခြေစစ်ပွဲအုပ်စုအဆင့်ပွဲစဉ်တွေမှာ သုံးကြိမ်တွေ့ဆုံထားပြီး သုံးကြိမ်စလုံး အင်္ဂလန်အသင်းက အနိုင်ရထားပါတယ်။ ပြီးခဲ့တဲ့ခြေစစ်ပွဲစဉ်တွေ့ဆုံမှုမှာ ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်မှူး ဟယ်ရီကိန်းရဲ့ ပွဲချိန်မိနစ် ၅၀ သွင်းဂိုးတစ်ဂိုးနဲ့သာ အနိုင်ရခဲ့တယ်ဆိုပေမယ့် အခုအဝေးကွင်းပွဲစဉ်မှာတော့ အင်္ဂလန်အသင်းရဲ့ တိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် လက်ရှိခြေစွမ်းနဲ့ ကစားသမားစုဖွဲ့မှုပိုင်းမှာ အဘက်ဘက်ကအသာရနေတဲ့ အင်္ဂလန်အသင်းပဲ အိမ်ကွင်းမှာ အမှတ်ပြည့်နဲ့ ပြတ်သားစွာအနိုင်ရယူသွားပါလိမ့်မယ်။

အိုင်ယာလန် Vs ဟန်ဂေရီ

ကစားမည့် ရက် / အချိန်

(၇-၉-၂၀၂၅ ရက် နံနက် ၁:၁၅ နာရီ)

နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

ဟန်ဂေရီ	၀	- ၀	အိုင်ယာလန်
ဟန်ဂေရီ	၀	- ၀	အိုင်ယာလန်
အိုင်ယာလန်	၂	- ၁	ဟန်ဂေရီ

နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ

အိုင်ယာလန်	အိမ်(နိုင်)	အိမ်(သရေ)	ဝေး(သရေ)
ဟန်ဂေရီ	အိမ်(ရှုံး)	အိမ်(ရှုံး)	ဝေး(နိုင်)

ခန့်မှန်းရလဒ်

အိုင်ယာလန် ၁ - ၁ ဟန်ဂေရီ

ကမ္ဘာ့အဆင့်(၆၀)မှာရှိတဲ့ အိုင်ယာလန်အသင်းနဲ့ ကမ္ဘာ့အဆင့်(၃၈)မှာရှိနေတဲ့ ဟန်ဂေရီအသင်းတို့က အခုပွဲစဉ်မှာ ခြေစစ်ပွဲအုပ်စုပွဲစဉ်(၁)အနေနဲ့ ယှဉ်ပြိုင်ကစားကြမှာပါ။ လက်ရှိမှာ နည်းပြ ဟောဂရင်းဆမ် ကိုင်တွယ်နေတဲ့ အိုင်ယာလန်အသင်းအနေနဲ့ နောက်ဆုံးကစားခဲ့တဲ့ နေရှင်းလိုက်ပြိုင်ပွဲမှာ ဘူလ်ဂေးရီးယားအသင်းကို နှစ်ကျော့ပေါင်း ၄ ဂိုး-၂ ဂိုးနဲ့အနိုင်ရပြီး ချစ်ကြည်ရေးပွဲမှာ ဆီနီဂေါအသင်းနဲ့ လူဇင်ဘတ်လိုအသင်းတွေကို သရေရလဒ်ရအောင် ကစားထားနိုင်တာကြောင့် ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမှာရှိနေတယ်လို့ ဆိုရမှာပါ။ ဒါပြင် သူတို့အသင်းမှာ တိုက်စစ်ပိုင်းက ရိုးမား၊ ဆဲလ်တစ်တို့လိုအသင်းတွေမှာ ပါဝင်ကစားနေတဲ့ ကစားသမားတွေအပြင် ဥရောပထိပ်သီးကလပ်တွေမှာ ပါဝင်ကစားနေတဲ့ လူငယ်ကစားသမားအများအပြားပါဝင်နေပြီး အသင်းရဲ့စုဖွဲ့မှုပိုင်းက အကောင်းဆုံးပုံစံမှာရှိနေတယ်လို့ ဆိုရမှာပါ။ ဒါပြင် အိုင်ယာလန်အသင်းအနေနဲ့ အုပ်စုပွဲစဉ်တွေမှာ ပေါ်တူဂီအသင်းကိုသာ အဓိကထားယှဉ်ပြိုင်ကစားရမှာဖြစ်တာကြောင့် အခုလို အိမ်ကွင်းပွဲစဉ်မှာတော့ ရလဒ်ပိုင်းကောင်းမွန်ဖို့ အစွမ်းကုန်ကြိုးစားကစားလာမှာပါ။

ဟန်ဂေရီအသင်းအနေနဲ့ အခုပွဲစဉ်ပြီးရင် စက်တင်ဘာလ ၁၀ ရက်မှာ ပေါ်တူဂီအသင်းကို အိမ်ကွင်းမှာလက်ခံကစားရမှာဖြစ်တာကြောင့် သူတို့အသင်းအတွက် ပွဲကျပ်ကာလလို့တောင် ဆိုရမှာပါ။ နည်းပြမာကိုရော့စီအနေနဲ့လည်း အခုပွဲစဉ်တွေအတွက် ကစားသမားရွေးချယ်မှုကို အကောင်းဆုံးစုဖွဲ့နိုင်ခဲ့ပြီး လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်းကောင်းမွန်နေတဲ့ လီဗာပူးအသင်း ကွင်းလယ်ကစားသမား ဇိုဘိုစလိုင်း၊ ခံစစ်ကစားသမား ကာကက်ဇ်၊ ဝုဖ်ဘတ်အသင်းနဲ့ ပုံစံကောင်းတွေရနေတဲ့ ဘန့်ဒါဒိုင်းအပါအဝင် လိုက်ပဇစ်၊ ယူနိုယံဘာလင်၊ ဂါလာတာဆာရေးအသင်းတွေက ကစားသမားတွေပါဝင်နေတာကြောင့် အိုင်ယာလန်အသင်းကိုတော့ အကောင်းဆုံးတုံ့ပြန်ကစားမှာပါ။ ဒါပြင် သူတို့



အသင်းအနေနဲ့ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ တစ်ပွဲသာအနိုင်ရထားတယ်ဆိုပေမယ့် အခုခြေစစ်ပွဲ အဖွင့်ပွဲစဉ်မှာတော့ ရလဒ်ကောင်းအောင်ကြိုးစားကစားလာမှာပါ။

သူတို့နှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်အဖြစ် ချစ်ကြည်ရေးပွဲသုံးပွဲ ကစားထားရာမှာ အိုင်ယာလန်အသင်းက နှစ်ပွဲသရေနဲ့ တစ်ပွဲအနိုင်ရထားပါတယ်။ အခုပွဲစဉ်မှာလည်း နှစ်သင်းစလုံးရဲ့ လက်ရှိခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုမှာ ကွာဟမှုမရှိဘူးဆိုပေမယ့် အဝေးကွင်းမှာ ရလဒ်ကောင်းအောင် ကစားနိုင်စွမ်းရှိတဲ့ ဟန်ဂေရီအသင်းကိုပဲ အားပေးရမှာပါ။

လတ်ဗီးယား Vs ဆားဘီးယား

ကစားမည့် ရက် / အချိန်

(ဖ-၉-၂၀၂၅ ရက် ည ၇:၃၀ နာရီ)

နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

မရှိ

နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ

လတ်ဗီးယား	ဝေး(ရှုံး)	အိမ်(သရေ)	အိမ်(သရေ)
ဆားဘီးယား	အိမ်(နိုင်)	ဝေး(သရေ)	အိမ်(နိုင်)

ခန့်မှန်းရလဒ်

လတ်ဗီးယား ၁ - ၂ ဆားဘီးယား

လတ်ဗီးယားအသင်းနဲ့ ဆားဘီးယားအသင်းတို့ရဲ့ပွဲစဉ်က ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုပွဲစဉ်(၅) အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်တွေမှာဆိုရင် လတ်ဗီးယားအသင်းက သုံးပွဲကစားပြီးချိန်မှာ အန်ဒိုရာအသင်း ကို ၁ ဂိုး- ဂိုးမရှိနဲ့ အနိုင်ရရှိပြီး အင်္ဂလန်အသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့ပါတယ်။ အယ်လ်ဘေးနီးယားအသင်းနဲ့ အိမ်ကွင်းမှာ တစ်ဂိုးစီသရေရလဒ်ရရှိခဲ့ပါတယ်။ လတ်ဗီးယားအသင်းက လက်ရှိနည်းပြ နီကိုလာတိုရဲ့ လက်ထက်မှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ကစားသမားစုဖွဲ့မှုအနေနဲ့လည်း ရီဂါဆောင်းဒယ်၊ လိုင်ပီဂျာတို့လို ကလပ်အသင်းကစားသမားတွေသာ အများအပြားပါဝင်နေတာကြောင့် စွမ်းဆောင်ရည်ပိုင်းက သာမန်သာရှိနေတယ်လို့ဆိုရမှာပါ။ ဒါပြင် နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာလည်း အန်ဒိုရာအသင်းနဲ့တစ်ပွဲသာ ၁ ဂိုး-ဂိုးမရှိနဲ့ အနိုင်ရထားပြီး တိုက်စစ်ပိုင်းက နောက်ဆုံးသုံးပွဲမှာ တစ်ဂိုးသာသွင်းယူထားနိုင်တာပါ။ ဒါကြောင့် သူတို့အသင်းအနေနဲ့ တိုက်စစ်ပိုင်းက ဂိုးရဖို့ရှုန်းကန်နေရတာကို တွေ့ရပါတယ်။

ဆားဘီးယားအသင်းကတော့ လက်ရှိအုပ်စုအဆင့်မှာ အင်္ဂလန်အသင်းပြီးရင် ဒုတိယစွမ်းဆောင်ရည်အကောင်းဆုံးလို့ ဆိုရမှာပါ။ သူတို့အသင်းက အဓိကကစားသမား မိထရိဗစ် ဒဏ်ရာရနေတယ်ဆိုပေမယ့် ဂျူဗင်တပ်စ်အသင်းက ဗလာဟိုဗစ်ရဲ့စွမ်းဆောင်ရည်ကောင်းတွေနဲ့ ဦးဆောင်နေပြီး တိုရီနို၊ ဆီဗီလာ၊ အတ္တလန္တာတို့လိုအသင်းတွေက ကစားသမားတွေနဲ့ စုဖွဲ့ထားတာကြောင့် ရလဒ်ကောင်းတွေ ရရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းက နောက်ဆုံးငါးပွဲမှာ ရှုံးပွဲမရှိအောင် စွမ်းဆောင်ထားနိုင်တာကို တွေ့ရပါတယ်။

လက်ရှိမှာ သူတို့နှစ်သင်းအနေနဲ့ အဓိကပြိုင်ပွဲတွေမှာ တွေ့ဆုံမှုမရှိခဲ့ဘူးဆိုပေမယ့် ကစားသမားစုဖွဲ့မှုပိုင်းမှာတော့ ဆားဘီးယားအသင်းက အသာရနေတာကို တွေ့ရပါတယ်။ သုံးပွဲကစားထားပြီး ရမှတ်လေးမှတ်သာရရှိထားတဲ့ လတ်ဗီးယားအသင်းအနေနဲ့လည်း အခုအိမ်ကွင်းပွဲစဉ်မှာ အကောင်းဆုံးကစားလာနိုင်တယ်ဆိုပေမယ့် ဥရောပထိပ်သီးကလပ်တွေက ကစားသမားအများအပြားပါဝင်နေတဲ့ ဆားဘီးယားအသင်းကိုတော့ အနိုင်ရရှိနိုင်ဖို့ ခက်ခဲမှာပါ။ အဘက်ဘက်ကအသာရနေတဲ့ ဆားဘီးယားအသင်းပဲ အနိုင်ရသွားမှာပါ။

စည်သူအောင်

ပြည်မြို့၌ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေး



ပြည် စက်တင်ဘာ ၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်သည် ယမန်နေ့ညနေပိုင်းက ပြည်မြို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ တိုင်း/ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်က မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင် ပြည်သူများအားလုံးဥပဒေနှင့်အညီ မဲပေးခွင့်ရရှိရေး၊ မဲပေးစက်ဆိုင်ရာသိမှတ်ဖွယ်ရာများနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးနည်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် အသိပညာပေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး အပါအဝင် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြောကြားပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် ပြည်ခရိုင်ရွေးကောက်ပွဲအရာရှိက ခရိုင်အတွင်း ရွေးကောက်ပွဲဆိုင်ရာ ကြုံတင်ပြင်ဆင်ထားရှိမှုအခြေအနေများကိုတင်ပြပြီး ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာများနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က ဖြည့်စွက်ဆွေးနွေးပြီး ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်သည်များ မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် ပြည်တက္ကသိုလ် ဘက်စုံသုံးခန်းမ၌ကျင်းပသည့်မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ပြည်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အရာရှိက မဲပေးစက်ဆိုင်ရာအသိပညာပေးဆွေးနွေးနေမှုနှင့် ပြည်တက္ကသိုလ်ဘာသာရပ်ပေါင်းစုံမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၇၀၀ ခန့်၏မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာသိမှတ်ဖွယ်ရာအကြောင်းများကို တက်ရောက်လာကြသူများအား အသိပညာပေးရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်

တာချီလိတ်နှင့် သာစည်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာလ ၃ ရက် ညနေ ၄ နာရီတွင် သတင်းအရ တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်ရှိတည်ခိုခန်းအနီး၌ ဇင်မင်းထွန်း(ခ)ကိုဇင်(၂၈)နှစ်၊ တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်နေသူ မောင်းနှင်ပြီး မည္ဆန့်ညွန့်တင်(၅၁)နှစ်၊ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်နေသူ လိုက်ပါလာသည့် ဆိုင်ကယ်ကိုရပ်တန့်စစ်ဆေးရာဖွေရာ ငင်းတို့ ၂ ဦးထံမှ စိတ်ကြွရှူးသွပ်ဆေးပြား ၄၀၀၀၀ (တစ်ပြားလျှင် ၇၀၀ ကျပ်နှုန်းဖြင့် ငင်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၈၀) ကိုလည်းကောင်း။

စက်တင်ဘာလ ၄ ရက် နံနက်ပိုင်းတွင် သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် ပြည်ညောင်ကျေးရွာဘက်မှ ကျွဲတပ်ဆုံရွာဘက်သို့ မိုးမင်း(၃၇)နှစ်၊ ဝမ်းတွင်းမြို့နယ်၊ ရိုးဆုံကျေးရွာအုပ်စု၊ မကျီးအုပ်ကျေးရွာနေသူ မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ဆိုင်ကယ်ရှေ့ခွကြားတွင် တင်ဆောင်လာသည့် ပီနံအိတ်အတွင်းမှ စိတ်ကြွရှူးသွပ်ဆေးပြား ၂၁၀၀၀ (တစ်ပြားလျှင် ၁၅၀၀ နှုန်းဖြင့် ငင်းဒေသတန်ဖိုးငွေကျပ် ၃၁၅ သိန်း)ကိုလည်းကောင်း ဖမ်းဆီးရမိသဖြင့် ငင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်းသိရသည်။

မြဝတီ



ဖမ်းဆီးရမိ တရားခံများအား သိမ်းဆည်းရမိသည့် စိတ်ကြွရှူးသွပ်ဆေးပြားနှင့်အတူ တွေ့ရစဉ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့နယ်တွင် ငွေကျပ် ၃ ဒသမ ၃၆ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၄၂၀ ကီလို ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၅

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၃၀ ရက်နေ့ည ၁၀ နာရီအချိန် သတင်းအရ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့နယ်၊ ဟောင်ကန်ကျေးရွာအုပ်စု၊ နားယုန့် ကျေးရွာအနီးတွင် မက်မန်းမြို့ဘက်မှ မိုင်းပျဉ်းမြို့ဘက်သို့ စိုင်းဦးသီလ(ခ)စိုင်းရွှက်မောင်းနှင်လာသည့် TOYOTA KLUGER မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်မှ **အိုက်စ် (မက်သ်အဖက်တမင်း) ၄၂၀ ကီလို** (ငင်းဒေသတန်ဖိုး ငွေကျပ် ၃ ဒသမ ၃၆ ဘီလီယံ)အား ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ ဖမ်းဆီးရမိသည့် အိုက်စ် (မက်သ်အဖက်တမင်း)များအား မက်မန်းမြို့နယ်၊ တာကော်လေးကျေးရွာအနီးမှ မိုင်းပျဉ်းမြို့နယ်၊ နားယုန့်ကျေးရွာအနီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ဖြစ်မှုကျူးလွန်သူများ အား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)



တရားခံစိုင်းဦးသီလ(ခ)စိုင်းရွှက်အား သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၅

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Shwe Yer Maung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်နေ သန်းဆွေအား နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ရွှေပြည်သာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် အောက်ဖော်ပြပါရေကြောင်းဘက်ဆိုင်ရာအင်ဂျင်နီယာဘွဲ့နှင့် ရေကြောင်းသိပ္ပံပညာ(ဂုဏ်ထူး)ဘွဲ့ဆိုင်ရာ ပထမနှစ်သင်တန်းများကို ဖွင့်လှစ်သွားမည်ဖြစ်ပါသည်-

		ဖွင့်လှစ်မည့်သင်တန်း	သင်တန်းကာလ
(က)	B.E.(NA)	အင်ဂျင်နီယာဘွဲ့(ရေယာဉ်တည်ဆောက်မှု) Bachelor of Engineering (Naval Architecture)	(၅)နှစ်
(ခ)	B.E.(ME)	အင်ဂျင်နီယာဘွဲ့(ရေကြောင်းအင်ဂျင်နီယာ) Bachelor of Engineering (Marine Engineering)	(၅)နှစ်
(ဂ)	B.E.(PH)	အင်ဂျင်နီယာဘွဲ့(ဆိပ်ကမ်းအင်ဂျင်နီယာ) Bachelor of Engineering (Port and Harbour Engineering)	(၅)နှစ်
(ဃ)	B.E.(RC)	အင်ဂျင်နီယာဘွဲ့(မြစ်ချောင်းနှင့်ကမ်းရိုးတန်းအင်ဂျင်နီယာ) Bachelor of Engineering(River and Coastal Engineering)	(၅)နှစ်
(င)	B.E.(MESE)	အင်ဂျင်နီယာဘွဲ့(ရေကြောင်းလျှပ်စစ်နှင့်အီလက်ထရောနစ် အင်ဂျင်နီယာ) Bachelor of Engineering (Marine Electrical Systems & Electronics Engineering)	(၅)နှစ်
(စ)	B.E.(MM)	အင်ဂျင်နီယာဘွဲ့ (ရေကြောင်းစက်မှုအင်ဂျင်နီယာ) Bachelor of Engineering (Marine Mechanical Engineering)	(၅)နှစ်
(ဆ)	B.Sc.(Hons;) (NS)	သိပ္ပံဂုဏ်ထူးဘွဲ့(ရေကြောင်းသိပ္ပံ) Bachelor of Science (Honours)(Nautical Science)	(၅)နှစ်

၂။ အထက်ဖော်ပြပါအင်ဂျင်နီယာဘွဲ့သင်တန်းနှင့် သိပ္ပံ(ဂုဏ်ထူး)ဘွဲ့သင်တန်းအားလုံးအတွက် သင်တန်းကာလမှာ (၅)နှစ်ဖြစ်ပြီး သင်တန်းကာလ(၅)နှစ်လုံး ပြီးစီးအောင်မြင်သည့်အခါ B.E ဘွဲ့/B.Sc(Hons;)ဘွဲ့တို့ကို တိုက်ရိုက်အပ်နှင်းချီးမြှင့်မည်ဖြစ်ပါသည်။

၃။ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူဦးရေ(၃၆၀)ဦးအထိသာလက်ခံမည်ဖြစ်ပြီး လုပ်ငန်းသဘောသဘာဝအရ အမျိုးသမီးဦးရေ(၂၀) ရာခိုင်နှုန်းအထိသာလက်ခံနိုင်မည်ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ ၂၀၂၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စုစုပေါင်းရမှတ်(၄၂၀)နှင့် အထက်ရရှိပြီး အောက်ဖော်ပြပါအရည်အချင်းနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-

(က) တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူနှင့် ၄င်း၏မိဘ(၂)ဦးစလုံးသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(နိုင်)၊ (ပြု)၊ (ဧည့်) ကိုင်ဆောင်ထားသူဖြစ်ရမည်။

(ခ) ဝင်ခွင့်ရရှိသူများသည် ကျန်းမာရေးစစ်ဆေးမှုခံယူရမည်ဖြစ်ပြီး ကျန်းမာရေး(က)အဆင့်ရှိရမည်။

(ဂ) အမျိုးသမီးများသည် Marine Engineering ၊ Marine Electrical Systems & Electronics Engineering နှင့် Nautical Science ဘာသာရပ်များမှလွဲ၍ အခြားဘာသာရပ်များကို လျှောက်ထားခွင့်ရှိသည်။

(ဃ) Marine Engineering ၊ Marine Electrical Systems & Electronics Engineering နှင့် Nautical Science ဘာသာရပ်လျှောက်ထားသူများသည် သင်တန်းတက်ရောက်ခွင့်မပြုမီ မှန်ကန်စွာအရောင်ခွဲခြားနိုင်မှုစွမ်းရည်ရှိရမည်။ Nautical Science ဘာသာရပ်အတွက် မျက်မှန်တပ်ဆင်သူများ လျှောက်ထားခွင့်မရှိ။

(င) ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါဘာသာတွဲများဖြင့်အောင်မြင်သူများသာ လျှောက်ထားခွင့်ရှိပါသည်-

(၁) STEAMS 1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သခ္ခါ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ)

(၂) STEAMS 2 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သခ္ခါ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဘောဂဗေဒ)

(စ) လူတွေ့စစ်ဆေးခြင်းခံရမည်။

(ဆ) တက္ကသိုလ်မှချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

(ဇ) ပညာသင်ကာလအတွင်း Workshop Skills၊ သတ်မှတ်ထားသောပင်လယ်ပြင်လုပ်သက်နှင့် တက္ကသိုလ်ပြင်ပတွင် တက်ရောက်ရမည့်အခြားသင်တန်းများကို ရေကြောင်းပို့ဆောင်ရေးဥာဏ်ကြားမှဦးစီးဌာနကထုတ်ပြန်သည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ မိမိအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်သူဖြစ်ရမည်။

၅။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ ပထမနှစ်သင်တန်းဝင်ခွင့်လျှောက်လွှာပုံစံက ၈-၉-၂၀၂၅(တနလၤာနေ့)ရက်နေ့မှစတင်၍ တက္ကသိုလ်၏ Website www.mmu.edu.mm မှလည်းကောင်း၊ ကျောင်းသားရေးရာဌာနမှလည်းကောင်းရယူပြီး စာတိုက်မှဖြစ်စေ၊ ကျောင်းသားရေးရာဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ စာရွက်စာတမ်းအပြည့်အစုံ(လိုင်စင်ဓာတ်ပုံ-၄ပုံ၊ မြန်မာနိုင်ငံ စာစစ်အဖွဲ့မှတုတ်ပေးသည့်အမှတ်စာရင်းမူရင်း၊ သက်ဆိုင်ရာကျောင်းသားနှင့်မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ))တို့ဖြင့်လျှောက်ထားရမည်။ ပြည့်စုံခြင်းမရှိပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပထမနှစ်သင်တန်း၀င်ခွင့်လျှောက်ထားခြင်းကို ၈-၉-၂၀၂၅(တနလၤာနေ့)မှ ၁၀-၁၀-၂၀၂၅ (သောကြာနေ့)အထိ ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

၇။ ဝင်ခွင့်လျှောက်လွှာများတွင် ဖြည့်စွက်ထားသည့်အချက်များ ပြည့်စုံမှန်ကန်ခြင်းမရှိပါကထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ရွေးချယ်ခြင်းမခံရပါက ကျောင်းသား၊ ကျောင်းသူများ နစ်နာမှုမရှိစေရန်အတွက် အခြားတက္ကသိုလ်များသို့ အချိန်မီတက်ရောက်နိုင်ရေး လျှောက်ထားမှုပြုလုပ်ထားရန်လိုအပ်ပါမည်။

၈။ တက္ကသိုလ်ဝင်ခွင့်အတွက် လူတွေ့ဖြေဆိုခွင့်ရရှိသူများစာရင်း၊ ကျန်းမာရေးစစ်ဆေးမည့်နေ့ရက်၊ မျက်စိစစ်းသပ်စစ်ဆေးမည့်နေ့ရက်နှင့် လူတွေ့ဖြေဆိုရမည့်နေ့ရက်များကို ဝင်ခွင့်အမှတ်စဉ်အလိုက် ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ Website www.mmu.edu.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၉။ ဝင်ခွင့်လျှောက်လွှာများကို စာတိုက်မှပေးပို့လျှောက်ထားမည်ဆိုပါက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သန်လျင်၊ သီလဝါ စာတိုက်သင်္ကေတ-၁၁၂၉၃ သို့လိပ်မူပြီး သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

(အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်းနံပါတ် ၀၉-၄၂၃၁၀၈၅၄၊ ၀၅၆-၂၂၁၇၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်)

တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

	စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)		ဒီဇယ်ဆီ/ပရီမီယံဒီဇယ်ဆီ	၄၀၀၀၀၀ /၇၀၀၀၀ ဂါလန်
(ခ)		ဘိလပ်မြေ/HDPE ပိုက်နှင့်ပိုက်ဆက်ပစ္စည်း	၅၀၀၀၀ အိတ်/1 Lot
(ဂ)		အမှိုက်သိမ်းယာဉ်ကြီး/ယာဉ်ငယ်စက်အရန်ပစ္စည်းများ	2 Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၈-၉-၂၀၂၅ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၂၃-၉-၂၀၂၅ ရက်နေ့(၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ (ပထမထပ်)ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင်ဝယ်ယူနိုင်ပြီး အသေးစိတ် အချက်အလက်များကို ဖုန်းအမှတ်-၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

ပျောက်ဆုံးကြောင်း

ကျော်မင်းခိုင်(ဘ)ဦးအုန်းကြည် ဂ/သဝတ (နိုင်)၀၉၀၃၄၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၉၄၀၁၈၉

ပျောက်ဆုံးကြောင်း

မွန်မွန်သူ(ဘ)ဦးသိန်းလွင် ၁၂/လမန(နိုင်) ၁၃၀၉၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၀၅၃၇၀၉၉

ပျောက်ဆုံးကြောင်း

ခင်မိုးဆွေ(ဘ)ဦးစံသိန်း ၁၄/၀ခမ(နိုင်) ၁၄၈၀၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၅၇၃၃၄၈၀

ပျောက်ဆုံးကြောင်း

မျိုးမြင့်(ဘ)ဦးရွှေဒင် ဂ/သဝတ(နိုင်) ၀၄၈၆၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၃၆၀၃၉၁

ပျောက်ဆုံးကြောင်း

ကော့မျုံးမြို့နယ်၊ မော်တောကျေးရွာနေ မောင်သန့်ဇင်(ဘ)ဦးတင်ဝင်း ၁၂/ကမန(နိုင်)၀၈၀၂၄၃ ကိုင်ဆောင် သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၉၈၀၅၃၃၇

ပျောက်ဆုံးကြောင်း

မေရီဌား(ဘ)ဦးအဋ္ဌး ၉/မကန(နိုင်)၁၄၃၅၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၂၁၄၁၁

ပျောက်ဆုံးကြောင်း

သန့်ဇင်ဝင်း(ဘ)ဦးမြင့်အောင် ၁၂/ဒဂတ(နိုင်) ၀၃၃၈၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၂၆၉၀၄၇၅

ပျောက်ဆုံးကြောင်း

မြတ်မြတ်ခင်(ဘ)ဦးခင်ဆော ၁၂/ဒဂတ (နိုင်)၀၃၈၀၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၂၆၉၀၄၇၅

ပျောက်ဆုံးကြောင်း

ရဲနိုင်(ဘ)ဦးကြည်မြင့်၁၄/ဒဒရ(နိုင်)၁၅၄၁၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၈၀၈၄၆၁၉

ပျောက်ဆုံးကြောင်း

သက်ခေါဦး(ဘ)ဦးညွှန့်ရှိန် ဂ/ကပက(နိုင်) ၁၀၅၀၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၀၆၆၈၅၁

ပျောက်ဆုံးကြောင်း

မခိုင်ဝါ(ဘ)ဦးသိန်းလွင် ဂ/ကပက(နိုင်) ၁၂၀၂၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၀၆၆၈၅၁

ပျောက်ဆုံးကြောင်း

အောင်အောင်ဦး(ဘ)ဦးထိန်၀င်း ဂ/လပတ (နိုင်)၁၈၅၈၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 488328)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၀၆၆၈၅၁

ဖခင်အမည်မှန်

ပဲခူးမြို့၊ အထက(၁)၊ Grade-8 တွင် ပညာသင်ကြားနေသော မဇ္ဈိုးအိမ်ဓါ၏ဖခင်အမည် မှန်မှာဦးဘုန်းမြင့်အောင်၈/မကန(နိုင်)၀၉၀၅၁၂ ဖြစ်ပါကြောင်း။

ဦးဘုန်းမြင့်အောင်

ပျောက်ဆုံးကြောင်း

မေသူစိုး(ဘ)ဦးခင်မောင်စိုး ၁၂/ဒဂမ(နိုင်) ၀၁၂၀၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၀၆၆၈၅၁

ပျောက်ဆုံးကြောင်း

မြတ်ဘုန်းခန့်(ဘ)ဦးရဲနောင် ၉/မဟမ(နိုင်) ၀၈၈၁၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၀၆၆၈၅၁

အမည်မှန်

အထက(၂)ပုသိမ်၏ ၂၀၂၅-၂၀၂၆ပညာသင်နှစ်၊ Grade-12 မှမနန်းချောရတီစိုး၏မိခင် ဒေါ်နမ့်မြမြလွင်၏အမည်မှန်မှာ နန်းမြလွင် ၁၄/ငပတ (နိုင်)၀၀၂၈၂ ဖြစ်ပါကြောင်း။

နန့်မြလွင်

ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊ အမှတ်(၈၂)နဝရတ်လမ်း၊ (၅)ရပ်ကွက်နေ ငြိမ်းအိလှိုင်(ဘ)ဦးသိန်းတန် ၁၂/လသယ (နိုင်)၁၂၀၇၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၀၆၆၈၅၁

ပျောက်ဆုံးကြောင်း

တောင်ငူမြို့၊ ညောင်စခန်းရွာနေ နိုင်ထက်ဦး(ဘ)ဦးမြင့်လွင် ဂ/တငန (နိုင်) ၂၂၀၉၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၂၅၀၀၇၃၈

အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ အ.ထ.က ပျဉ်ပုံကြီးကျောင်း၊ Grade-4 မှ အဘဦးနေဆန်း၏သမီး မလင်းလက်အိမ်အား မလင်းလက်မေဟု ပြောင်းလဲခေါ်ဆိုပါရန်။

မလင်းလက်မေ

ဖခင်တစ်ဦးတည်းဖြစ်ပါကြောင်း

အလက ကိုးဆူပုသိမ်မှ ဒုအလယ်တန်းပြဆရာမ ဒေါ်သူဇာဝင်း ၁၄/ငပတ(နိုင်)၀၉၅၅၇၂ ၏ဖခင် အမည်မှန်မှာ စောစံအေး(ခ)ဦးစောစံအေး ဖြစ်ပါကြောင်း။

စောစံအေး(ခ)ဦးစောစံအေး(ခ)ဦးစံအေး

ပျောက်ဆုံးကြောင်း

ရဲလင်းအောင်(ဘ)ဦးသန်းညွှန့် ၁၂/မဂဒ(နိုင်) ၁၄၆၈၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၀၆၆၈၅၁

အမည်မှန်

အထက(ခွဲ)သာယာကုန်း၊ ငကွအုပ်စု၊ ပုသိမ်မြို့၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-12 မှ မယွန်း ဝတီဓောင်၏ဖခင် ဦးသက်မောင်၏အမည်မှန်မှာ ဦးသက်မောင်မောင် ၁၄/ငသခ(နိုင်)၀၀၂၆၇၈ ဖြစ်ပါကြောင်း။

ဦးသက်မောင်မောင်

ပျောက်ဆုံးကြောင်း

မေဇင်ဦး(ဘ)ဦးသင်း၀င်း ၅/ယမပ(နိုင်) ၀၉၇၀၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MJ 103382)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၅၁၅၂၅၀၀

ပျောက်ဆုံးကြောင်း

ဓော်မင်းထက်(ဘ)ဦးဌေး၀င်း ၁၂/မဂတ (နိုင်)၁၀၁၇၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 367689)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

တစ်ဦးတည်းဖြစ်ပါကြောင်း

အထက(၅)ပုသိမ်မှ အထက်တန်းပြဆရာမ နမ့်စန္ဒာစိမ်း ၁၄/ပသရ(နိုင်)၀၈၅၄၈၂ ကိုင်ဆောင်သူ ဒေါ်နန့်စန္ဒာစိမ်း(ခ)နမ့်စန္ဒာစိမ်း(ခ)နန့်စန္ဒာစိမ်း(ခ)မနန့်စန္ဒာစိမ်း(ခ)မစန္ဒာစိမ်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

နမ့်စန္ဒာစိမ်း(ခ)ဒေါ်နန့်စန္ဒာစိမ်း(ခ) နန့်စန္ဒာစိမ်း(ခ)မနန့်စန္ဒာစိမ်း(ခ)မစန္ဒာစိမ်း

ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်နေ မဇင်မာဦး(ဘ)ဦးခိုင်ထွေး ဂ/ပဓတ(နိုင်)၀၀၇၄၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၁၅၃၇

ပျောက်ဆုံးကြောင်း

ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့နေ နီနီခိုင်(ဘ)ဦးလှသန်း ဂ/ကတခ(နိုင်) ၂၀၇၈၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၀၆၆၈၅၁

ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ

COPPER 99.99%

SIGMA

CABLE & WIRE



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅၅

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART MANDALAY Wholesale - ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၉၆၁၀၀၈၈၀

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမန်နိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလိမိတက် ထုတ်ကုန်များ . . .



'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၁၁၄၇၃၀၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

မြဝတီဘဏ်လိမိတက်
MYAWADDY BANK LIMITED

Internet & Mobile Banking Services

- Account Transfer
- Mobile Topup (Phone Bill)
- Cardless ATM Withdrawl
- Remittance
- Credit Card Payment
- Tax Payment

"မှန်သည် မြန်သည် မြဝတီ"





~ (01) 2301421, 2317166 MPU UnionPay

Phone No : (01) 2301367, 2301368, 2301452, 2301378

ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလိမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd

ငါး/ပုစွန် မြင်မြင်အေးခဲထုတ်လုပ်ခြင်း (အသေးစိတ်ရုံ)



အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ



လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ



ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR

FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

ဩဂုတ်လတစ်လတာကာလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် နှစ်သိန်းနီးပါးတင်ပို့ထား

ရန်ကုန် စက်တင်ဘာ ၅

ယခုနှစ် ဩဂုတ်လတစ်လတာကာလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် နှစ်သိန်းနီးပါးတင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

ထိုသို့တင်ပို့ရာတွင် အမေရိကန်ဒေါ်လာ ၆၅ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၁၉၂၉၈၄ တန်တင်ပို့ခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံသို့ ဆန် ၆၂၁၀၂ တန်၊ ဆန်ကွဲ ၃၄၅၃၁ တန်ဖြင့် အများဆုံးတင်ပို့ထားကြောင်း သိရသည်။

ဩဂုတ်လတစ်လတာကာလအတွင်း ဆန်တင်ပို့ရာတွင် တရုတ်၊ ဖိလစ်ပိုင်၊ စပိန်၊ ပိုလန်အပါအဝင် နိုင်ငံပေါင်း ၃၃ နိုင်ငံနှင့် ဆန်ကွဲကို တရုတ်၊ အင်ဒိုနီးရှား၊ ပိုလန်၊ နယ်သာလန်၊ ဘယ်လ်ဂျီယံအပါအဝင် နိုင်ငံပေါင်း ၁၁ နိုင်ငံသို့ တင်ပို့ခဲ့ခြင်းဖြစ်သည်။ ဆန်နှင့်ဆန်ကွဲများကို အဓိကအနေဖြင့် ပင်လယ်ရေကြောင်းမှ တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးများမှလည်း တင်ပို့လျက်ရှိသည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ်က ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂ ဒသမ ၄၈၇ သန်း တင်ပို့နိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် တန်ချိန်သုံးသန်းတင်ပို့ရန် လျာထားကြောင်း သိရသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သည် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲများ တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် ပါဝင်သော တောင်သူများနှင့် Exporter ကုမ္ပဏီများ စနစ်တကျပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် Rice Export Zone များ သတ်မှတ်ဆောင်ရွက်နိုင်ရန် ဆွေးနွေးနေကြောင်း သိရသည်။

ဝါဝါ



ကြံခင်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်



ကြံခင်း စက်တင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို စက်တင်ဘာလ ၄ ရက်က အဆိုပါဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်တင်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကြံခင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မူမူသင်းက ကျေးရွာများ၏ဒေသထုတ်ကုန်များ၊ ဈေးကွက်လိုအပ်ချက်များ၊ လုပ်သားလိုအပ်ချက်များ၊ ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းလိုအပ်ချက်များကို ဆန်းစစ်ရွေးချယ်ပြီး ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုပညာရပ်များကို သင်ကြားပို့ချပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းတွင်သင်ကြားပို့ချမည့်သင်ခန်းစာများကိုရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက သင်တန်းသူများထံ သင်ထောက်ကူပစ္စည်းများပေးအပ်သည်။

အဆိုပါသင်တန်းကို ကြံခင်းမြို့နယ်အတွင်းရှိ သပြေပင်ဇင်းကျေးရွာ၊ ချောင်းခွကျေးရွာ၊ ချင်းမြောင်ကျေးရွာ၊ ပန်းပင်ကုန်းကျေးရွာ၊ ကြပ်ကွင်းကျေးရွာ၊ ကြံတောကျေးရွာနှင့် ပေါက်တောကြီးကျေးရွာတို့မှ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် လူသုံးကုန်ပစ္စည်းပြုလုပ်သည့်နည်းပညာများကို လုပ်ငန်းထူထောင်နိုင်သည်အထိ ငါးရက်ကြာသင်ကြားပေးမည်ဖြစ်ပြီး အမှန်တကယ်လုပ်ငန်းထူထောင်မည့်ထူးချွန်သူများအား မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

ချိုသန်းညွှန့်(ကျေးလက်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၅-၉-၂၀၂၅

ပိုင်ကျုံ	၂	ဒသမ	၅၀ လက်မ
ကျိုက်လတ်	၂	ဒသမ	၅၀ လက်မ
ကိုကိုးကျွန်း	၂	ဒသမ	၂၈ လက်မ
ဖြူး	၁	ဒသမ	၅၇ လက်မ
ကန်ကြီး	၁	ဒသမ	၅၂ လက်မ
ထောင့်			
ရွာငံ	၁	ဒသမ	၅၀ လက်မ
ရေး	၁	ဒသမ	၄၆ လက်မ
လှိုင်းဘွဲ့	၁	ဒသမ	၃၈ လက်မ
ငပုတော	၁	ဒသမ	၂၄ လက်မ
လှည်းကူး	၁	ဒသမ	၂၂ လက်မ
ထားဝယ်	၁	ဒသမ	၁၈ လက်မ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၉-၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကွေ့	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၉၄၅	၃၀၅၅	၃၀၂၅	၂၉၆၀	၃၀၆၅	၃၀၈၀	၃၀၉၅	၃၀၁၅	၄၇၀၅	၃၃၁၀	၃၀၃၀	၃၀၃၅	၃၀၀၅	၃၀၇၀	၃၀၉၀	၃၃၄၅
95 Ron	၃၀၁၀	၃၁၂၀	၃၀၉၀	၃၀၂၅	၃၁၃၀	၃၁၄၅	၃၀၆၀	၃၀၈၀	၄၇၆၀	၃၃၇၅	၃၀၉၅	၃၁၀၀	၃၀၇၀	၃၁၃၅	၃၁၅၅	၃၄၁၀
HSD (500 ppm)	၂၅၆၀	၂၆၇၅	၂၆၄၀	၂၅၇၅	၂၆၈၀	၂၆၉၅	၂၇၁၀	၂၆၃၀	-	၂၆၂၅	၂၆၅၀	၂၆၅၀	၂၇၂၀	၂၆၈၅	၂၇၀၅	၂၆၆၅
HSD (50 ppm)	၃၁၇၀	၃၂၈၀	၃၂၅၀	၃၁၈၅	၃၂၉၀	၃၃၀၅	၃၃၂၀	၃၂၄၀	၄၈၃၀	၃၅၃၅	၃၂၅၅	၃၂၆၀	၃၃၃၀	၃၂၉၅	၃၃၁၅	၃၅၇၀
HSD (10 ppm)	၃၁၇၀	၃၂၈၀	၃၂၅၀	၃၁၈၅	၃၂၉၀	၃၃၀၅	၃၃၂၀	၃၂၄၀	-	၃၅၃၅	၃၂၅၅	၃၂၆၀	၃၃၃၀	၃၂၉၅	၃၃၁၅	၃၅၇၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၄၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၂၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၇၇၆	၂၈၆၅
95 Ron	၂၈၃၉	၂၉၂၉
HSD (500 ppm)	၂၄၀၄	၂၄၈၂
HSD (50 ppm)	၂၉၆၄	၃၀၈၃
HSD (10 ppm)	၂၉၆၄	၃၀၈၃

ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲမေးခွန်းနမူနာပုံစံများအား လေ့လာနိုင်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/cadets)နှင့် Myanmar National Portal (www.myanmar.gov.mm/documents) တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board
လျှောက်လွှာခေါ်ယူခြင်း
ကြော်ငြာစာအမှတ်၊ ၃/၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်)

၁။ ကျန်းမာရေးဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့(ရန်ကုန်ရုံးခွဲ)၊ အမှတ်(၆၅)၊ အဝေးရာလမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ် (သို့မဟုတ်)တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ လျှောက်လွှာဝယ်ယူ၍ ၃-၁၀-၂၀၂၅ ရက်နေ့နောက်ဆုံးထားပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့ လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှတစ်ဆင့်ပေးပို့လျှောက်ထားနိုင်ပါသည်-

(က) ကျန်းမာရေးဝန်ကြီးဌာန

စဉ်	ဌာန	ရာထူး	လစ်လပ်	ပညာအရည်အချင်း
(၁)	ကုသရေးဦးစီးဌာန	ဆရာဝန် (သစ်လွင်)	၂၂၉ နေရာ	ဆေးပညာဘွဲ့(M.B.,B.S.)
		ဆရာဝန် (သွားနှင့်ခံတွင်း)	၅၀ နေရာ	သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့(B.D.S.)
(၂)	အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန	ဦးစီးအရာရှိ (အစားအသောက်)	၄ နေရာ	ဆေးပညာဘွဲ့(M.B.,B.S.)
		ဦးစီးအရာရှိ (ဆေးဝါး)	၅ နေရာ	ဆေးပညာဘွဲ့(M.B.,B.S.)
		ဦးစီးအရာရှိ (ဓာတ်ခွဲ)	၄ နေရာ	ဆေးပညာဘွဲ့(M.B.,B.S.)

(ခ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရာထူး	လစ်လပ်	ပညာအရည်အချင်း
ဆရာဝန်	၁၇ နေရာ	ဆေးပညာဘွဲ့(M.B.,B.S.)
ဌာနစုမှူး/ ဦးစီးအရာရှိ (ဆရာဝန်)	၁ နေရာ	ဆေးပညာဘွဲ့(M.B.,B.S.)

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ၃-၁၀-၂၀၂၅ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာနအတွက် လျှောက်ထားသူများသည် ပြင်ပပဂ္ဂိုလ်အသက်(၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွက် လျှောက်ထားသူများသည် ပြင်ပပဂ္ဂိုလ်အသက်(၃၅)နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊

(ဂ) ဆရာဝန်(သစ်လွင်)/ဦးစီးအရာရှိ(အစားအသောက်/ဆေးဝါး/ဓာတ်ခွဲ)/ဆရာဝန်/ဌာနစုမှူး/ဦးစီးအရာရှိ(ဆရာဝန်)ရာထူးအတွက် ဆေးပညာဘွဲ့ (M.B.,B.S.) နှင့် ဆရာဝန်(သွားနှင့်ခံတွင်း) ရာထူးအတွက် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့(B.D.S.)နှင့် မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုခြင်းခံရသည့်သက်တမ်းကုန်ဆုံးခြင်းမရှိသေးသည့်အထွေထွေဆေးကုသခွင့်လိုင်စင် (ဆမ/သခ)ကိုင်ဆောင်ထားသူ(သို့မဟုတ်)အလုပ်သင်ဆရာဝန်ပြီးမြောက်သူများအနေဖြင့် လျှောက်ထားချိန်တွင် အလုပ်သင်ဆရာဝန်ပြီးမြောက်ကြောင်း ထောက်ခံစာတင်ပြနိုင်သူဖြစ်ရမည်ဖြစ်ပြီး မိတ္တူများကို လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရမည်၊

(ဃ) ကုသရေးဦးစီးဌာန၊ ဆရာဝန်(သစ်လွင်)/ဆရာဝန်(သွားနှင့်ခံတွင်း) ရာထူးအတွက်လျှောက်ထားသူများသည်-

- စတင်တာဝန်ထမ်းဆောင်သည့်ဆေးရုံတွင် သတ်မှတ်ကာလပြည့်အောင် တာဝန်ထမ်းဆောင်ပြီးပါက အခြားလုပ်ငန်းလိုအပ်ချက်ရှိသောဆေးရုံများသို့ နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊
- ဆေးပညာမဟာသိပ္ပံဘွဲ့လွန်စာမေးပွဲဖြေဆိုခွင့်ကို ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်သက်သတ်မှတ်ချက်နှင့်အညီ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်၊

(င) အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဦးစီးအရာရှိ(အစားအသောက်/ဆေးဝါး/ဓာတ်ခွဲ)ရာထူးများအတွက် လျှောက်ထားသူများသည်-

- အသားတင်လုပ်သက်(၃)နှစ်ပြည့်အောင်နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊
- ဦးစီးအရာရှိ(အစားအသောက်/ ဆေးဝါး/ ဓာတ်ခွဲ)ရာထူးများအတွက် လုပ်သက်(၃)နှစ်ကာလအတွင်း အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့်သက်ဆိုင်သော ဆေးပညာမဟာသိပ္ပံဘွဲ့လွန်စာမေးပွဲကိုသာ ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်သက်သတ်မှတ်ချက်နှင့်အညီ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး ဆေးပညာမဟာသိပ္ပံဘွဲ့သင်တန်းအောင်မြင်ပြီးနောက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် အနည်းဆုံးလုပ်သက်(၃)နှစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

(စ) ကျန်းမာရေးဝန်ကြီးဌာနအတွက် အလုပ်သင်ဆရာဝန်/အလုပ်သင်(သွားနှင့်ခံတွင်း)ပြီးမြောက်ကြောင်းထောက်ခံစာဖြင့် လျှောက်ထားသူများသည် အလုပ်ခန့်အပ်ခြင်းခံရပြီး စတင်တာဝန်ထမ်းဆောင်ကြောင်းသတင်းပို့ချိန်တွင်(ဆမ/သခ)ထုတ်ပေးရန် ထောက်ခံချက်ပေးမည်ဖြစ်ပါသည်၊

(ဆ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ အထက်စာပိုဒ်(၁)ပါ ကျန်းမာရေးဝန်ကြီးဌာနအတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၁၀ နည်းဥပဒေခွဲ(၈)အရ ရာထူးမှထုတ်ပယ်ခံရသူများလျှောက်ထားလာပါက လက်ခံရယူလိုခြင်းမရှိပါကြောင်းနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွက် ရာထူးမှထုတ်ပယ်ခံရသူများ လျှောက်ထားလာပါက လက်ခံရယူလိုခြင်းရှိပါကြောင်းဖော်ပြထားပါသည်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှအပ ကျန်းမာရေးဝန်ကြီးဌာနအတွက် ရာထူးမှထုတ်ပယ်ခံရသူများလျှောက်ထားလာပါက ရွေးချယ်ပေးမည်မဟုတ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၄။ ကြော်ငြာပါရာထူးအတွက် ရွေးချယ်ခြင်းခံရပါက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင်ဖွင့်လှစ်သည့် အရာထမ်းလောင်း(အထူး)သင်တန်းများသို့ လတ်တလောတွင်တက်ရောက်စေခြင်းမပြုသေးဘဲ သက်ဆိုင်ရာဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းသစ်များအဖြစ် ဦးစွာခန့်အပ်တာဝန်ပေးအပ်သွားမည်ဖြစ်ပါသည်။

၅။ ကြော်ငြာပါလစ်လပ်ရာထူးများအတွက်(၂)မျိုးအထိသာ လျှောက်ထားခွင့်ရှိပြီး ရွေးချယ်ခြင်းခံရပါက မည်သည့်ရာထူးမဆိုတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅၀၀၀/-(ကျပ်ငါးထောင်တိတိ)ကို သီးခြားစီပေးသွင်း၍ ပေးသွင်းထားသည့်ချလန်(၂)စောင်ဖြင့် ပူးတွဲလျှောက်ထားရမည်ဖြစ်ပါသည်။

၆။ ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေ ၁၅ ကိုကျင့်သုံး၍ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းမပြုဘဲ စိတ်အခြေအနေနှင့်လူတွေ့စစ်ဆေးခြင်းကိုသာ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ စိတ်အခြေအနေနှင့်လူတွေ့စစ်ဆေးခြင်းဖြေဆိုရမည့်နေ့ရက်များကို တစ်ဦးချင်းစီသို့ စာဖြင့်အကြောင်းကြားပေးပို့မည်ဖြစ်ပါသည်။

၇။ လျှောက်ထားသူများအနေဖြင့် ကြော်ငြာခေါ်ယူသောရာထူးအလိုက် သတ်မှတ်ပညာအရည်အချင်းများနှင့် အသေးစိတ်အချက်အလက်များကို အချိန်မီသိရှိလိုပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်(တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၉၀၅၂၊ ၀၆၇-၃၄၀၉၉၃၀၊ ၀၉-၄၂၄၄၀၈၆၆၀၅၊ ၀၉-၇၉၇၇၂၇၆၉၆၊ ၀၉-၂၆၂၅၀၂၉၈၈ နှင့် ၀၉-၄၀၅၁၁၁၀၄၀)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၈။ ကြော်ငြာပါရာထူးတွင် တာဝန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ သီးခြားစည်းကမ်းချက်များ သိရှိလိုပါက ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ (ဖုန်း၊ ၀၆၇-၃၄၁၁၃၉၀၊ ၀၆၇-၃၄၁၁၆၂၁)သို့လည်းကောင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စပယ်အိမ်ရာရှေ့၊ ပြည်ကြီးဇေယျာလမ်း၊ ဇေယျသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊(ဖုန်း၊ ၀၆၇-၃၄၀၃၈၄၇၊ ၀၆၇-၃၄၀၃၅၅၈၆)သို့လည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန၊(ဖုန်း၊ ၀၆၇-၃၄၁၄၉)၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ (ဖုန်း၊ ၀၆၇-၅၅၀၁၅၁)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အမည်ပြောင်း
သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ ငါးကြီးအင်းရပ်ကွက်နေ (ဘ)ဦးအောင်ထွန်းကြည် ၃/ဘအန(နိုင်)၀၁၄၉၅၈ ၏သမီး မယဉ်မင်းထွန်း၁၀/သထန(နိုင်)၁၀၄၃၀၇အား မယဉ်မင်းအေးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မယဉ်မင်းအေး**

ဖခင်အမည်မှန်
သထုံမြို့နယ်၊အ.ထ.က ကျိုက္ကော်Grade-12 (B) STEAMS-2 တွင် တက်ရောက်သင်ကြားနေသော (က-၉၆၉၁)နော်မျိုးရတနာချောု၏ဖခင်အမည်မှန်မှာ ဦးနေမျိုး ၃/ဘအန(နိုင်) ၃၈၇၂၉၃ဖြစ်ပါကြောင်း။ **ဦးနေမျိုး**

တစ်ဦးတည်းဖြစ်ပါကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ဧလွန်မြို့နယ်၊ သက္ကယ်ကျွန်းကျေးရွာမှ မအေးရတနာ ၁၄/ဧလန(နိုင်)၁၉၅၉၃၂ ၏ဖခင် ဦးအစိုး(ခ) ဦးမြင့်စိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးအစိုး(ခ)ဦးမြင့်စိုး**

ဖခင်အမည်မှန်
လားရှိုးမြို့၊အမှတ်(၈)မူလတန်းလွန်ကျောင်းမှ ဒေါ်နုန်းငွေစိန် ၁၃/လရန(နိုင်)၀၂၅၀၃၀၆ ၏ဖခင် ဦးအိုက်ဆိုင်(ခ)ဦးပူလွယ်ဆိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးအိုက်ဆိုင်(ခ)ဦးပူလွယ်ဆိုင်**

ပျောက်ဆုံးကြောင်း
အိုက်ကျိုင်း(ဘ)ဦးအိုက်လွတ် ၁၃/မဖန(နိုင်) ၀၃၁၈၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MD 118893)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၄၀၁၂၄၃၃**

တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံမြို့ ရပ်ကွက်(၄)နေ ဒေါ်မေရီ၁၃/ဆဆန(နိုင်)၀၂၉၆၅၃ ၏ဖခင်ဦးဆန်းခမ်းထောင်(ခ)ဦးထန်းခမ်းဒေါင်နှင့် ဦးထန်ခန်းဒေါင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးထန်ခမ်းထောင်(ခ) ဦးထန်းခမ်းဒေါင်(ခ)ဦးထန်ခန်းဒေါင်**

တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံမြို့၊ နော်ကုန်အုပ်စု၊ ကျိုင်းလိတ်ရွာနေ ဒေါ်မူမူအေး ၁၃/ဆဆန(နိုင်)၀၂၉၆၅၂ ၏ဖခင် ဦးထန်ခမ်းထောင်(ခ)ဦးထန်ခန်းထောင်နှင့် ဦးထန်ခန်းဒေါင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးထန်ခမ်းထောင်(ခ)ဦးထန်ခန်းထောင်(ခ) ဦးထန်ခန်းဒေါင်**

ပျောက်ဆုံးကြောင်း
မသီတာဦး(ဘ)ဦးသိန်းအောင်၁၀/လမန(နိုင်)၀၀၂၅၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၈၂၀၀၀၇**

ပျောက်ဆုံးကြောင်း
တင်လှ(ဘ)ဦးပြိမ်း ၁၀/ကမရ(နိုင်)၀၃၀၂၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၇၃၃၉၄၇၃၃**

ပျောက်ဆုံးကြောင်း
မောင်သိန်းလွင်(ဘ)ဦးအေးမြင့် ၁၀/မဒန(နိုင်)၂၃၃၃၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၇၀၅၁၂၉၇၃**

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ပျောက်ဆုံးကြောင်း
အေးမင်း၀င်း(ဘ)ဦးတင်ရွှေ့ ၆/မအရ(နိုင်)၁၁၁စ၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၉၆၅၁၂၅၂**

ပျောက်ဆုံးကြောင်း
စိုးတင့်(ဘ)ဦးချစ်မောင် ၁၂/တကန(နိုင်)၁၂၆၀၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၁၀၆၅၅၀**

ပျောက်ဆုံးကြောင်း
တည်တံ့အောင်(ဘ)ဦးအောင်ဇော်မိုး ၁၂/မဂတ(နိုင်)၁၁၇၄၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၀၁၂၄၈၇၉**

ကယားပြည်နယ်စည်ပင်သာယာဈေးများဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်

လွိုင်ကော် စက်တင်ဘာ ၅

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စည်ပင်သာယာဈေးများဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နောင်ယားဈေးသို့ရောက်ရှိပြီး နောင်ယား(က)နှင့် နာနတ်တောရပ်ကွက်နေပြည်သူများ၊ စုပေါင်းဝန်ထမ်းအိမ်ရာနေဝန်ထမ်းမိသားစုများ အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ အဆင်ပြေချောမွေ့စွာဝယ်ယူနိုင်ရန် အကြမ်းဖက်သောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နောင်ယားဈေး ပြန်လည်ဖွင့်လှစ်နိုင်ရေး စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဈေးဆိုင်ခန်းရှင်များနှင့် ဆက်သွယ်၍ စနစ်တကျ ပြန်လည်ဖွင့်လှစ်ရောင်းချနိုင်ရေး ဆောင်ရွက်သွားရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ရောက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ခရိုင်ဦးစီးမှူးရုံး အဆောက်အအုံပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးမှုကိုလည်း ကောင်း၊ သံကူကွန်ကရစ်အမျိုးအစား စိုက်ပျိုးရေးပစ္စည်းသိုလှောင်ရုံဆောက်လုပ်နေမှုကိုလည်းကောင်း၊ ဒေါ်ဥခူရုပ်ကွက်ရှိ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲအုတ်ညှပ်တစ်ထပ်တည်ဆောက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးနှင့်သတ်မှတ်ကာလပြီးစီးရေး ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ဒေါ်ဥခူပရိယတ္တိစာသင်တိုက် သို့သွားရောက်ကာ ကျောင်းတိုက်အတွင်း ဆရာတော်သီတင်းသုံးဆောင်၊ စာသင်သံဃာတော်များသီတင်းသုံးသည့် သုံးထပ်ကျောင်းဆောင်၊ ကျောင်းတိုက်ဓမ္မာရုံ၊ နှစ်ထပ်ဆွမ်းစားဆောင်နှင့် သိမ်ကျောင်းဆောင်အဆောက်အအုံများ ပြုပြင်တည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဝါတွင်းကာလတွင် ဥပုသ်သီလများ လာရောက်ဆောက်တည်နိုင်ရန်နှင့် သီတင်းကျွတ်ကာလတွင် ဘာသာရေးပွဲတော်များ ကျင်းပနိုင်ရန်အတွက် ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ သတ်မှတ်ချိန်အမီ ပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

ခင်စောတင့်

ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၅

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လူပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကိုပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၈၁၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူငါးဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် အပျက်အစီးရှင်းလင်းရေးနှင့် ရှာဖွေကယ်ဆယ်ရေးများအား ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်းပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၇၈ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်တွင်း၊ ပြည်ပမှစေတနာရှင်၊ အလှူရှင်များ၏ ကူညီထောက်ပံ့လှူဒါန်းပေးမှုများဖြင့် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ

တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာလ ၂ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့၊ အင်ဂျန်ဒုံ (မြောက်) ရပ်ကွက်ရှိဂိုဒေါင် (၁)လုံးအတွင်းမှတရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၃၁ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်အတွင်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၈)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၈၃၃၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Giga Truck (၁)စီး၊ Mitsubishi Fuso Truck (၁)စီး၊ Hinthar Truck (၁)စီး၊ Nissan Diesel Truck (၂)စီး၊ Howo Tractor Head (၂)စီး၊ Nissan Diesel Tractor Head (၂)စီး၊ Hino Tractor Head (၁)စီး၊ Hyundai Tractor Head (၁)စီး၊ Shacman Tractor Head (၁)စီး၊ Dong Feng Tractor Head (၁)စီး၊ Hino Profia Truck (၁)စီး၊ Scania Tractor Head (၁)စီး၊ Man Tractor Head (၁)စီး၊ DAF Tractor Head (၁)စီး၊ Mitsubishi Tractor Head (၁)စီး၊ Nissan UD Tractor Head(၁)စီးနှင့် နောက်တွဲယာဉ် (၁၃)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ဘားအံမြို့၊ ခရဲကမ်းနားကျေးရွာအနီး၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၈)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ်၅၉၈၉၃၁၉၄) နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck (၁)စီး၊ Man Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၃၆၂၂၄၈၁)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် **စက်တင်ဘာလ ၂ ရက်**တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ်အတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၂၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၁၃၆၃၀၀)**ကို ဖမ်းဆီးရမိအရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာလ ၃ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၅၈၉)တန်၊ အခြားသစ်(သုည ဒသမ ၉၁၈)တန် **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၄၂၁၃)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တော ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာလ ၂ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပခုက္ကူမြို့နယ်၊ အောင်လံမြို့နယ်၊ မင်းဘူးမြို့နယ်နှင့် သရက်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၄)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ သရက်ခရိုင်၊ ကံမမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် (၁ ဒသမ ၆၀၆)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၀၀)ကို သစ်တော ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၇၀၀၀၀)**ကို ဖမ်းဆီးရမိအရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ **စက်တင်ဘာလ ၂ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သာပေါင်းမြို့နယ်အတွင်း၌ တရားမဝင် သစ်မာ (၁ ဒသမ ၇၉၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၆၀၀၀)ကို သစ်တော ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၆၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၃၀ ရက်**တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ကူသပိတ်ကျေးရွာ၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်နှင့် ဗမ္မာသီရိမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၁၈၀) တန်၊ အခြားသစ် (၂ ဒသမ ၈၉၈)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၈၃၅၄)ကို သစ်တော ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၈၃၅၄)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာလ ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွာငံခရိုင်၊ မြို့ကြီးအနီး၌ မော်တော်ယာဉ်(၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၅၀)မျိုး၊ လူသုံးကုန်ပစ္စည်း (၁၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၉၉၈၅၁၃၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး၊ Hino Ranger Truck (၁)စီး၊ Pyay Truck (၁)စီး၊ Man Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၀၀၀၀၀၀)ကိုလည်းကောင်း၊ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁)မျိုး၊(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၂၅၀၀)နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Dyna (၁)စီး၊ Sang Da Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ် (ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၃၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၇၄၉၈၉၄)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၇၆၈၅၅၀၄)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်လ ၃၀ ရက်၊ ၃၁ ရက်၊ စက်တင်ဘာလ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၁၁)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၁၅၄၄၂၆၃၇၂)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

❖ တိုင်းပြည်တစ်ပြည်တိုးတက်ရေး၏ အခြေခံလိုအပ်ချက်မှာ ပညာတတ်များ ပေါကြွယ်ဝခြင်းပင်ဖြစ်ပါသည်။ သို့ဖြစ်ပေရာ အသိပညာ၊ အတတ်ပညာပြည့်စုံသော လူသားအရင်းအမြစ်များ ပျိုးထောင်နိုင်ရေးအတွက် လူတိုင်း အနည်းဆုံး KG+9 ပြီးမြောက်အောင်မြင်ရန် မသင်မနေရပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိပါသည်။ KG+9 တက်ရောက်အောင်မြင်ပြီးပါက အခြေခံပညာစိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများသို့ တက်ရောက်နိုင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များသို့ ဆက်လက် တက်ရောက်ပညာသင်ယူခွင့်ရရှိမည်ဖြစ်ပါသည်။...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)


❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စီချမ်းပြည်နယ် ပါတီအတွင်းရေးမှူးနှင့်တွေ့ဆုံဆွေးနွေး

စီချမ်းပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စီချမ်းပြည်နယ်ပါတီအတွင်းရေးမှူး Mr. Wang Xiaohui နှင့်တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် စက်တင်ဘာ ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီချမ်းပြည်နယ်၊ ချန်ဇူးမြို့တွင် အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန်ညနေ ၆ နာရီအချိန်တွင် စီချမ်းပြည်နယ်ပါတီအတွင်းရေးမှူး Mr. Wang Xiaohui နှင့် Jin Jiang Hotel ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ **စာမျက်နှာ ၅ ကော်လံ ၁ ❖**

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်အတွင်းရှိ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ် ဧရိယာပြင်ဆင်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ မေလတွင်ပြဋ္ဌာန်းထားသည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော အခွင့်အာဏာများကို **စာမျက်နှာ ၁၅ ကော်လံ ၁ ■**

ကမ္ဘာ့အင်အားချိန်ခွင်လျှာကိုထိန်းညှိပြီး ကမ္ဘာကြီးတည်ငြိမ်အေးချမ်းရေးအတွက် အရေးပါလာမယ့် တရုတ်နိုင်ငံရဲ့စစ်ရေးပြအခမ်းအနားမှ ဂုဏ်ယူဖွယ်ရာစစ်လက်နက်ပစ္စည်းများ - (၂)

နိုင်ငံတကာဆောင်းပါး စာ - ၂၂ သို့

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့နယ်တွင် ငွေကျပ် ၃ ဒသမ ၃၆ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၄၂၀ ကီလို ဖမ်းဆီးရမိ

စာ - ၂၆ သို့